
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၅၈၅၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၆၆၇၀၆၀၇

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၇

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော်
(စွယ်တော်ပုံနှိပ်တိုက်)
အမှတ်(၁၄၇)၊ ၅၁-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ
၅၀၀

တန်ဖိုး ။ ၉၀၀ ကျပ်

# ပဍ္ဍမံဒီရှိုင်း

တဍ္ဍေဆရာအလွဲ

Printed in Yangon 2007

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် : ၅၀…

မျက်နှာဖုံးခွင့်ပြုချက်အမှတ် : ၅၀…

ပုံနှိပ်ခြင်း :

တစ္ဆေး သရဲ ပရလောကကို

ယုံကြည်သူ လူငယ်တစ်ဦး

မထင်မှတ်ဘဲ

'တစ္ဆေဆရာလုပ်နည်းကျမ်း' စာအုပ်ကို

ကောက်ရခဲ့ပြီးသည့်နောက်မှာတော့ ...

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်ခြင်းမှာ
ထိတ်လန့်မှုဆိုတာ ရှိရဲ့၊
အဲဒါကိုပဲ
အရသာခံနေတာ
နှောင့်ယှက်သူက ရှိရဲ့၊
ဟူး ...
ငါ့ကြောက်ရွံ့မှုတွေ ဘယ်ခါပြန်ရပဲ့။

(၁)

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည်။ စာမေးပွဲနီးလာပြီဖြစ်သဖြင့် စာကျက်ရတာ အိမ်မှာကောင်းကောင်း ကျက်လို့မရ။ အမြဲတမ်း ဆူညံလို့နေသည်။ ဤသို့ဖြင့် စာကျက်လို့ကောင်းမည့်နေရာ လိုက်ရှာသော အခါ ကျွန်တော်တို့မြို့အစွန်တွင် အိမ်အိုကြီးတစ်လုံးကို တွေ့မိသည်။

ဖြစ်ချင်တာဖြစ် ထိုအိမ်အိုကြီးမှာပဲ စာကျက်မည်ဟု ကျွန်တော်က ဆုံးဖြတ်လိုက်သည်။ အိပ်ရာလိပ်တွေ၊ စာအုပ်တွေ၊ အဝတ်အစားတွေကို အိတ်ကြီးတစ်အိတ်ထဲမှာထည့် ... စက်ဘီးပေါ်တင်ပြီး မြို့စွန်ရှိ အိမ်အိုကြီးဆီသို့ ကျွန်တော်ထွက်လာခဲ့သည်။

အိမ်အိုကြီးနှင့် မနီးမဝေးတွင် ရှိသော စတိုးဆိုင်ငယ်လေး တစ်ဆိုင်ရှေ့မှာ ကျွန်တော်က စက်ဘီးကို ရပ်လိုက်သည်။ ဆိုင်ပိုင်ရှင် အဘွားကြီးက ဆိုင်ထဲမှထွက်လာပြီး ...

"ဘာဝယ်ချင်လို့လဲ ..."

"ဟောဟိုက အိမ်အိုကြီးမှာ ပိုင်ရှင်ရှိလား ... တကယ်လို့ရှိရင် တစ်လလောက် ကျွန်တော် ငှားချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ဆိုင်ရှင် အဘွားကြီး ထိတ်လန့်သည့် အမူအရာမျိုး ဖြစ်သွားသည်။

"အဲဒီအိမ်ကြီးမှာ မင်းက တစ်လကျော်ပြီး နေမလို့ ဟုတ်လား"

"ဟုတ်ပါတယ် ... စာမေးပွဲနီးတော့ ကျွန်တော် စာကျက်ချင်လို့ပါ"

"အဲဒီအိမ်ကြီးမှာ ဘယ်သူမှ မနေဘူးကွဲ ... ငှားစရာ မလိုဘူး၊ မင်း နေရဲရင် နေလို့ရပါတယ် ..."

ဆိုင်ရှင်အဘွားကြီးစကားကြောင့် ကျွန်တော်က ...

"ဘာဖြစ်လို့ဒီအိမ်ကြီးမှာ လူတွေမနေကြတာလဲ ... ကျွန်တော်က ဘာလို့ မနေရဲရမှာလဲ ..."

"အဲဒီအိမ်ကြီးက ခေတ်အဆက်ဆက် သရဲခြောက်တာ ... ဒါကြောင့် ဘယ်သူမှ မနေရဲတာ ..."

"ဘာ ... ဒီအိမ်ကြီးက သရဲခြောက်တယ် ဟုတ်လား ..."

"ဟုတ်တယ်ကွဲ ... သရဲခြောက်တဲ့အိမ်ကြီးပေါ့"

ကျွန်တော်က လှမ်းမြင်နေရသော အိမ်ကြီးသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

၁၁ၜၜ



"မင်းသိန်းရေ ... ခင်းသိန်း ..."

"ကိုမင်းသိန်း ..."

သွားပြီ။ ကျွန်တော့် အာရုံခံစားမှုတွေ ပျက်သုန်းပြီ၊ အခုမှ ဓာတ်လမ်းက စပြီး ပျိုးနေတုန်းရှိသေး။ အိမ်ရှေ့ကနေ လှမ်းအော်တဲ့ အသံတွေကြောင့် ကျွန်တော် စိတ်ပျက်သွားပါသည်။

ဒါနဲ့ပဲ ဖတ်လက်စ 'ဘရမ်စတုတ်ကား' ရဲ့ ထိတ်လန့်စရာဝတ္ထုတို စာအုပ်ကို စားပွဲပေါ် ပစ်ချလိုက်ပါသည်။

"ဘာကိစ္စလဲကွာ ... မင်းတို့ကလည်း ဒီမှာ စာအုပ်က ဖတ်ကောင်းတုန်း ရှိသေး"

ကျွန်တော်က အိမ်ပေါ်ကို ရောက်လာသည့် ဘိုထွန်းနှင့် ဖိုးသားကို ပြောလိုက်ပါသည်။

"ဒီမှာ မင်းသိန်းရာ ... မင်းကလည်းကွာ မကြီးမငယ်နဲ့ ဒီလို သရဲဝတ္ထုတွေ ဖတ်ရတယ်လို့"

စားပွဲခုံပေါ် ချထားသော စာအုပ်မျက်နှာဖုံးကို ကြည့်ရင်း ဘိုထွန်းက မြစ်တင်စကား ဆိုလိုက်သည်။ ဒါပေမဲ့ ဖိုးသားက စားပွဲခုံပေါ်က စာအုပ်ကို ကောက်ကိုင်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းသိန်း ... ဒီစာအုပ်က ကြောက်စရာတွေ တော်တော်ပါလား ဖတ်ပြီးရင် ပြောပြဗျာ ..."

ဖိုးသားစကားကြောင့် မင်းသိန်းက သူ ဖတ်နေခဲ့သည့် စာအုပ်ကို ဖိုးသားလက်ထဲက ယူလိုက်ရင်း ...

"ပြောပြရမှာပေါ့ကွာ ... ဒီစာရေးဆရာက ... ဒရက်ကူလာ သွေးစုပ်ဖုတ်ကောင်စာအုပ်နဲ့ ကမ္ဘာကျော်ခဲ့တာ ... ဖရန့်စစ်ကော်ပိုလာက တောင် ရုပ်ရှင်ရိုက်ပြီး အော်စကာဆု ရပါရောလား ..."

"ဒါဆို ကြောက်စရာကောင်းမှာပေါ့ ..."

"ကြောက်စရာကောင်းသလို ... သနားစရာလည်း ကောင်းတာပေါ့ ဖိုးသားရာ ..."

မင်းသိန်း ပြောသည့်စကားကို ဖိုးသားက အလေးအနက် နားထောင်နေတာ အနီးအနားမှာရှိနေတဲ့ ဘိုထွန်းက မကျေမနပ်တဲ့ အမူအရာနှင့် ...

"မင်းတို့ဟာကလည်းကွာ ... မဟုတ်မဟတ်တွေကို အဟုတ် လုပ်နေတယ် ... စာရေးဆရာက ရေးချင်သလိုရေးပြီး ထုတ်တဲ့ဟာကို မင်းတို့ ပြောချင်ရင် နောက်မှပြော ... အခု လာမဲ့တန်ဆောင်တိုင်မှာ လမ်းမှာ မီးထွန်း၊ ကထိန်ပွဲအတွက် အစည်းအဝေးကော အလှူခံကောရှိလို့ လာပြောတာ ... နေ့လယ် လမ်းထိပ်မွှာရုံကို လာဖြစ်အောင်လာခဲ့ ..."

ဘိုထွန်းက မင်းသိန်းကို ပြောနေရင်း ဘာသတိရသွားသလဲ မသိ။ တစ်ချက် ပြုံးလိုက်ရင်းမှ ...

"ဟေ့ကောင် ပြောရဦးမယ် ... ခင်မေဦးကို ဒီနေ့ ဟိုဘက်ရပ်ကွက်က သန်းဝင်း စကားလိုက်ပြောတာ ငါ တွေ့ရတယ်၊ မင်း ကြည့်လုပ်ဦးနော်၊ သူများနောက် ပါသွားမယ် ..."

"ဒါလား ဘိုထွန်းရာ ... သူက အပျိုပဲဟာ ... ငါက သူ့ကို စကားလိုက်ပြောပြီး မေတ္တာတောင်းခံသလို ကျန်တဲ့သူလည်း ငါ့လို လူပျိုဆို မေတ္တာတောင်းခံနိုင်တာပဲ ... ဘာဖြစ်လဲ"



"ဘာမှ မဖြစ်ဘူးဟေ့ ... မင်း ကျန်ရစ်ဖြစ်နေမှာစိုးလို့ကွ"

ဘိုးထွန်းက ဖိုးသားဘက်ကို လှည့်ပြီး ...

"ဖိုးသား သွားမယ် ... ကိုအုန်းကျော်တို့ ကျော်ကြီးတို့ကိုပါ လိုက် ပြောရဦးမှာ"

အိမ်ပေါ်ကနေ ဘိုထွန်းနှင့် ဖိုးသားတို့က ဆင်းသွားသည်။

ကျွန်တော်က လက်ထဲမှာကိုင်ထားသော စာအုပ်ကိုစားပွဲပေါ် ပြန်ချထားလိုက်ပါသည်။

စောစောက စာဖတ်ရင်း ဘာဆက်ဖြစ်မလဲ ဆိုတဲ့ အသည်းတထိတ်ထိတ် ကြောက်ရွံ့မှုမျိုးကို အခုနေ စာပြန်ဖတ်ရင် ဘယ်လိုမှမရနိုင်။

နှမြောမိပါရဲ့ ...။ ဒါ ဘိုထွန်းကြောင့် ဖြစ်ရတာ။ အဲ ... တစ်ဆက်တည်းဆိုသလို ခင်မေဦးကို ကောက်ကာငင်ကာ သတိရမိသွားပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောမဲ့သာ ပြောတာပါ။ ခင်မေဦးကို သတိမရဘဲနဲ့လည်း မနေနိုင်ပါဘူး။

ဘာဖြစ်လို့လဲဆို ... ခင်မေဦးကို ကျွန်တော်က ချစ်ပြီး မေတ္တာတောင်းခံထားတာကိုး။

စကားအဖြစ်သာ ဘိုထွန်းကို ပြောလိုက်ရတာ ... ဘယ်လိုလို့ ကိုယ်မြတ်နိုးသူကို တစ်ပါးသူလက်ထဲ ဘာဖြစ်လို့ ပေးရမှာလဲ။

ကိုယ်က အချစ်ဝေသန္တရာမှ မဟုတ်တာ ... ။

စာအုပ်တွေဆိုတာ
အသုံးချတတ်မယ်ဆို
တစ်ခါတလေမှာ
'ဂွင်' တည့်သွားတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ရပ်ကွက်ဓမ္မာရုံထဲမှာ လုပ်တဲ့အစည်းအဝေးက သိပ်မကြာ။ နှစ်စဉ်လုပ်နေကျမို့လို့ အထွေအထူး ဘာမှမရှိ။ အားလုံး ကိုယ့်ကိစ္စ ကိုယ်လုပ်ဖို့ တာဝန်အသီးသီး ယူကြဖို့ ဆွေးနွေးခြင်းပင် ဖြစ်ပါသည်။

"ကထိန်လှည့်တာတို့ ... နီဗွာန်ဈေးလုပ်တာတို့ကို သေသေချာချာလုပ်ကွာ ... မနှစ်က ဟိုဘက်ရပ်ကွက်က နိဗ္ဗာန်ဈေးလုပ်သလို မလုပ်နဲ့၊ မဲတစ်ပြားရဖို့ လာစောင့်နေတဲ့လူတွေကို ကိုယ့်ဘာသာ ရေးချင်တဲ့ မဲနံပါတ်ပြားရေးပြီး လျှောက်ပေးတာ လူတွေက မဲပြားကိုင်ပြီး အိမ်တွေလျှောက်ရှာတာ တစ်အိမ်မှမတွေ့တော့ ဒေါသတွေ ဖြစ်ကုန်ရော ... ဒါမျိုး မဖြစ်စေနဲ့ကွာ ..."

လမ်းရဲ့ သာယာရေးကော်မတီဥက္ကဋ္ဌ လူပျိုကြီး ကိုအုန်းကျော်က အထက်ပါအတိုင်း ညွှန်ကြားချက်တွေ တစ်သဝေမတိမ်း ပေးပါတော့သည်။

"ပြီးတော့ ... ကက်ဆက်ဆောင်းဘောက်တွေကို တစ်လမ်းနဲ့တစ်လမ်း အပြိုင်အကျယ်ကြီးမဖွင့်နဲ့ ... ရပ်ကွက်ကထိန်နဲ့ လမ်းကထိန်

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ ကက်ဆက်ဆောင်းဘောက်ပြိုင်ပွဲ လုပ်နေတာမဟုတ်ဘူး”

ကိုအုန်းကျော်က သူ့စကားကို ခေတ္တရပ်တန့်ရင်း ဟိုကြည့်ဒီကြည့် လုပ်နေတာကို ဘေးနားမှာရှိနေတဲ့ ကျော်ကြီးက သတိထားမိတယ် ထင်ပါရဲ့။

“ရော့ ... ကိုအုန်းကျော်၊ ရေနွေးလေး သောက်လိုက်ပါဦး ... ညွှန်ကြားရတာ မောနေမယ် ...”

ကိုအုန်းကျော်က ကျော်ကြီး ငှဲ့ပေးတဲ့ ရေနွေးကို သောက်လိုက်ပြီးနောက် ...

“နောက်ထပ် မှာစရာရှိတာက ကိုယ့်လူသူလူ မခွဲခြားဖို့ပဲ ... ပြီးတော့ မဲပြားကိစ္စတွေမှာ ကိုယ်က လုပ်တာက နိဗ္ဗာန်ဈေး၊ ကိုယ်ချည်းကောင်းတဲ့ အိမ်တွေယူထားလို့က နာမည်ပျက်တယ် ... ဒီတော့”

ကျွန်တော် နည်းနည်းတော့ နားညည်းလာပါသည်။

“ဒီမှာ ကိုအုန်းကျော် ... ဒီကိုလာတာ ခင်ဗျားရဲ့ ဩဝါဒ နာကြားဖို့ မဟုတ်ဘူး ... ခင်ဗျားဟာက ရေပက်မဝင် ကျွန်တော်တို့ကို ဆုံးမစကား ဆိုသလို ဖြစ်နေပြီ ...”

ကျွန်တော့်စကားကြောင့် ကိုအုန်းကျော်က ...

“မဟုတ်ပါဘူးကွာ ... ငါက သာယာရေးကော်မတီ ဥက္ကဋ္ဌဆိုတော့ ဖြစ်တတ်တာတွေကို ပြောတာပါ ... မင်းကလည်းကွာ စိတ်မဆိုးပါနဲ့ ...”

“ဟုတ်တယ် ကိုအုန်းကျော်ကြီးရာ ... ခင်ဗျားဗျာ ဓမ္မာရုံထဲက ဘုရားဆင်းတုတော်ကို ကျောပေးပြီး ဒီလိုပြောတာ ဘုရားဆင်းတုတော်ကို မရိုသေရာ ကျနေတယ် ...”

ဘိုထွန်းကလည်း မကျေမနပ်တဲ့ လေသံနဲ့ ပြောလိုက်ပါသည်။

“ဒါပဲ မဟုတ်လား ... ကျွန်တော်တို့ ပြန်မယ် ...”

ကျွန်တော်လည်း ထိုင်ရာမှထကော ... ကျန်တဲ့သူတွေပါ ထိုင်ရာကနေ ထလိုက်ပြီး ဓမ္မာရုံထဲကနေ ထွက်လာကြပါသည်။

ဓမ္မာရုံထဲမှာတော့ ... ကိုအုန်းကျော်နှင့် ရပ်တော်မူဘုရားဆင်းတု



တော်၊ ထိုင်တော်မူ ဘုရားဆင်းတုတော်နှင့် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရုပ်ပွားတော်တွေသာ ကျန်ခဲ့ပါသည်။

ပြောမကောင်းလို့ ... ။ နို့မို့ဆို ကိုအုန်းကျော်ကြီးက ဆင်းတုတော်တွေကိုတောင် သူက ပြန်ပြီး ရှင်းပြချက်တွေ ပေးချင်ပေးနေဦးမှာ။

www.burmeseclassic.com



ဟိုးအဝေးဆီက … အလှူခံမဏ္ဍပ်ကနေ ဆုတောင်းသံတွေကို ကျွန်တော်တို့ ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ထဲကနေ ကြားနေရသည်။ ကျွန်တော်တို့တွေလည်း မြောက်ရုံကနေ ပြန်လာပြီးကတည်းက လေကောင်း နေတာ အခုထက်ထိ စကားဝိုင်းက မပြီးသေးဘူး။ နေတောင် နည်းနည်း စောင်းလာပြီ။

"စုန်းအတတ်မှာက ခုနစ်ကြိုးရှိတယ် … အဲဒီပညာရပ်တွေက ခက်ခဲနက်နဲတာပေါ့ … "

ကျွန်တော့်စကားကို ကျော်ကြီးနဲ့ ဖိုးသားက စိတ်ဝင်တစား နားထောင်နေတုန်း ဘိုထွန်းက …

"ဒါဆို ဂစ်တာကြိုးမှာ ကြိုးခြောက်ချောင်းရှိတာကို စုန်းအတတ်ပညာ ခုနစ်ကြိုးက တုတာဖြစ်ရမယ် … "

"ဟောကောင် ဘိုထွန်း … မနောက်နဲ့ကွာ … ငါသိတာ ပြောပြမလို့ … "

ကျွန်တော် နည်းနည်းတော့ တင်းသွားပါသည်။ ဒီကောင် သိတာလည်း မဟုတ်ဘဲနဲ့ ဝင်နောက်နေလို့ပါ။

"ဒီစုန်းအတတ်ပညာရပ်တွေကို အထူးသဖြင့် အောက်လမ်းဆရာ



တွေက သိုက်တူးဖို့ သိပ်စိတ်ဝင်စားကြတယ် … အဲဒီစုန်းအတတ်တွေနဲ့ သိုက်တွေကို ရှာတာပဲ … နိုင်ငံခြားမှာဆို မင်းတို့လည်း ရုပ်ရှင်တွေ ဘာတွေ ကြည့်ဖူးမှာပေါ့၊ ဆော်လမွန်ဘုရင်ကြီးရဲ့ ရတနာသိုက်ကို ရှာတာတို့ ဘာတို့ပေါ့ကွာ … "

"ဟ … ဒါဆို ကိုမင်းသိန်း ငှက်သိုက်ရှာတာလည်း အောက်လမ်း အတတ်ပေါ့ ဟုတ်လား … "

ဖိုးသားက သူသိတဲ့အချက်အလက်ကို ပြောပြတဲ့အခါ ဘိုထွန်းနဲ့ ကျော်ကြီးက ပြိုင်တူရယ်လိုက်ပါသည်။ ဒါကို ဘိုထွန်းက …

"ဖိုးသားရာ … ငှက်သိုက်ရှာတာ အောက်လမ်းမဟုတ်ဘူး၊ အထက် လမ်းကွ … "

"ဘိုထွန်းရာ … ဖိုးသားက မသိလို့ပြောတဲ့ဟာ … မင်းက သွား မနောက်ပါနဲ့၊ ဟိုက ဝ ကယ်ထင်သွားဦးမယ် … "

ကျွန်တော်က ဖိုးသားကို ကြည့်လိုက်ရင်း …

"ဒီလိုကွ … ငှက်သိုက်ဆိုတာ ဇီဝစိုးငှက်တွေက ပင်လယ်တွေထဲက ကျောက်ဆောင်တွေ ကျောက်တောင်တွေပေါ်မှာ … သူတို့ နေ့လယ်က စားသောက်လာတဲ့ အစာတွေကို ဝမ်းဗိုက်ထဲက အန်ချပြီး သူတို့ရဲ့ သားပေါက်သမီးပေါက် ငှက်ကလေးတွေကို ကျွေးတာ၊ အဲဒါကို လူတွေက ဆေးဖက်ဝင်လို့ … ကျောက်ဆောင် ကျောက်တောင်တွေပေါ်တက်ပြီး ငှက်သိုက်ရှာတာ … ဘိုထွန်း ပြောသလို မဟုတ်ဘူး … "

ဖိုးသားခမျာ သူသိချင်တာတစ်ခုကို သိလိုက်ရတဲ့အတွက် ကျေနပ်တဲ့ အမူအရာတွေ ပေါ်နေပါသည်။

"မင်းသိန်းရာ … မင်းဟာ အင်္ဂလိပ်စာနဲ့ ဘွဲ့ရတဲ့သူတစ်ယောက် ဖြစ်ပြီး ဘာဖြစ်လို့ တစ္ဆေသရဲစာအုပ်တွေ၊ စုန်းအကြောင်း ဘာအကြောင်း တွေ ဒီလောက်တောင် စိတ်ဝင်စားရတာလဲကွာ … "

ကျော်ကြီးက မထင်မှတ်ဘဲ မေးလိုက်ပါသည်။

"ဒါလား … စုန်း တစ္ဆေကိစ္စတွေက တစ်ကမ္ဘာလုံး စိတ်ဝင်စားကြ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ … ဒါတွေက မမြင်ရတဲ့ ပရလောကဆိုတော့ ခက်သားကွ၊ ငါတို့နဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ယိုးဒယားတို့၊ မလေးရှားတို့မှာဆို ပိုကောင်သက်ဝင်ယုံကြည်သေးတယ် … သူတို့ရုပ်ရှင်ဇာတ်ကားတွေ ကြည့်ပါလား၊ စုန်းတစ္ဆေ ဇာတ်ကားတွေချည်းပဲ … အမေရိကန်ကော သူတို့ယုံလို့ သရဲဇာတ်ကားတွေ ရိုက်နေတာပေါ့"

ကျွန်တော်က စကားအဆုံး လမ်းမ လှမ်းကြည့်တော့ မထင်ထားပါဘူး ကျွန်တော် မြတ်နိုးနေရတဲ့ ခင်မေဦးနှင့် သူငယ်ချင်းမ ချိုချိုလွင်ကို တွေ့ရပါသည်။ သူတို့နှစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာပါသည်။

"ထင်တော့ ထင်သား … နင်တို့တစ်တွေ မွှာရုံကနေ ဒီလက်ဖက်ရည်ဆိုင်ထဲမှာပဲ ရှိနေမယ်ဆိုတာ … "

ချိုချိုလွင်က ရောက်ရောက်ချင်း ပြောလိုက်သည်။

"ထိုင်ဦးလေဟာပါ"

ကျွန်တော်က ဘေးနားက ထိုင်ခုံနှစ်ခုံကို ဆွဲရင်း ပြောလိုက်တော့ ချိုချိုလွင်ကပါ …

"အံမယ် … ငါ့ကို ထိုင်စေချင်တာလား ခင်မေဦးကို ထိုင်စေချင်တာလား … မထိုင်တော့ဘူး … သန်ဘက်ခါ အိမ်မှာ အဖေ့မွေးနေ့ အလှူရှိတယ်၊ အဲဒါ နင်တို့ကို ဖိတ်ဖို့ကျွန်လို့ လာဖိတ်တာ … နက်ဖြန် လာဝိုင်းလုပ်ပေးဦး … ဒါပဲ သွားမယ် … "

ချိုချိုလွင် စကားအဆုံး ဘိုထွန်းက …

"ဟေ့ကောင် မင်းသိန်း၊ ချိုချိုလွင်နဲ့ ခင်မေဦးက နှစ်ယောက်တည်း၊ မင်း လိုက်ပို့လိုက်ဦး … မိုးချုပ်တော့မယ် … "

ဒီတစ်ခါကျတော့ ဘိုထွန်းတို့က သိပ်တော်လှချေရဲ့။ တစ်ခါတည်း ကျွန်တော့်ကို အရောက်ပို့ပေးလို့။

"ဟုတ်တယ် မင်းသိန်း … ခင်မေဦးကို ငါ့အိမ် နင်လိုက်ပို့ပြီးရင် သူ့အိမ်ပါ လိုက်ပို့ပေးဦး"



ခင်မေဦးက ချိုချိုလွင်ရဲ့စကားကို ဘာမှ ခွန်းတုံ့ပြန်ခြင်းမရှိ။

"ကဲ … သွားပြီ၊ စောစောကအကြောင်းတွေ နောက်နေ့မှ ပြောကြတာပေါ့ … "

လက်ဖက်ရည်ဆိုင်ထဲကနေ ကျွန်တော်ကော ချိုချိုလွင်ကော … ခင်မေဦးတို့ပါ ထွက်လာခဲ့သည်။

ဆိုင်ရှေ့လမ်းမကိုရောက်တော့ မိုးတောင်ချုပ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုလွင်ကို သူ့အိမ် အရင်လိုက်ပို့ပြီး ခင်မေဦးအိမ်သို့ … ကျွန်တော် လိုက်ပို့ဖို့ ခင်မေဦးနှင့်အတူ လမ်းလျှောက်လာမိသည်။

လမ်းက လူရှင်းပြီး တိတ်ဆိတ်လို့နေသည်။ ခင်မေဦးနှင့် ကျွန်တော် ဘာစကားမှ ယခုထိ မပြောရသေးပါ။ သေချာပါသည်။ သူက ကိုယ့် အကြောင်း စဉ်းစားနေသလို ကိုယ်ကလည်း သူ့အကြောင်း စဉ်းစားနေမိလို့ ဖြစ်ပါသည်။

"အခု ဘာတွေလုပ်နေလဲ … "

မထူးပါဘူးဆိုပြီး ကျွန်တော်က ခင်မေဦးကို စပြီး စကားစလိုက် ပါသည်။

"နင်နဲ့အတူတူ ငါ့အိမ်ပြန်ဖို့ လမ်းလျှောက်နေတယ်လေ"

ကျွန်တော့်မေးခွန်းအတွက် ကျွန်တော် တော်တော်ကျေနပ်သွား ပါသည်။

"မနောက်ပါနဲ့ ခင်မေဦးရယ် … နင်က တစ်နေ့က ဘွဲ့ယူပြီးသွား ပြီဆိုတော့ ဘာလုပ်လဲလို့ မေးတာပါ … "

ခင်မေဦးက ပါးချိုင့်နှစ်ဖက်ပေါ်အောင် ပြုံးလိုက်ရင်း …

"ဘာလုပ်ရမှာလဲ … ယောက်ျားရရင် သူ့လုပ်စာ ထိုင်စားမှာပေါ့"



ကျွန်တော် သိပါသည်။ ခင်မေဦးက ကျွန်တော့်ကို နောက်နေပြီလို့။

"ဒါနဲ့ … သန်းဝင်းက ရည်းစားစကား လိုက်ပြောတယ်ဆို၊ ဘယ် လိုလဲ … လက်ခံလိုက်ပြီလား"

ခင်မေဦးက ကျွန်တော့်အမေးစကားကို နားထောင်နေရင်းမှ ဘာမှ ပြန်မပြောဘဲ ခြေလှမ်းတွေကို နည်းနည်းခပ်သွက်သွက်လှမ်းလို့နေသည်။ ပြီးမှ …

"သူ့ဘာသာသူ လိုက်ပြောတာနဲ့ ငါက လက်ခံပြီး အဖြေပေးရမှာ လား … ငါ့ဘာသာငါ ပေးချင်မှပေးမှာပေါ့ … အဲဒါ နင်နဲ့ ဆိုင်လို့လား"

"နင့်ကို ငါ ပိုင်တော့ မပိုင်သေးဘူးပေါ့ဟာ … ဒါပေမဲ့ ဆိုင်တော့ ဆိုင်တယ်လေ … ငါက နင့်ကို မြတ်နိုးနေတာလေ … ဒီတော့ ငါ မြတ်နိုး တဲ့သူကို ငါ့နှလုံးသားထဲကနေ ဆွဲထုတ်သွားမှာမျိုးတော့ ငါ ဘယ်ကြည့်ဖြူ နိုင်ပါ့မလဲ … အဲဒါကလည်း နင့်ကို ချစ်ေ့ပါ"

"သွားပါ … ဘာမှန်းမသိဘူး … ဟိုမှာ အိမ်ရှေ့ရောက်နေပြီ"

ခင်မေဦးက ရှက်စနိုးအႈ အရာနှင့် ကျွန်တော့်ခါးကို တွန်းလိုက်ရင်း သူ့အိမ်ရှေ့ခြံဝင်းတံခါးကို ဖွင့်ပြီး အိမ်ထဲပြေးဝင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြတ်နိုးရသော ချစ်သူ့အိမ်ရှေ့မှာတော့ ကျွန်တော် တစ်ယောက်တည်းပါပဲ။

အဲ ... ကောင်းကင်မှာ ထွန်းလင်းတောက်ပနေသည့် လမင်းကြီးလည်း ရှိပါသေးသည်။



ခင်မေဦးကို လိုက်ပို့ပြီး ကျွန်တော် အိမ်သို့ပြန်တာပဲ ကောင်းမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ကျွန်တော် အိမ်ဘက်သို့ ရပ်ကွက်ဖြတ်လမ်းမှ ဖြတ်ပြန်လာမိသည်။

မှောင်ကလည်း မှောင်နေပြီး လမ်းက လူရှင်းနေသည်။ ကျွန်တော်က ဟိုကြည့်ဒီကြည့် ကြည့်နေမိသည်။ ဘာဖြစ်လို့လဲဆို တစ်ခါတလေ ခွေးတွဲတွေက လူရှင်းသော ဤဖြတ်လမ်းမှာ ထိုင်ပြီး မှောင်မှောင်မည်းမည်းထဲ ဘာလုပ်နေမှန်းမသိသဖြင့် ခလုတ်တိုက်မှာစိုးလို့ဖြစ်သည်။ ပြီးတော့ အချစ်ရှိန်ကလေး တက်နေတဲ့ ~ တွဲတွေနှင့် ကျွန်တော် ရန်မဖြစ်ချင်တာလည်း ပါသည်။

တော်ပါသေးသည်။ ကျွန်တော် ဖြတ်လျှောက်လာသော ထိုလမ်းမှာ ဘာအတွဲမှ မရှိ။ ကျွန်တော်သည် လျှောက်လာနေရင်းမှ ညောင်ပင်ကြီးအောက်သို့ ရောက်လာသည်။ ထိုအချိန်မှာပဲ လေက တိုက်လိုက်သဖြင့် ညောင်ရွက်ကို လေတိုးသံတွေက တိတ်ဆိတ်နေသော လမ်းငယ်ထဲမှာ ပျံ့လွင့်နေသည်။ တစ်ဆက်တည်းဆိုသလို ဘယ်ဆီဘယ်ဌာနကမှန်းမသိ ခွေးအူသံတွေက လွင့်ပျံ့လာသည် ... ။ ထိန်ထိန်သာနေသော လရောင်

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ နာရီကိုကြည့်တော့ ညရှစ်နာရီထိုးတော့မည်။ ကျွန်တော့် ခြေထောက်က မထင်မှတ်ဘဲ ညောင်ပင်ဘေးနားရှိ နတ်စင်နားအရောက် တွင် တစ်စုံတစ်ရာနှင့် ခလုတ်တိုက်မိသွားသဖြင့် ထိုခလုတ်တိုက်မိသော အရာကို ကြည့်လိုက်သောအခါ ကြွပ်ကြွပ်အိတ်ထုပ်တစ်ခု ဖြစ်နေသည်။

ကျွန်တော်က ခြေထောက်နှင့် လှမ်းဖယ်လိုက်သောအခါ ဘေးသို့ နည်းနည်းပဲ အထုပ်က ရွေ့လျားသည်။ ကြွပ်ကြွပ်အိတ်ထုပ်ထဲမှာ ပစ္စည်း တစ်ခုခု ထည့်ထားမှာပဲ ထင်သဖြင့် အထုပ်ကို ကောက်ယူလိုက်သည်။

မထူးပါဘူးဆိုပြီး ကြွပ်ကြွပ်အိတ်ထုပ်ကို အင်္ကျီအိတ်ကပ်ထဲမှ မီးခြစ် ထုတ်ခြစ်ပြီး ဖြည်ကြည့်လိုက်သောအခါ စာမျက်နှာရှစ်ဆယ် ဗလာစာအုပ် ငါးအုပ်ကို စုပြီးချုပ်ထားသည်ကို တွေ့ရသည်။ ဘာစာအုပ်များဖြစ်လို့ သည်လောက်တောင် ဗလာစာအုပ်တွေစုပြီး ချုပ်ထားရသလဲလို့ စပ်စု ချင်သည့်စိတ်နှင့် စာအုပ်အဖုံးကို ကြည့်လိုက်သောအခါ ကျွန်တော် အံ့အား သင့်သွားသည်။

## "တစ္ဆေဆရာလုပ်နည်းကျမ်း"

ကျွန်တော့်အဖို့ နည်းနည်းတော့ ကြက်သီးထသွားသည်။

မထူးပါဘူးဆိုပြီး ကြွပ်ကြွပ်အိတ်ကို ညောင်ပင်ဘေးသို့ လွှင့်ပစ် လိုက်ပြီး လက်ထဲမှာ စာအုပ်ထူကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အိမ်သို့ သုတ်ခြေတင် ပြန်လာခဲ့တော့သည်။



တစ်အိမ်သားလုံး ညဦးနက်ပြီမို့ အားလုံး အိပ်နေပြီဖြစ်သော်လည်း ကျွန်တော့်မှာ အိပ်မပျော်နိုင်ပါ ...။ ညောင်ပင်အောက်က ကျွန်တေ မထင်မှတ်ဘဲ ကောက်ရခဲ့သော 'တစ္ဆေဆရာလုပ်နည်းကျမ်း'စာအုပ်ကိ ကျွန်တော် စိတ်ဝင်တစား ဖတ်နေမိသည်။ စာအုပ်ထဲမှာက အကြောင်း အရာ တော်တော်စုံလှသည်။ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ ပရလောကသားများကိ ခေါ်နည်း၊ နှိမ်နင်းနည်း၊ အမျှဝေနည်း၊ အဆောင်စီရင်နည်း အခြားသေ အင်း၊ မန္တန်တွေလည်း ပါဝင်ပါသည်။

ကျွန်တော့်အဖို့ ကျွန်တော် စိတ်ဝင်စားသောအရာတွေ မထင်မှတ် ဘဲ စာအုပ်နှင့် ပြုစုထားတာရလိုက်သဖြင့် အပျော်ကြီးလည်း ပျော်နေ သည်။

ဤစာအုပ်က အသုံးဝင်မှာ အမှန်ပဲဟု။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသိန်းရာ ... မင်း ကောက်ရတဲ့ အဲဒီစာအုပ်က လူတစ်ယောက်က သူ့ဘာသာသူ ... ဟိုစာအုပ် ဒီစာအုပ်က ကူးထားတာတွေ ဖြစ်နေမှာပါကွာ ..."

ဘိုထွန်းက လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် ပြောပြသည့် 'တစ္ဆေဆရာလုပ်နည်းကျမ်း' စာအုပ် ကောက်ရသည့်အကြောင်းကို မယုံကြည်လို့ ဖြစ်ပါမည်။ မျက်နှာက လက်မခံသည့်အမူအရာ ဖြစ်နေသည်။

ကျော်ကြီးကတော့ ... မယုံတစ်ဝက် ယုံတစ်ဝက်မျိုး ရှိနေပြီး ဖိုးသားကတော့ အတော့်ကို စိတ်ဝင်တစား ရှိလို့နေလားမသိ။ ကျွန်တော့်ဆီက ဘာစကားသံ ထပ်ကြားရလေမလဲ နားစွင့်လို့နေသည်။

"ဒီစာအုပ်ကို ဟိုကဒီက ကူးထားတယ်ပဲထားဦး ... ဒါတွေက တကယ်ရှိလို့ မှတ်တမ်းတင်တဲ့သူက တင်ထားတာပဲ ဖြစ်မယ် ... ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ထဲကအတိုင်း နည်းနည်းတော့ စမ်းသပ်ကြည့်ရမှာပဲ ... ဘာဖြစ်လို့လဲဆို ဒီတစ္ဆေ၊ သရဲက ငါ စိတ်ဝင်တစား ဖြစ်တဲ့ဟာ ဖြစ်နေလို့၊ ပြီးတော့ အင်း၊ မန္တန်တွေလည်း ငါ စိတ်ဝင်စားတယ်"

"ဟာကွာ ... မင်းတော့နော် ... မင်းသိန်းရာ ဒအောက်လမ်းနည်းတွေ ဘာတွေဖြစ်ရင် မင်း ငရဲအရမ်းကြီးမယ်နော် ..."



ဘိုထွန်းက ကျွန်တော့်စကားကို ဆန့်ကျင်ပြီး ပြောလိုက်ပါသည်။

"ကိုဘိုထွန်း စိတ်မဝင်စားရင်နေ ... ကျွန်တော် စိတ်ဝင်စားတယ်၊ ကိုမင်းသိန်း အဲဒါတွေ စမ်းသပ်ရင် ကျွန်တော့်ကိုခေါ် ... ကျွန်တော် အဖော်လိုက်မယ် ..."

ဖိုးသားက တကယ့်ကို စိတ်ဝင်စားသည့် အမူအရာနှင့် ကျွန်တော့်ကို ပြောလိုက်ပါသည်။

"ဟုတ် ဟုတ် မဟုတ် ဟုတ်ပေါ့ကွာ ... တစ္ဆေဆရာလုပ်ကြည့်ရတာပေါ့ ... အဲဒီစာအုပ်ထဲကအတိုင်း စမ်းသပ်မယ် ..."

ကျွန်တော့်စကားအဆုံး ကျော်ကြီးနှင့် ဘိုထွန်းက ကျွန်တော့်ကို ဘာစကားမှမဆိုတော့။

သေချာပါသည် ...။ သည်နှစ်ယောက် ကျွန်တော့်ကို စိတ်ထဲကနေ ဝေဖန်နေမှာ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုလွင်တို့အဖေ မွေးနေ့က လူ့ဒ်တော်တော်စည်ပါသည်။ ရပ်သိရွာသိဆိုတော့ ရပ်ကွက်ထဲက အိမ်တိုင်းနီးပါး လာကြသည်။ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း မနေ့ကတည်းက လာပြီး ကူလုပ်ပေးရသည်။ မုန့်ဟင်းခါးက အချိန်ငါးဆယ်ဆိုတော့ တော်တော်ကို လက်ဝင်ပါသည်။

ဒါပေမဲ့ ... မနေ့က ခင်မေဦးကတော့ ရောက်မလာပါ။ သူတို့အိမ်မှာ သူ့အဖေနှင့်အမေ မရှိ၍ အိမ်စောင့်နေရလို့ ဖြစ်ပါသည်။ သည်နေ့ အလှူမှာကျတော့ မနက်ကတည်းက ရောက်လာပြီး ဝိုင်းကူလုပ်ပေးလို့ နေပါသည်။

ကျွန်တော့်ခမျာလည်း ခင်မေဦးမျက်နှာကို မကြည့်နိုင်အားပါ ...။ ဧည့်သည်တွေကို သူငယ်ချင်းတွေနှင့်အတူ မုန့်ပွဲချရ၊ ဟင်းရည်လိုက်ပေးရနှင့် အတော့်ကို အလုပ်ရှုပ်လို့နေပါသည်။

အလှူပြီးတော့မှပဲ သူငယ်ချင်းတွေစုပြီး တစ်စားပွဲတည်း မုန့်ဟင်းခါးစားတော့မှပဲ ... ခင်မေဦးမျက်နှာကို မျက်နှာချင်းဆိုင် ထိုင်မိသဖြင့် ကျွန်တော့်မှာ မသိမသာနှင့် တဝကြီး ကြည့်မိပါသည်။

"ဟဲ့ ... သီတာမြင့်၊ နင်တို့အမျိုးထဲမှာ အပမှီတာတွေ ရှိလား"



မုန့်ဟင်းခါးစားနေရင်း ဘိုထွန်းက ချိုချိုလွင်ဘေးတွင် ရှိနေသော သီတာမြင့်ကို မေးလိုက်ပါသည်။

"ဘာဖြစ်လို့ ငါတို့အမျိုးက အပမှီရမှာလဲ ... ဘိုထွန်း နင့်စကားက ဘာစကားလဲ ..."

သီတာမြင့်က မထင်မှတ်ဘဲ မေးခံရသဖြင့် ဒေါသထွက်သွားပြီး ဘိုထွန်းကို ပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူးဟာ ... အဲဒီလိုဖြစ်ရင် အဲဒါတွေကိုနိုင်တဲ့ စာအုပ်ရထားတဲ့ မင်းသိန်းနဲ့ ပေးတွေ့မလို့ ..."

"ဟဲ့ ... နင့်စကားက ဘယ်လို ..."

အနီးအနားတွင် ရှိသော ချိုချိုလွင်ကလည်း မနေနိုင်ဘဲ ထပ်မေးလိုက်ပြန်သည်။ ခင်မေဦးလည်း သိချင်ပုံပေါ်နေပါသည်။

"ဒီလိုဟ ... ဟိုတစ်နေ့က မင်းသိန်းက ချိုချိုလွင်နဲ့ ခင်မေဦးကို လိုက်ပို့ပြီး ပြန်လာတော့ လမ်းမှာ တစ္ဆေဆရာလုပ်နည်းကျမ်းစာအုပ်ကို ကောက်ရတယ်လေ ... အဲဒီထဲမှာက အစုံပဲ ... အဲဒါ မင်းသိန်းက စမ်းသပ်မယ်ဆိုလို့ဟ"

"ဟဲ့ ... မင်းသိန်း၊ လျှောက်မလုပ်နဲ့နော် ... ကြောက်ဖို့ကောင်းတယ် ... အမယ်လေး ... ကြားရင်းနဲ့ ငါတောင် ကြက်သီးထလာတယ်"

ချိုချိုလွင်က စားနေသည့် မုန့်ဟင်းခါးပန်းကန်ထဲက ဇွန်းကို မရင်း ခ ရုတ်တရက် ပြန်ချရင်း ကျွန်တော့်ကို ပြောလိုက်ပါသည်။

"ဘာကြောက်စရာလိုလဲဟ ... လူတွေက အဲဒီပြိတ္တာ၊ တစ္ဆေ၊ သရဲတွေကို ကြောက်ရမှာ မဟုတ်ဘူး ... ကိုယ့်ဗိုက်ထဲက သရဲကို ကြောက်ရမှာ၊ မိုးလင်းလာတာနဲ့ ဟိုဟာစားမယ် ဒီဟာစားမယ် ဆိုပြီး တောင်းတာ ... လူတွေက အဲဒါကျတော့ မကြောက်ကြဘူး"

"အမယ်လေး ... တရားလာပြနေပြန်ပါပြီ ... လူတွေကို ဘာလဲ တရားဟောတာလား ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်မေဦးက ကျွန်တော့်ကို မျက်စောင်းထိုးကာ ပြောရင်းမှ မုန့်ဟင်းခါးတစ်ဇွန်းကို ခပ်စားလိုက်သည်။

"အမယ်လေး ... အရိုးစူးပါပြီ ... ရေ ... ရေ"

ခင်မေဦးခမျာ ကျွန်တော့်ကို အပြစ်ပြောချင်ဇောနှင့် မုန့်ဟင်းခါးဟင်းရည်ထဲ နှင်ထားသော ငါးမှ အရိုးသေးသေးလေးပါတာ မမြင်လိုက်ဘူးလားမသိ အတင်းစားတော့ သည်လိုဖြစ်တာ နည်းတောင် နည်းပါသေးသည်။

"လည်ချောင်းထဲ နာနေသေးလား ခင်မေဦး ... ဟင်းရည်က တုန်ခါနီး ကျန်တာဆိုတော့ အရိုးစလေးတွေ ပါသွားတယ်ထင်ပါရဲ့၊ ကဲ ... ရော့၊ ဒီရေသောက် ... ငါ ငှက်ပျောသီး သွားယူလိုက်ဦးမယ်၊ ငှက်ပျောသီးစားလိုက်ရင် အရိုးက ကျသွားမှာပဲ ..."

ချိုချိုလွင်က ထိုင်ရာမှထပြီး ငှက်ပျောသီး သွားယူမလို့ လုပ်စဉ်ကျွန်တော်က ...

"ချိုချိုလွင် ... ဘာငှက်ပျောသီးမှ သွားမယူနဲ့ ... ရေတစ်ခွက်သာယူလာခဲ့ ..."

"ဟဲ့ ... ဘာလုပ်မလို့လဲ ..."

"ယူမှာသာ ယူစမ်းပါဟာ ... ပြီးမှ ကြည့် ..."

ချိုချိုလွင်က ရေတစ်ခွက်ခပ်ပြီး ကျွန်တော့်ကို ပေးပါသည် ...။

ကျွန်တော်က ခင်မေဦးကို ကြည့်ရင်းက ...

"ခင်မေဦး ဘာမှမပူနဲ့ ... ပေဘာဒီရေကို ငါ သုံးဆယ်ခုနစ်အုတ်မန်းပေးမယ် ... အခု ငါ ရွတ်မဲ့မန္တန်က အရိုးမျက် အရိုးကျရေမန်းပဲ"

ကျန်သည့်လူတွေက ရေခွပ်ကိုင်ထားသော ကျွန်တော့်ကို ထူးဆန်းသလို ကြည့်နေကြသည်။ ကျွန်တော်က မျက်စိနှစ်လုံးကို မှိတ်လိုက်ပြီး ...

"ဉုံ ဒင်ကျိုးပက်လက် ငါးရိုးမျက်၊ ထွက်ဆရာထွက်၊
သက်ဆရာသက်၊ ကြေဆရာကြေ၊ ပြေဆရာပြေ၊
ကျဆရာကျ"



သုံးဆယ့်ခုနစ်ခေါက်တိတိ ထိုမန္တန်ကို ကျွန်တော် ရွတ်ဖတ်ပြီးသည့်အခါ မျက်လုံးနှစ်လုံးကို ကျွန်တော် ဖွင့်လိုက်ပြီး ...

"ရော့ ... အဲဒီရေကိုသောက်လိုက် ... ငါးရိုးကျသွားမယ်"

ကျွန်တော်က ခင်မေဦးကို ရေခွက်ကမ်းပေးလိုက်သည်။

"ခင်မေဦး ... ဟုတ်ဟုတ် မဟုတ်ဟုတ် သောက်လိုက် ... ငါးရိုးမကျ ရင်တောင် ရေကတော့ ဗိုက်ထဲရောက်သွားမှာပဲ ..."

အရေးထဲ ဘိုထွန်းက ဝင်နှောက်လိုက်ပြန်သေးသည်။ ခင်မေဦးက ကျွန်တော်ပေးသော ရေခွက်ကိုယူပြီး သောက်လိုက်သည်။ ပြီးတော့ ပါးစပ်ပိတ်ပြီး တံတွေးကို မျိုချသလိုမျိုး လုပ်ကြည့်နေသည်။

"ဟုတ်တယ် ... ငါးရိုးကျသွားပြီ ... ကျေးဇူးတင်ပါတယ် မင်းသိန်းရယ် ..."

စောစောက အနေအထားမျိုးနှင့် လုံးဝမတူတော့သည့် အမူအရာမျိုးနှင့် ခင်မေဦးက ဝမ်းသာအားရ ကျွန်တော့်ကို ပြောလိုက်ပါသည်။

"မင်းသိန်း ... နင် ဒီမန္တန်ကို ဘယ်ကရတာလဲ ..."

သီတာမြင့်က သိချင်ဇောနှင့် မေးလိုက်သည်။

"ဘယ်ကရမှာလဲဟ ... ငါ ကောက်ရထားတဲ့ တစ္ဆေဆရာလုပ်နည်းကျမ်းစာအုပ်ထဲမှာ ပါတာ ... ဘာရယ်မဟုတ်ဘူး ဖတ်ရင်းနဲ့ ငါက အဲဒီမန္တန်ကို အလွတ်ကျက်ထားတာ ... ဒါကြောင့် ဒီစာအုပ်က တန်ဖိုးရှိတယ်လို့ ငါ ပြောတာ ..."

"ဒုက္ခပါပဲကွာ ... မဟုတ်မဟတ်တွေက တည့်သွားပြန်ပြီ"

"ဟော့ကောင် ဘိုထွန်း ... ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ လူတစ်ယောက် ခံစားနေရတာ ပျောက်သွားတာကတော့ ... အကျိုးရှိတယ်ကွ ..."

ကျော်ကြီးက ဘိုထွန်းကို ပြောလိုက်ပါသည်။

"ဒါက တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို နေမှာပေါ့ ... မေတ္တာရောင်ပြန်ဟပ်တာပဲ ဖြစ်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ချိုချိုလွင်က ရယ်ကာမောကာနှင့် ကျွန်တော်နှင့် ခင်မေဦးဘက် လှည့်ပြီး ပြောလိုက်သည်။

ခင်မေဦးက ဘာမှ ပြန်မပြောဘဲ ရှက်သလိုလိုနှင့် ခေါင်းကိုငုံ့လိုက်သည်။

ကျွန်တော် တော်တော်ကျေနပ်သွားပါသည်။ ဘာကြောင့်လဲဆိုလျှင် ကျွန်တော် ကောက်ရသော စာအုပ်က ကျွန်တော်မြတ်နိုးသူအတွက် ကူညီလို့ရသွားလို့ ဖြစ်ပါသည်။

သည်စာအုပ်က ဘာတွေ အကျိုးထူးဦးမည် မသိ။

ပရသားတွေအတွက်
တစ်နှစ်မှာ တစ်ခါလောက်
ငါ ... လှူဒါန်းပြီး ကျွတ်စေချင်ပါရဲ့။
ဘယ်သူများ
ငါ့နဲ့အတူ ကုသိုလ်ပြုပါ ...
ငါ ရလိုက်တာက
ဆင်ခြင်မှုတစ်ခု
ငါ့မှာ ရယ်ရအခက်
ငိုရ အခက် ... ။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

"ဒါဆို ... ကိုမင်းသိန်းဆီမှာ ရှိနေတဲ့ စာအုပ်က အတော့်ကို အသုံးဝင်နေတာပေါ့ ..."

လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်နှင့် ဖိုးသား စကားကောင်းနေကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့စကားဝိုင်းကို နှောင့်ယှက်မည့် ဘိုထွန်းရှိတာကိုကပဲ ခပ်ကောင်းကောင်း။

"ဒီ့ထက်ပိုပြီး အသုံးဝင်တာတောင် ရှိဦးမှာ ... မင်း စောင့်သာကြည့် ဖိုးသားရေ ..."

"ကိုမင်းသိန်းကလည်း ကြည့်ရုံတင် ဘယ်ကမလဲ ... ကိုယ်တိုင်ကိုလိုက်လေ့လာဦးမှာ ..."

ဖိုးသားကို ကျွန်တော် ပြောသလိုပင် အိမ်မှာရှိသော ထိုစာအုပ်ကို ကျွန်တော် အထပ်ထပ်ဖတ်သည်။ ကျွန်တော် ဘယ်လိုမှ မသိနိုင်သော အချက်များကို ထိုစာအုပ်ဖတ်ခြင်းဖြင့် သိလာခဲ့ရသည်။

"ဪ ... မင်းက ဒီမှာ လာငြိမ့်နေတာကိုး ... ဘိုထွန်းကတော့ သင်္ဘောကိစ္စ၊ ဓမ္မာရုံကိစ္စ၊ မီးထွန်းပို့ကိစ္စနဲ့ အလုပ်ရှုပ်နေတာ ... ကောင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ထဲကို အော်ကြီးဟစ်ကျယ်နှင့် ကျော်ကြီးက အဖော်တစ်ယောက်နှင့်အတူဝင်လာပြီး ပြောလိုက်သည်။ ကျော်ကြီးနှင့် ပါလာတာ ဘယ်သူလဲ ကြည့်လိုက်သည့်အခါ ... ဟိုဘက်ရပ်ကွက်က ကျွန်တော့်သူငယ်ချင်း မြင့်မောင်၏အစ်ကို ကိုစိုးမောင် ဖြစ်နေပါသည်။

"မင်းသိန်း ... မင်းကို ပြောရဦးမယ် ... ကိုစိုးမောင်နဲ့ မင်းနဲ့က ဝါသနာတူလို့ ငါ ခေါ်လာတာ ..."

"ဘယ်လိုဝါသနာတူတာလဲကွ ..."

ကျွန်တော်က မင်းသိန်း၏စကားကို နားမလည်သဖြင့် မေးလိုက်ပါသည်။

"ဒီလို မင်းသိန်းရေ ... အစ်ကို ပြောပြမယ် ... တန်တောင်မုန်းလပြည့်နေ့ရောက်တိုင်း အစ်ကိုနဲ့ ဝါသနာတူ မိတ်ဆွေတွေစုပြီး ကောင်းမှုလုပ်တာ ရှိတယ် ... အဲဒါက အကျွတ်အလွှတ်ပွဲပဲ ..."

ကိုစိုးမောင်က ... ကျော်ကြီးအစား ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော်က နားမရှင်းသဖြင့် ...

"ဘယ်လိုအကျွတ်အလွှတ်ပွဲလဲ အစ်ကို ..."

"ဒီလိုကွာ ... တန်ဆောင်မုန်းလပြည့်နေ့ညတိုင်း ညကိုးနာရီလောက်ကစပြီး လှည်းတစ်စီးပေါ်မှာ ထမင်းတွေချက်ထားတာပုံ၊ အမဲသားဟင်းချက်ထားတာတွေထည့်ပြီး ဝါသနာတူသူတွေနဲ့ အစ်ကိုတို့တွေ ... လမ်းတစ်လျှောက် မကျွတ်လွှတ်နိုင်သေးတဲ့ ကုန်းပေါ်က ပရသားတွေကော ရေထဲက ပရသားတွေကိုကော ကျွတ်လွှတ်အောင် ဆုတောင်းရင်း အစာကျွေးပြီး အလှူလုပ်တယ် ... အဲဒါက သုသာန်ရောက်တဲ့အထိပဲ ... ပြောချင်တာက သရဲ၊ တစ္ဆေ၊ ပြိတ္တာတွေကို ထမင်းကျွေးပြီး ကျွတ်လွှတ်အောင် ဆုတောင်းပေးတာပေါ့ကွာ ... ဒီတော့ မင်းလည်း ဒါမျိုး ဝါသနာပါတယ်ဆိုတော့ ငါတို့နဲ့ ဝိုင်းကူပေါ့ကွာ၊ အဲဒီနေ့ဆို နေ့လယ်ခင်းထဲက ချက်ရပြုတ်ရတာ ..."

ကျွန်တော် တကယ့်ကို စိတ်ဝင်စားသွားပါသည်။



"သဘောကျတယ် အစ်ကို ... ဒါမျိုးက ဖြစ်သင့်တယ်"

"ဒါနဲ့ ပတ်သက်ပြီး အသိမိတ်ဆွေတွေက လှူကြပါတယ်ကွာ၊ ငွေတိုင်းဆီကတော့ အလှူမခံဘူး ... သဒ္ဒါသာသူ လှူမှ ယူတယ်"

"ဘယ်ဟုတ်မလဲ အစ်ကိုရာ၊ ဒီအလုပ်က မွန်မြတ်တာပဲ၊ ကျွန်တော်လည်း လှူမယ် ... ကျွန်တော့်မိတ်ဆွေတွေဆီကလည်း အလှူခံပေးမယ်"

ကိုစိုးမောင်မျက်နှာက ဝင်းပသွားပါသည်။

"ဒါလည်း ကောင်းမြတ်တဲ့ လူမှုရေးပါပဲကွာ ... လာမဲ့ တန်ဆောင်မုန်းလပြည့်နေ့ညကျရင် ညီလေးပါ လိုက်ခဲ့"

"အစ်ကို ... ကျွန်တော်ကော လိုက်လို့ရမလား ..."

"ရတာပေါ့ ဖိုးသားရ ..."

ကိုစိုးမောင်က ဖိုးသားအမေးကို ပြန်ဖြေလိုက်သည်။

"ကျော်ကြီး ... မင်းကို ငါ ကျေးဇူးတင်တယ် ... ဒီလို လူမှုရေးလုပ်ငန်းလုပ်လို့ရအောင် မင်းလုပ်ပေးလို့ ..."

"မလိုပါဘူးကွာ ... ပေ့ကောင် မင်းက မိတ်ဆွေများတာပဲ၊ လှူင်နည်းနည်းပါးပါး အလှူခံကွာ ... ပိုက်ဆံပိုရရင် ပိုလှူလို့ ရတာပေါ့ ..."

ကျော်ကြီး ပြောတာ မှန်ပါသည်။ သည်လို အကျွတ်အလွှတ်ပွဲအတွက် ကျွန်တော် အလှူခံတာ မည်သူမှ ဖြစ်တင်စကား တင်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်တိုင်မီးထွန်းပွဲတော်က တော်တော်စည်ပါသည်။ လမ်းတိုင်း လမ်းတိုင်း လမ်းလျှောက်သူ ဟိုကြည့်ဒီကြည့် ကြည့်သူတွေနှင့် စည်ကားလို့ နေပါသည်။

သည်နေ့လို လပြည့်နေ့မှာလည်း လမ်းတိုင်း အလုပ်ရှုပ်နေကြသည်။ တချို့လမ်းတွေက နိဗ္ဗာန်ဈေးရှိသဖြင့် မဲပြားတွေ လုပ်သူလုပ်။ ကျေးဖို့မွေးဖို့ ချက်သူချက်နှင့်။

ကျွန်တော်လည်း ဘယ်နေပါ့မလဲ ... ။ အကျွတ်အလွှတ်ပွဲက ယနေ့ညမှာ လုပ်ရမှာဖြစ်သဖြင့် ကျွန်တော့်အသိမိတ်ဆွေတွေဆီကို အလှူခံထွက်တာ ငွေငါးထောင် ရပါသည်။ ဆက်ပြီး ... အလှူခံထွက်လာတာ ခင်မေဦးတို့ အိမ်သို့ ရောက်လာပါသည်။

"အံမယ် ... လှူစုံတက်စုံပါလား ... ဘာကိစ္စလဲ"

ခင်မေဦးက သူ့အိမ်ကို မလာစဘူး ကျွန်တော်တို့ သူငယ်ချင်းတွေ အုပ်စုလိုက်လာသဖြင့် အံ့အားသင့်ရင်းက မေးလိုက်ပါသည်။

"အလှူလာခံတာ ... သိပ်ကို ကုသိုလ်ရမှာ ... "

ကျွန်တော်က ထိုသို့ ပြောတော့ ခင်မေဦးက ရယ်လိုက်ရင်းမှ



"ဒီမှာနော် ... ကုသိုလ်တွေက ဒီမှာ အများကြီး ပြန်တောင်ပေး လို့ရသေးတယ်"

ခင်မေဦးက ကျွန်တော့်ကို ပြန်နောက်ပါသည်။

"ကဲပါ ... ပြောမှာသာ ပြော ... ဘာကို လှူရမှာလဲ"

"ဒီလိုဟာ ... ငါတို့ ဒီညမှာ အကျွတ်ပွဲလုပ်မယ် ... ငါလုပ်တာ မဟုတ်ဘူး ... ဟိုဘက်ရပ်ကွက်က ကိုစိုးမောင်တို့လုပ်တာ ... မကျွတ်မလွတ်တဲ့သူတွေကို ညရောက်ရင် အစာကျွေးပြီး သုသာန်ရောက်တဲ့ အထိ လှူမှာ ... အဲဒါ စေတနာရှိသလောက်ပေါ့ ... "

ကျွန်တော့်စကားကို နားထောင်ပြီးနောက် ခင်မေဦးက မိန်းမသား ပီပီ နည်းနည်းတော့ ထိတ်လန့်သွားသည် ထင်ပါရဲ့။

"အမယ်လေး ... ကြားတာနဲ့တင် ကြက်သီးထနေပြီ ... မြန်မြန် လှူမှပဲ ... နေဦး ခဏ ... "

ခင်မေဦးက အိမ်ထဲ ဝင်သွားပြီး ပိုက်ဆံသွားယူပါသည်။ ပြီးတော့ ငွေတစ်ထောင်လှူပါသည်။

"နောက်မှ လာတွေ့မယ်နော် ... သွားပြီ"

ကျွန်တော်က ခင်မေဦးကို နှုတ်ဆက်ပြီး ကျွန်တော်တို့တွေ တခြားလူများဆီမှ အလှူခံဖို့ ထွက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်အေယ့်ကို ... ရယ်စရာလား တွေးစရာလား ဖြစ်လာခဲ့ဟာက လက်ဖက်ရည်ဆိုင်မှာပါ။



အလှူခံထွက်တာ ရှစ်ထောင်လောက်ရတော့ ဗိုက်ကလည်း ဆာသဖြင့် ကျွန်တော်တို့တွေ ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖို့ ဆုံးဖြတ်ပြီး လက်ဖက်ရည်ကို ကျွန်တော် ဒကာခံမည်ဟု ပြောတော့ ... အားလုံးက ကန့်ကွက်သူ မရှိပါ။

"ဟာ ... အတော်ပဲဟေ့ ... ဟိုမှာ ကိုဖိုးထင် အတော်ပဲ ... သူ့ အလှူခံရမယ် ..."

ကျွန်တော်က ဝမ်းသာအားရနှင့် ရပ်ကွက်ထဲမှာ လူမှုရေးတွေကို တက်တက်ကြွကြွ လုပ်သော ကိုဖိုးထင်ကို တွေ့ရသဖြင့် ပြောလိုက်ပါသည်။

"မင်းသိန်း ... ကြည့်တော့ ပြောနော် ... ကိုဖိုးထင်က နည်းနည်း စကားကို ကပ်ပြောတတ်တယ် ..."

ကျော်ကြီးက ကျွန်တော့်ကို သတိပေးစကား ဆိုပါသည်။

"သူ့ စကားကပ်ပြောတာက ရယ်တော့ ရယ်ရပါတယ်ကွာ ... ဒါပေ သူ့ဝသီပဲဟာ ... လာပါကွာ ..."

ကျွန်တော်က ဦးဆောင်ပြီး ကိုဖိုးထင် တစ်ယောက်တည်းရှိနေသော စားပွဲဆီသို့ သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မင်းသိန်းတို့ပါလား … လာကွာ ထိုင် … ဇကန္တ ဒီလို အုပ်စုဖွဲ့လာရင်တော့ သေချာပြီ၊ နက်ဖြန် သူခိုးကြီးညမှာ ထမင်းစု ချက်စားဖို့ပဲ ဖြစ်ရမယ် … ဘာလဲ … ငါ့ကို လာဖိတ်တာလား … ဒါမှမဟုတ် အလှူခံဖို့လား"

ရောက်ရောက်ချင်းမှာပဲ ကိုဖိုးထင်က ပြောချလိုက်ပါသည်။

"အလှူခံဖို့ကတော့ မှန်တယ် … ဒါပေမဲ့ ထမင်းချက်စားဖို့ မဟုတ်ဘူး … ဒီည ဟိုဘက်လမ်းက ကိုစိုးမောင်တို့နဲ့ပေါင်းပြီး မကျွတ်မလွတ်တဲ့ သူတွေကို အစာကျွေးအလှူဒါနလုပ်ပြီး အကျွတ်ပွဲလုပ်မလို့ အဲဒါ အလှူခံမလို့ … "

ကျွန်တော်က ရှင်းပြလိုက်သောအခါ ကိုဖိုးထင်က ကျွန်တော်နှင့်အတူ သူငယ်ချင်းများကို ကြည့်လိုက်ပြီး …

"ထိုင်ပါဦးကွာ … မင်းတို့ပြောတဲ့အလှူကို ငါ မလှူနိုင်ဘူး"

ကိုဖိုးထင်စကားကြောင့် … ကျွန်တော် နည်းနည်းတော့ ကသိကအောက် ဖြစ်သွားပါသည်။

"ငါ ဘာ့ကြောင့်ဖြစ်လို့ မလှူသလဲဆိုတာ မင်းတို့ကို ရှင်းပြမယ်"

ကျွန်တော်တို့ ထိုင်လိုက်ကြပါသည်။ ကိုဖိုးထင်က ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ပြီးနောက် …

"မင်းတို့ စဉ်းစားကြည့် … ငါဆို အခုထိ အိမ်ငှားနေရတာ … အိမ်လခကို အိမ်ရှင်က ဘယ်တော့ တိုးတောင်းမလဲ ရင်ပူနေရတာ၊ မင်းတို့တွေက အကျွတ်ပွဲလုပ်မယ်ဆိုလို့ အဲ ဒီဘုံဘဝက မကျွတ်တဲ့သူတွေ ကျွတ်လို့ လူပြန်ဖြစ်လာကြရင် စဉ်းစားကြည့်စမ်း … လူဦးရေတွေက ပိုတိုးလာမယ်၊ ကုန်ဈေးနှုန်းတွေက ပိုတက်လာမယ် … ကားတွေစီးရတာ လူပိုကျပ်လာမယ် … ရပ်ကွက်ထဲမှာ လူဦးရေတွေ ပိုတိုးလာမယ် … အိမ်ဈေး ခြံဈေးတွေ ပိုကြီးလာမယ် … အိမ်ငှားခတွေ အဆမတန် တက်လာမယ် … နောက်ဆုံး အဲဒီကျွတ်လာတဲ့ လူတွေထဲမှာ ထစ်ခနဲရှိရန်ဖြစ် … ခိုးဆိုးတိုက်ခိုက်



တဲ့လူတွေ ပါလာဦးမယ်ဆို ရပ်ကွက်လူကြီး အလုပ်ရှုပ် ခေါင်းရှုပ်စရာတွေ ဖြစ်ကုန်မှာ … ဒီအတိုင်း မကျွတ်ဘဲ ထားလိုက်ပါကွာ … ဒါကြောင့် ငါ မလှူတာပါကွာ … "

ကိုဖိုးထင် စကားအဆုံး အားလုံး ပြုံးလိုက်ကြပါသည်။

ကျွန်တော့်မှာလည်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် မဟုတ်သည် အသာထားလို့ ကိုစိုးမောင်တို့လုပ်သည့် တန်ဆောင်မုန်းလပြည့်နေ့ည အကျွတ်ပွဲကတော့ ဘဝမှာ မမေ့နိုင်စရာ တစ်ခုလို့ ပြောရပါလိမ့်မည်။



တန်ဆောင်မုန်းလပြည့်နေ့ ညရှစ်နာရီတွင် လှည်းပေါ် ထမင်းနှင့် အမဲသားဟင်းများ တင်ဆောင်ပြီး ကိုစိုးမောင်အပါအဝင် ကျွန်တော်ကို သူငယ်ချင်းအချို့ကော အခြားလူငယ်များကော လူနှစ်ဆယ်ခန့် ရပ်ကွက်မှ စထွက်ပါသည်။ ထိန်ထိန်သာနေသော လရောင်အောက်၌ မည်သူမှ စကားမပြောရ။ ထမင်းတစ်ပုံ၊ အမဲသားဟင်းဖတ်တို့ကို ဖက်ထဲထည့်ပြီး လမ်းတစ်လျှောက် ပုံပါသည်။ ထိုသို့ ပုံရင်းမှ ကိုစိုးမောင် ညွှန်ကြားထားသည့်အတိုင်း စိတ်ထဲမှနေ၍ မကျွတ်မလွတ်ရသေးသော သူများကို ကျွတ်လွတ်ပါစေဟု အမျှတန်းဝေရသည်။ ထို့အပြင် ကုန်းအကျွတ်၊ ရေအကျွတ်ဆိုသည့်အတိုင်း ရေထဲရှိ မကျွတ်မလွတ်သောသူများကိုလည်း ချောင်းစပ် မြောင်းစပ်တွင် ထမင်းပုံ၊ ဟင်းပုံပြီး ကျွေးရပါသေးသည်။ ယခင်နည်းအတိုင်း ဆုတောင်းရသည်။

ညဉ့်က နက်လာလေလေ လူသံကလည်း တိတ်လာလေလေ ဖြစ်လာလည်းတိုက် ထူးခြားမှု ဘာများဖြစ်လာလေမလဲ ကျွန်တော် သတိထားကြည့်တော့ သူများတွေတော့ မသိပါ။ နည်းနည်းတော့ ထူးခြားသည့် အနံ့အသက်မျိုး ရပါသည်။ ကျွန်တော်က စိတ်ထဲမှနေ၍ သပိမ် ဆုတောင်း

www.burmeseclassic.com



မြတ်ချမ်းသာဘုရားကြီးမှာလည်း ကြေးဆင်းတုတွေအပြင် မှန်ဦးကြီးပါလှူဒါန်းခဲ့တာ သားတို့အမြင်ပဲ။ ဘုရားကြီးကျောင်းတိုက်မှာလည်း လှူခဲ့တဲ့အပြင် ကိုရင်ပဉ္စင်းဝတ်ပေးပြီး သိက္ခာထပ်ပေးခဲ့တဲ့ ကိုယ်တော်တွေ အများကြီးပဲ။

ဒါကြောင့်လည်း အမေက မိဘတွေ ပြုစုပျိုးထောင်ခဲ့တဲ့ အမွေကို ဆက်လက်ထမ်းဆောင်တဲ့သဘောနဲ့ နှစ်စဉ်နှစ်တိုင်း ကျုံပျော်မြို့ကို ပြန်လာပြီးမိဘတွေကို ကျေးဇူးဆပ်တဲ့သဘောနဲ့ သံဃာတော်တွေကို ဆွမ်းကပ်၊ အမျှဝေနေတာပါ။

သားတို့ တစ်သက်လုံး မှတ်ထားဖို့ကတော့ လောကီ လောကုတ္တရာနှစ်ပါး အကျိုးရှိစေချင်ရင် သံဃာတော်တွေကိုမမေ့နဲ့။ အနီးကပ် ဆည်းကပ်ကိုးကွယ်ပါ။ ဘာသာရေးနဲ့ကင်းရင် လောကီလောကုတ် နှစ်ဖြာအကျိုး ယုတ်တယ်ကွယ့်။ မှတ်ထား။

ဂျပန်ခေတ်ရောက်တော့လည်း အမေတို့ဘဝ တည်တည်ငြိမ်ငြိမ်ပါပဲ။ အဖေဦးဘသောင်းက စစ်ဘက်ကမဟုတ်ဘဲ မြို့ပြကျန်းမာရေးဌာနကဆိုတော့ အမေတို့ အခြေမပျက်ပါဘူး။ ဂျပန်တွေက ဆက်ပြီး ရာထူးခန့်ထားပါတယ်။

အင်္ဂလိပ်ဗုံးကြဲလေယာဉ်တွေဖြစ်တဲ့ အရောင်မည်းမည်း ကွဲညီနောင်ဆိုတဲ့ လေယာဉ်ကြီးတွေကတော့ နှုတ်စဉ်ငှုချောင်း၊ ဒါးကချောင်း နဲ့ ချင်းယားချောင်းဆုံနေရာတွေကို ပျံဝဲပြီး ဗုံးကြဲတယ်။ စက်သေနတ်နဲ့ပစ်တယ်။ ဒါပေမဲ့ ကျုံး (၃) ခွခံနေတော့ မြို့ကိုမထိပါဘူး။

အဲဒီမှာ ပြောစရာရှိတယ်။ ဂျပန်တွေ ကျုံပျော်မြို့ကိုသိမ်းပြီးတော့ ဂျပန်ဆရာဝန်နာကာမူရာနဲ့ ကျောင်းဆရာမစ္စတာ အော်နောတို့လည်း ပါလာတယ်။ အဖေဦးဘစိန်က ကျန်းမာရေးဌာနကဆိုတော့ သူ





တို့အချင်းချင်း အလွန်အဖွဲ့ကျကြတယ်။ မစ္စတာနာကာမူရာနဲ့ မစ္စတာ အော်နောတို့က ဂျပန်ခေတ်ပညာတတ်တွေဖြစ်လို့ အလွန်ယဉ်ကျေးပါတယ်။ အင်္ဂလိပ်စကားလည်းတတ်တော့ အလွန်အဆင်ပြေပါတယ်။

ဒါကြောင့် အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်ကြလို့ မြို့သူမြို့သားအချို့ ပြေးကြပေမဲ့ အမေတို့မိသားစုကတော့ ဣန္ဒြေမပျက်နေမြဲပါပဲ။ ဂျပန်က မြန်မာပြည်ကိုသိမ်းပြီး ငြိမ်သွားတော့ ဂျပန်ခေတ်ပေါ့ကွယ်။ အမေတို့အိမ်ကို မစ္စတာနာကာမူရာနဲ့ မစ္စတာအော်နောတို့က နေ့တိုင်းလာတယ်။ စားကြသောက်ကြတယ်။ ချက်ထိုးရင်း စကားဝိုင်းဖွဲ့ကြတယ်။

ဒါကြောင့် အဲဒီဂျပန်တွေက အမေတို့အိမ်တစ်အိမ်သားလုံးနဲ့ ခင်နေကြတယ်။ အမေဒေါ်သောင်းကိုလည်း သူတို့က ကီမိုနိုအစတွေ၊ စည်သွတ်ဘူးတွေ၊ နို့ဆီသကြားနဲ့ လက်ဖက်ခြောက်တွေ၊ ဆပ်ပြာတွေကိုလည်း မကြာခဏပေးကြတော့ ဂျပန်ခေတ်အသုံးအဆောင်တွေ ရှားတဲ့အချိန်မှာ အမေတို့အိမ်ကတော့ ပေါများနေတာပေါ့။ ဂျပန်စစ်စစ်တွေဟာ 'ရှင်တို'လို့ခေါ်တဲ့ ဘာသာကို ကိုးကွယ်တော့ အမေတို့ကိုးကွယ်တဲ့ ဗုဒ္ဓနဲ့ နီးစပ်ပါတယ်။

၁၉၄၅ ခုနှစ်မှာပေါ့ကွယ်။ ဂျပန်တွေ စစ်ရှုံးစပြုတော့ အင်္ဂလိပ်လေယာဉ်က ကျုံပျော်မြို့ကို လာတိုက်တယ်။ အောက်က ဂျပန်တွေက ပစ်ချတော့ FIGHTER လေယာဉ်၊ 'အင်းရဲကြီး၊ ထောက်မနက်' အိုင်ထဲပျက်ကျပြီး အင်္ဂလိပ်လေသူရဲကို ဂျပန်တွေက ဖမ်းမိတယ်။

အမေတို့အဖေက ယခင် အင်္ဂလိပ်ခေတ်ကတည်းက ဝန်ထမ်းဆိုတော့ သံယောဇဉ်ရှိတာနဲ့ ဂျပန်တွေကို မေတ္တာရပ်ခံတယ်။ ဒါကြောင့် ဂျပန်တွေက မသတ်ဘဲ လေသူရဲကို ကျုံပျော်ဆေးရုံကြီးမှာတင်ပြီး ကုသ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအိမ်မှာ

ညည်းသံတွေ ရှိတယ်။

အဲဒီညည်းသံတွေကို

နားမခံနိုင်လို့

ခွဲခြမ်းစိတ်ဖြာကြည့်တော့ ...

မထင်မှတ်တာတွေ တွေ့လေရော။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ယခုရက်များအတွင်း ခင်မေဦးတို့ဆီသို့ ကျွန်တော် မရောက်ဖြစ်ပါ အပြင်တော ် သိပ်မထွက်ဘဲ အိမ်မှာပဲ 'တစ္ဆေဆရာလက်စွဲကျမ်း' စာအုပ်ကိ အသေးစိတ် ဖတ်ဖြစ်နေမိသည်။

"ကိုမင်းသိန်းရေ ... ကိုမင်းသိန်း ... ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်ကို လိုက်ခဲ့ပါဗျာ၊ အရေးကြီးတာ ပြောစရာရှိလို့ ... "

ကျွန်တော့်ဆီ အမောတကော ရောက်လာသော ဖိုးသားက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ သူ့ပုံစံကြည့်ခြင်းအားဖြင့် သိပ်အရေးကြီးမှန်း သိလိုက်သည်။

"ဘာဖြစ်လို့လဲ ဖိုးသားရ ... "

"ကိုမင်းသိန်း ... စိတ်ဝင်စားမဲ့ကိစ္စပဲဗျ ... အသေအချာကတော့ ကျွန်တော်လည်း မပြောတတ်ဘူး ... လက်ဖက်ရည်ဆိုင်ရောက်မှ သိရမှာ"

ကျွန်တော်လည်း မထူးတော့ပါဘူးဆိုပြီး ဖတ်လက်စ 'တစ္ဆေဆရာလက်စွဲကျမ်း' စာအုပ်ကို ကပျာကရာ သိမ်းပြီး ဖိုးသားနှင့်အတူ လက်ဖက်ရည်ဆိုင်သို့ ထလိုက်လာခဲ့သည်။

ထိုမှာပဲ တွေ့ခဲ့သိခဲ့ရတာက ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းသိန်း ... သူက ကိုတရုတ်ကြီး ... ဈေးထဲမှာ အထည်ဆိုင်ဖွင့်တာ ... ဟိုဘက်ရပ်ကွက်မှာနေတာ"

လက်ဖက်ရည်ဆိုင် ရောက်တော့ ... အသင့် ထိုင်စောင့်နေသူတစ်ယောက်နှင့် မိတ်ဆက်ပေးပါသည်။

"ကဲ ... ကိုတရုတ်ကြီး၊ အစ်ကို ဖြစ်တာတွေ ပြောပြ"

ဖိုးသားက ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်ပါသည်။ ကျွန်တော်က ကိုတရုတ်ကြီးကို အကဲခတ်မိသည်မှာ သူ့မျက်နှာ အမူအရာကို ကြည့်ခြင်းအားဖြင့် တစ်စုံတစ်ခုကို ထိတ်လန့်စိုးရွံ့နေသလို ခံစားနေရတာ အကဲခတ်လို့ရသည်။

"ဒီလိုဗျာ ... ကျွန်တော့်အိမ်မှာ တစ်ပတ်လောက်ရှိပြီ ... ညညညဆိုညည်းသံတွေ ကြားကြားနေရတယ် ... အိမ်မှာရှိတဲ့လူတွေကလည်း သရဲကြောက်တတ်သူတွေဆိုတော့ သေသေချာချာ ဘာလဲဆိုတာ မသိဘူး"

"နေဦး ကိုတရုတ်ကြီး ... အဲဒီညည်းသံက နေ့ဘက်ကော ကြားရလား ..."

"နေ့ဘက်တော့ မကြားရဘူး ... ညဆိုရင်တော့ ကြားရတယ်၊ အထူးသဖြင့် နည်းနည်းညဉ့်နက်ရင်ပေါ့"



ကိုတရုတ်ကြီး၏ စကားအဆုံး ကျွန်တော် နည်းနည်း သဘောပေါက်လိုက်ပါသည်။

"ကိုတရုတ်ကြီး ... ကျွန်တော် တစ်ခုမေးရဦးမယ် ... ခင်ဗျားနဲ့ နီးပွားပြိုင်ဘက်တွေ ဘာတွေ ရှိလား ..."

ကျွန်တော့်မေးခွန်းအား ကိုတရုတ်ကြီးက မဆိုင်းမတွဘဲ ...

"ဟာ ... ရှိတာပေါ့၊ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်က အထည်ဆိုင်ရှိတယ်၊ ကျွန်တော်တို့ ရောင်းတာထက်ကို ဈေးလျှော့ရောင်းတာ ပြိုင်ဘက်လို ဖြစ်နေတာ ..."

ကျွန်တော်က လက်ဖျောက်တစ်ချက် တီးလိုက်သည်။ သေချာပြီ၊ ဟုတ်ကို ဟုတ်ပြီလို့။

"ကိုတရုတ်ကြီး ... ခင်ဗျား ဘာမှမပူနဲ့ ... တကယ်တော့ ခင်ဗျားရဲ့ စီးပွားပြိုင်ဘက်က ခင်ဗျားကို ဒုက္ခရောက်အောင်လို့ လုပ်ထားတာ ..."

"ဘယ်လိုလုပ်တာလဲဗျာ ..."

ကိုတရုတ်ကြီးက သိလိုဇောနဲ့ မေးပြန်ပါသည်။

"ဒီရက်ထဲ ဧည့်သည်တွေဘာတွေ အိမ်ကို အဝင်အထွက်ရှိလား"

"နေ့တိုင်း အဝင်အထွက်ရှိတာ၊ ရပ်ကွက်ထဲမှာ နေ့သွင်းအထည်ပေးတဲ့သူတွေက နေ့တိုင်းလာနေတာ ... အဲဒီထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့ ... လုပ်ပါဦးဗျာ၊ ဘယ်လိုလုပ်ရမလဲ ..."

ကိုတရုတ်ကြီး သာမက ဖိုးသားကပါ ကျွန်တော့်ဆီက ထွက်ပေါ်လာမည့်အဖြေကို သိချင်နေကြပါသည်။

"ကျွန်တော့်ဆီမှာရှိတဲ့ တစ္ဆေဆရာလက်စွဲကျမ်းစာအုပ်ထဲမှာ ပါတယ် ... ဘာမှမပူနဲ့ ... လာ ... ခင်ဗျားတို့အိမ်သွားပြီး အခုပဲ ဒီကိစ္စကို ဖြေရှင်းမယ် ... တစ္ဆေတွေကို ဆရာလုပ်မဲ့သူပါဗျာ ... ဒီလောက်တော့ အေးအေး ဆေးဆေးပဲ ... ခင်ဗျားတို့ အိမ်ရောက်ရင် ဒီကိစ္စပြီးပြီ ..."

"ကျေးဇူးတင်ပါတယ်ဗျာ ... ဒီညည်းသံပျောက်မှ အိပ်လို့ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ကနေ ကိုတရုတ်ကြီးတို့အိမ်ဆီသို့အလာ လမ်းမှာ ကျော်ကြီးကိုပါ တွေ့သဖြင့် အဖော်ခေါ်လာခဲ့သည်။ ကျော်ကြီးကလည်း စိတ်ဝင်တစားနှင့် လိုက်လာပါသည်။



ကျွန်တော်ကတော့ ကျွန်တော်၏ ပညာစွမ်းကို ပြသခွင့်ရမှာမို့ အကျေနပ်ကြီး ကျေနပ်လို့နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုတရုတ်ကြီးတို့ အိမ်ရှေ့ ရောက်သောအခါ အိမ်အနေအထားကို ကျွန်တော် အကဲခတ်လိုက်ပါသည်။ အိမ်က သစ်သားပျဉ်ထောင်အိမ်ကြီး ဖြစ်သည်။ အိမ်သစ်သားနံရံတွေကို ရေနံချေးအဝသုတ်ထားသည်။

"မိန်းမရေ ... ညည်းညည်းနေတဲ့ ကိစ္စကို ရှင်းမဲ့ဆရာ ပါလာပြီဟေ့။ တော်တော်ကြောက်ဖို့ကောင်းတယ် ... ကိုယ်ဝန်ဆောင်မိန်းမ သေသွားလို့ မြှုပ်တဲ့မြေကို တို့အိမ်ထဲမှာ မနေလိုတဲ့သူက ထားထားတာတဲ့ ... "

ကိုတရုတ်ကြီးက အိမ်ထဲ ဝင်ဝင်ချင်း သူ့မိန်းမကို အော်ပြောလိုက်ပါသည်။ ကိုတရုတ်ကြီးမိန်းမခမျာ ကိုတရုတ်ကြီး စကားကြောင့် ပိုပြီးတောင် ထိတ်လန့်သွားသလား ထင်ရပါသည်။

"တော်ပါသေးရဲ့ ... ကလေးတွေ ကျောင်းသွားနေလို့ ... ကလေးတွေသာရှိရင် ပိုကြောက်ကုန်မှာ ... "

ကျွန်တော်က ကိုတရုတ်ကြီး မိန်းမစကားကို နားထောင်နေရင်းမှ အိမ်ထဲကို အကဲခတ်လိုက်သည်။

ရုတ်တရက် အိမ်ခေါင်းရင်းဘက်ဆီက ညည်းသံမျိုး ကြားလိုက်ရသည်။ ကျွန်တော့်လိုပဲ အခြားသူတွေလည်း ကြားရလို့လား မသိ။ နည်းနည်းလန့်နေသလို ဖြစ်နေသ...။



"ဟုတ်တယ် ... အဲဒီ ညည်းသံမျိုးပဲ ... အခု ဒီကိစ္စဖြေရှင်းမဲ့ဆရာ လာလို့ အသံပေးတာလား မသိဘူး"

ကိုတရုတ်ကြီးက ကျွန်တော့်ကို ပြောလို့မဆုံးခင် ဖိုးသားက ...

"ကိုမင်းသိန်း ... ဒါ ကိုမင်းသိန်းကို ပညာစမ်းတာ ... "

ဖိုးသားက ကျွန်တော့်ကို ပြောနေတာ ကျော်ကြီးက ရှေ့ဆက် ဘာ ဖြစ်လာမလဲဆိုသည့် ပုံစံမျိုး စိတ်ဝင်တစား ဖြစ်လို့နေသည်။

"ဘာမှမပူနဲ့ ... တစ္ဆေဆရာလုပ်မဲ့ မင်းသိန်းပါဗျာ ... ကဲ ... အိမ် နောက်ဖေးမှာ ထင်းနဲ့မီးမွှေး ... ပြီးတော့ ဟောဒီ အိမ်အလယ်ခေါင်မှာ လည်း သံပြားခင်းပြီး မီးမွှေး၊ နောက်ပြီး ဆန္ဒင်းမှိုင်းပါမွှေး ... ဒီလို မီးခိုး မှိုင်းတိုက်ရင် သင်္ချိုင်းကယူလာတဲ့ ကိုယ်ဝန်ဆောင်သည် မြှုပ်တဲ့မြေမှာ တွယ်ငြိနေတဲ့ ကိုယ်ဝန်ဆောင် သရဲမဝိညာဉ် တစ်ခါတည်း ဒီအိမ်ထဲက ထွက်ပြေးရမှာ ... ဒါ သူ့ကို နိုင်တဲ့နည်းပဲ"

ကျွန်တော့်စကားဆုံး ကိုတရုတ်ကြီး မိန်းမက နောက်ဖေးမှာ ထင်း မီးမွှေးပါတော့သည်။ ကိုတရုတ်ကြီးလည်း ဘယ်နေပါ့မလဲ ...။ နောက် ဖေးက ထင်းတွေကော အိမ်ရှေ့က ထင်းတွေပါ ယူလာပြီး သွပ်ပြားပေါ်မှာ တင်ပြီး မီးမွှေးပါတော့သည်။ ထို့နောက် ဆန္ဒင်းတက်တွေနှင့်ပါ မီးပေါင်း မွှေးပြန်ပါသည်။

"ကဲ ... ဖိုးသားတို့ ကျော်ကြီးတို့ ထင်းတွေကို ယပ်ခပ်ပေး"

ကိုတရုတ်ကြီးက ယပ်တောင်နှစ်ချောင်းကို ကျော်ကြီးနှင့် ဖိုးသား တို့နှစ်ယောက်အား ပေးလိုက်ပါသည်။ ကိုတရုတ်ကြီးကလည်း ဆန္ဒင်းတက် များကို ယပ်ခပ်လို့နေသည်။

မကြာပါ။ တစ်အိမ်လုံး မီးခိုးမှိုင်းများက မွှန်ထူနေပါတော့သည်။ ဆန္ဒင်းတက်နံ့များကလည်း မွှန်။ ကိုယ်ဝန်ဆောင်သရဲမတော့ မသိ ...။ ကျွန်တော်တို့တစ်တွေမှာတော့ အတော့်ကို အသက်ရှူရတာ မွန်ထူနေ ပါသည်။ ညည်းသံလည်း မကြားရတော့။

"ဟဲ့ ... ဘာတတ်နိုင်သေးလဲ ကိုယ်ဝန်ဆောင်သရဲမ ... နင် ဘာ

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သေးလဲ … ဒီလို လာပြီးစော်ကားလို့ ရမလား၊ ထွက် … နင် အိမ်အပြင်ကို ထွက် … နင့်ကို အိမ်ခြံဝင်းထဲမှာ ကြိုးတုပ်ပြီး စစ်ရမယ် … ထွက် … ”

ကျွန်တော်က ဖနောင့်ပေါက်ရင်းမှ အမိန့်ပေးလိုက်ပါသည်။

“ကိုတရုတ်ကြီး … ကျွန်တော့်ကို ကြိုးတစ်ချောင်းပေးပါ”

“ဟုတ်ကဲ့ … ”

ကိုတရုတ်ကြီး ပုခက်ကြိုးဟောင်းတစ်ချောင်းကို ရှာပြီး လာပေးပါသည်။

“ဟဲ့ … ကိုယ်ဝန်ဆောင် သရဲမ … လာ … လိုက်ခဲ့”

ကျွန်တော်က ကြိုးကိုကိုင်ပြီး အိမ်ရှေ့ခြံဝင်းထဲက အုန်းပင်ရှေ့သို့ အိမ်ထဲမှ ထွက်လာခဲ့သည်။ အုန်းပင်ရှေ့သို့ ရောက်သောအခါ …

“ကဲ … နင် … ဒီအပင်မှာ ကပ်လိုက် … ”

ကျွန်တော်က အုန်းပင်ကို ကြိုးနှင့်တုပ်လိုက်ပါသည်။

“မင်းသိန်း … အဲဒါ ဘာလုပ်တာလဲ … ”

ကျော်ကြီးက သိချင်ဇောနှင့် မေးလိုက်သည်။

“ကိုယ်ဝန်ဆောင်သရဲမရဲ့ ဝိညာဉ်ကို အုန်းပင်မှာ ကြိုးနဲ့တုပ်ပြီး ဖမ်းထားတာ … ဒင်းကို ပညာပေးပြီး နှင်ထုတ်မလို့ … ”

ကျွန်တော်က ကြိုးနှင့်တုပ်ထားသော အုန်းပင်ကို ကြည့်ပြီး …

“ဟဲ့ … သရဲမ၊ နောက်တစ်ခါ နှောင့်ယှက်ရင် နင် ဒီ့ထက်နာမယ်၊ ဒါ တစ္ဆေဆရာ မင်းသိန်းရဲ့ အမိန့် ကြားလား … နင် အခု ထွက်သွားတော့”

ကျွန်တော်က အုန်းပင်က ကြိုးကို ဖြည်လိုက်စဉ်မှာပင် …

“ဟင်း … ဟင်း … ဟီး … ”

အိမ်ခေါင်းရင်းဘက်ဆီက ညည်းသံ ထပ်ကြားရသဖြင့် နည်းနည်းတော့ လန့်သလိုဖြစ်ရင်းက ကျွန်တော် ချွေးပျံသွားသည်။ ကျွန်သည့် သူတွေလည်း ညည်းသံကြားရာ အိမ်ခေါင်းရင်းဆီသို့ ကြည့်လိုက်ကြသည်။



“ဟာ … ခေါင်းရင်းဘုရားစင်မျက်နှာကျက် ဟာနေတဲ့နေရာက ခိုပျံသွားတာပါလား … နေပါဦး … တက်ကြည့်ပါဦးမယ်”

ကိုတရုတ်ကြီးက ခေါင်းရင်းဘုရားစင်ဘက်ဆီမှ ခိုပျံသွားတာကို မြင်ရ၍ အံ့အားတသင့် ပြောရင်း အိမ်ခေါင်းရင်းဘုရားစင်ဆီသို့ လှေကား ယူပြီး တက်ကြည့်လိုက်သည်။

“လွဲပါပြီ တစ္ဆေဆရာရေ … လက်စသတ်တော့ ခိုက ဒီဟာနေတဲ့ ဘုရားစင်မျက်နှာကျက်ကြားထဲမှာ အသိုက်လုပ်ပြီး ဝင်နေတာကိုး၊ ခိုဥတွေ လည်း ရှိတယ် … ဒါကြောင့် ခိုရဲ့သဘာဝ ညည်းတာ … စောစောက မီးခိုမှိုင်းတိုက်လို့ ခိုက မွန်ပြီး လန့်ပျံတာ … ခင်ဗျားနဲ့ဗျာ … ဘယ်က ကိုယ်ဝန်ဆောင်သရဲမ ဟုတ်ရမှာလဲ၊ သွားပါပြီ … တစ်အိမ်လုံးလည်း မွှန် ကုန်ပြီ … ”

ကိုတရုတ်ကြီးက လှေကားပေါ်မှ ဆင်းလာရင်း …

“မိန်းမရေ … ထင်းမီးတွေ မြန်မြန်သတ် … မီးလောင်တယ်ထင်ပြီး တော်ကြာ ပြဿနာတက်ဦးမယ် … ကိုယ်ဝန်ဆောင်သရဲမ ညည်းတာ မဟုတ်ဘူးဟေ့ … ခိုညည်းတာ”

“ရှင် … သရဲမ မဟုတ်ဘူး ဟုတ်လား … ဒါနဲ့ သရဲမဆို … ဘယ်မှာလဲ တစ္ဆေဆရာ … ”

အိမ်ထဲကနေ ဒေါ်သတ်ကြီးနှင့် ကိုတရုတ်ကြီးမိန်းမက အော်ပြော တာကို ကျွန်တော် ကြားနေရသည်။

ကျွန်တော်က ဖိုးသားကို ကြည့်လိုက်ရင်း …

“ဖိုးသား … မင်း ကြည့်ရှင်းလိုက် … ငါ ပြေးပြီ … ကျော်ကြီး လာဟေ့ … ”

ဖိုးသားကို ရယ်ကျဲကျဲလုပ်ရင်းမှ ကျော်ကြီးကို လက်တို့ပြီး ကိုတရုတ် ကြီး ခြံဝင်းထဲကနေ အမြန်လစ်ထွက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟဲ ... ဟဲ ... လမ်းမှာ ဘာပြောကောင်းမလဲ တစ္ဆေဆရာ ကျွန်တော့်ကို ကျော်ကြီးက ကောင်းကောင်းမေတ္တာပို့ပါတော့သည်။

တစ္ဆေဆရာ ကျွန်တော် ပထမဦးဆုံးအတွေ့အကြုံမှာပဲ နည်းနည်း လွဲပါရောလားဗျာ ... ။

ချစ်သူဆိုက
မေတ္တာကိုရှို့
မြစ်ရိုးသားစွာနဲ့
မတောင်းဆိုရဲသူတွေအတွက်
အားတိုးအားထား ရှာကြတယ်။
'ဝိယဆေး' တဲ့။
တကယ်ကော ရကြရဲ့လား မသိ ... ။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

ကျွန်တော့်ကို သူငယ်ချင်းတွေက ကိုတရုတ်ကြီးတို့ အိမ်က ကိုပေ ဝန်ဆောင်သရဲမကိစ္စပြီးကတည်းက 'တစ္ဆေဆရာလွဲ' ဆိုပြီး ကလိကြ သည်။ အဆိုးဆုံးက ဘိုထွန်းပဲ ဖြစ်ပါသည်။ ကျွန်တော်ကတော့ ဂရုမစိုက်ပ ထိုကိစ္စကို အိမ်ရောက်မှ အသေအချာ သုံးသပ်ကြည့်မိသောအခါ တိုက်ဆို ဖူပင် ဖြစ်လိမ့်မည်ဟု ကျွန်တော် ယုံသည်။ ခိုက သူ့ဘာသာညည်းငြ ပုံတာက သတ်သတ်၊ တကယ့်ကို ကိုယ်ဝန်ဆောင်သရဲမ ဝိညာဉ်က သင သတ်ဟု ကျွန်တော် ထင်သည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အိမ်တွင် ရှိနေ သော 'တစ္ဆေဆရာလုပ်နည်း' ကျမ်းစာအုပ်ထဲက အကြောင်းအရာတွေက မှားနိုင်။

ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားရင်း ... လမ်းလျှောက်လာသေ ကျွန်တော် ဘာကိုမှ သတိမထားမိ။ တစ်စုံတစ်ဦးက မျက်နှာချင်းဆိုင်န လျှောက်လာပြီး ကျွန်တော့်ကို ဖြတ်ကျော်တက်သွားတာကိုလည်း သင ဆော ပါ။

"မင်းသိန်း ... ဟဲ့ ... ဘာတွေ တွေးပြီး လျှောက်နေတာလဲ"

ကျွန်တော့်နာမည်ကို ခေါ်သံကြားသဖြင့် ကျွန်တော့်အတွေးတွေ ရပ်တန့်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုခေါ်တာ ဘယ်သူလဲလို့ ကြည့်မိပါသည်။

တော့်တော့်ကို မင်္ဂလာရှိသော ရုပ်သွင်ပြင်ကို မြင်ရပါသည်။ နတ်သမီးတော့ မဟုတ်ပါ။ နတ်သမီးဆိုလျှင်လည်း ခေါင်းမှာ အချွန်အတက်တွေနှင့်မို့ ကြည့်လို့ ဘယ်လိုမှမကောင်း။

ယခုတော့ ကြည့်လို့ကောင်းနေပါသည်။ ကျွန်တော်က ချစ်ရသော ခင်မေဦးက ကျွန်တော့်ကို ခေါ်လိုက်လို့ ဖြစ်ပါသည်။

“ဒီလိုပါပဲဟာ ... ငါတို့နှစ်ယောက်ရဲ့ အနာဂတ်ဘဝရှေ့ရေးပေါ့ဟာ”

ချစ်သူ အနည်းငယ် စိတ်ကောက်လျှင် ကမ္ဘာကြီး နေသာထိုင်သာရှိဖို့အတွက် ကျွန်တော် ကလိလိုက်ပါသည်။

“နင့်စကားက ဘာစကားလဲ မင်းသိန်းရ ... သွားစမ်းပါ”

ခင်မေဦးက မျက်စောင်းထိုးပြီး ကျွန်တော့်ကို ပြန်ကလိပါသည်။ ကျွန်တော်က ခင်မေဦးကို ချစ်မိတာ ထိုမျက်စောင်းလည်း ပါဝင်ပါလိမ့်မည်။

“ငါ ... နင့်ကို ထားပြီးတော့ အဝေးကို မသွားနိုင်ပါဘူးဟာ”

“ဒါဆို အတော်ပဲ ... သိပ်ပြီးတော့ အဝေးကြီး မဟုတ်ပါဘူး၊ ရှေ့နားဆို ရောက်ပြီ ... အအေးဆိုင်မှာ နင် အအေးလိုက်တိုက်”

“တိုက်ရမှာပေါ့ဟာ ... ကိုယ် မြတ်နိုးတဲ့ချစ်သူကို အအေး ဒကာခံရတာ အကြမ်းဖက်သမားတစ်ယောက်ကို ထောက်ပံ့ကြေးပေးရတာမှ မဟုတ်တာ ... တိုက်ဦးမှာ ... ”

အခုလို လမ်းတစ်ယောက်တည်း လျှောက်ရတာ သည်နေ့တော့ မင်္ဂလာရှိသွားတာ အမှန်ပဲလို့။

စဉ်းစားကြည့်လေ။ ကိုယ်က ချစ်ခွင့်တောင်းခံထားသည့် ချစ်သူနှင့် အအေးဆိုင်ထိုင်ရတာ နည်းသည့်အခွင့်အရေးလား။ ကျေကျေနပ်နပ်ကြီးကို လက်ခံရမှာ။ ငြင်းပယ်လို့ ကောင်းသည့်အရာ မဟုတ်တာ သေချာပါသည်။



“မင်းသိန်း ... ပေါက်ကရတစ္ဆေသရဲကိစ္စတွေ လျှောက်မလုပ်နဲ့ဟာ ... လူရယ်စရာဖြစ်ပြီး တော်ကြာ ကိုယ့်ကို ဟုတ်လို့ အဲဒီ ပရလောကတွေက ပြန်ဒုက္ခပေးရင် နင် ဒုက္ခရောက်မှာ ... ”

အအေးဆိုင် ခြံစည်းရိုးအစပ်မှာ မီးကလေးတွေက လင်းထိန်နေသည်။ ကောင်းကင်ကို မော့ကြည့်တော့ လမင်းက အနည်းငယ် ထွက်ပေါ်စပြုပြီ။

“ဘာလဲ ... ဟိုတစ်နေ့က ကိစ္စကို ဘိုထွန်းတို့က နင့်ကို လာပြီး အတင်းတုပ်တာ မဟုတ်လား ... ”

ကျွန်တော်က ခင်မေဦးကို မေးလိုက်တော့ ခင်မေဦးက ရယ်လိုက်ပြီး ...

“တော်သေးတာပေါ့ မင်းသိန်းရယ် ... အိမ်ထဲမှာ မီးခိုးငွေ့တွေ ဒီလောက်ထွက်တာ ဘေးအိမ်တွေက မီးလောင်တယ် ထင်ပြီး မအော်လို့ ... အော်ရင် တော်တော်ရှင်းရခက်မှာ ... ”

“ဒီကိစ္စတွေက ခက်တယ်ဟ ... ဒီပရလောကဆိုတာ ရှိသိုးတယ်၊ ဒါက ယုံမှဟ ... တစ်ခါတလေ မထင်မှတ်တာတို့ ... ကိုက်ဆိုင်တာဘို့ ရှိသေးတယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



ခင်မေဦးက အအေးကို ပိုက်နှင့်စုပ်သောက်တာကို ရပ်တန့်လိုက်ရင်းမှ …

“ဟဲ့ … တော်တော့ … ပြန်ရင် ငါတစ်ယောက်တည်း ပြန်ရမှာ … မပြောနဲ့တော့ ကြောက်လာပြီ … ”

တကယ်ပါ။ ခင်မေဦး၏မျက်နှာမှာ ကြောက်လန့်သလို အမူအရာမျိုး တွေ့ရပါသည်။

“ငါ လိုက်ပို့ပါမယ်ဟာ … နင့်ဘဝမှာ နင့်ဘေးမှာ ငါမပါရင် မပြီးပါဘူး … ”

“တော်တော့နော် … အသားမယူနဲ့ … တကယ်တည်း … ဟွင်း”

ခင်မေဦးက စိတ်ဆိုးသလိုမျိုး လုပ်ပြီး ပြောလိုက်တာကိုက … အတော့်ကို ချစ်ဖို့ကောင်းနေပါသည်။



အပြန်ခရီးမှာတော့ ကောင်းကင်ပေါ်က လမင်းကြီးက ကျွန်တော်နှင့် ခင်မေဦး သွားရာနောက်ကို တကောက်ကောက် လိုက်ပါနေသ ဖို တောင် ထင်နေမိပါသည်။

အဲဒီအချိန်မှာတော့ ခင်မေဦးကလွဲပြီး ကျွန်တာတွေအားလုံးကို မေ့နေတာက အမှန်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အိမ်ထဲမှာ စာဖတ်ရတာ နည်းနည်းပျင်းလာသဖြင့် ထိုင်နေရာ လက်ဖက်ည်ဆိုင်ဆီသို့ ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်မှာ ကိုယ့်ထက် ကြိုရောက်သူက ရှိနေပါသေးသည်။ ကျော်ကြီးတစ်ယောက်တည်း လက်ဖက်ရည်သောက်ရင်း အားကစားဂျာနယ်တစ်စောင် ဖတ်လို့နေပါသည်။

"တစ္ဆေဆရာကြီးပါလား ... ကြွဗျာ ... ဒီနေ့ကော ဘယ်လို နိမိတ်နမိတ်ခန်းတွေရှိလဲ ... ကျွန်တော်တို့ ပြေးရအောင်လို့ပါ"

ရောက်ရောက်ချင်း ကျော်ကြီးက ဂျာနယ်ကို ပိတ်လိုက်ပြီး စားပွဲခုံပေါ် ပစ်ချလိုက်ပြီး ပြောလိုက်သည်။

"ဒီမှာ ကျော်ကြီး ... လူကို စော်ကားချင် စော်ကား ... ငါ့ဆီမှာရှိနေတဲ့ တစ္ဆေဆရာလုပ်နည်းကျမ်းစာအုပ်ထဲက ပညာရပ်တွေကို မစော်ကားနဲ့ ..."

ကျော်ကြီးက ရယ်ကျဲကျဲ လုပ်လိုက်ရင်းမှ ကျွန်တော့်အတွက် လက်ဖက်ရည်မှာပေးပါသည်။

"အတော်ပဲကွာ ... တွေ့မှ တွေ့ပါ့မလားလို့ မင်းသိန်းရာ ... ဘိုထွန်းက ဒီကို လွှတ်လိုက်တာ ..."



လက်ဖက်ရည်သောက်ကောင်းမည် လုပ်ခါမှ ... အရူယားဖားယားအလောတကြီးနှင့် လူပျိုကြီး ကိုဟန်ရွှေတစ်ယောက် ကျွန်တော်နှင့် ကျော်ကြီး ရှိနေသောနေရာသို့ ရောက်လာပါသည်။

နည်းနည်းတော့ စိတ်ညစ်သွားပါသည်။ ကိုဟန်ရွှေတစ်ယောက် သူပိုးပန်းခဲ့သည့် အမျိုးသမီးများအကြောင်း ကျွန်တော်တို့ကို အပီ ရင်ဖွင့်တော့မည်။

ဘိုထွန်းက မည်သည့်သဘောနှင့် သည်နေရာကို လွှတ်လိုက်မှန်းမသိပါ။

"မင်းသိန်း ... မင်းက တစ္ဆေတွေကို နိုင်တဲ့ဆရာလို့ ဘိုထွန်းကပြောတယ် ... ဂါထာ၊ မန္တန်တွေနဲ့ ပတ်သက်လို့လည်း မင်းက စွမ်းတယ်တဲ့၊ မင်းမှာ တစ္ဆေတွေကို ဆရာလုပ်ဖို့ လမ်းညွှန်ထားတဲ့ စာအုပ်လည်း ရှိတယ်တဲ့ ... ဒီတော့ ငါက ပြောတယ် ... ငါ ကြိုက်နေတဲ့ ကောင်မလေးကို ငါလိုက်တာ အသက်ချင်း နည်းနည်းကွာနေလို့ ခက်နေတာ ... အဲဒါ ဘိုထွန်းကိုပြောတော့ ဒီကောင်က အဲဒီ ငါကြိုက်နေတဲ့ ကောင်မလေး ပြန်ကြိုက်ဖို့ မင်းက အဆောင်လက်ဖွဲ့ ပီယဆေးတွေ လုပ်ပေးနိုင်တယ်တဲ့ ... လုပ်ပါကွာ ... ကူညီပါဦး ..."

ဘိုထွန်းကတော့ ကျွန်တော့်ကို ကောင်းကောင်း ပညာပေးပြီလေ။ ဘိုထွန်းတို့ ကျော်ကြီးတို့ မသိတာ ရှိပါသေးသည်။ ကျွန်တော့် တစ္ဆေဆရာလုပ်နည်းကျမ်းစာအုပ်ထဲမှာလည်း ... ပီယဆေးနည်း၊ အဆောင်တွေ၊ လက်ဖွဲ့တွေအကြောင်း ရေးထားတာ ရှိနေလို့ပါ။

ထိုထဲကနည်းအတိုင်း မှန်သလား မမှန်သလားဆိုတာ ... ကိုဟန်ရွှေကိစ္စနှင့် စမ်းသပ်တာ အကောင်းဆုံးဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။

"ရှိတာပေါ့ဗျာ ... ကူညီရမှာပေါ့ ..."

"ဟေ့ကောင် မင်းသိန်း ... ကြည့်လုပ်ဦးနော် ..."

ကျော်ကြီးက ပထမတစ်ခါမျိုး ဖြစ်မှာစိုးသဖြင့် ကျွန်တော့်ကို သတိပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုဟန်ရွှေ ... နည်းတွေက အများကြီးရှိတယ် ... ပီယဆေးအတွက် သချိုင်းမှာ တချို့က သွားယူတာရှိတယ် ... အမျိုးမျိုးပေါ့ဗျာ၊ ခင်ဗျားကိုတော့ အလွယ်ကူဆုံး နည်းပေးမယ် ... ပီယဆေးလိပ်အငွေ့လွှတ်နည်းပေါ့ဗျာ ... အဲဒီနည်းနဲ့ အောင်မြင်ရင် အောင်မြင် ... မအောင်မြင်ရင် ပီယနေလှန်း အင်းစီရင်ပေးမယ် ... "

ကျွန်တော့်စကားကို အသေးစိတ် စိတ်ဝင်တစားဖြင့် ကိုဟန်ရွှေက နားထောင်နေပါသည်။ ထိုအချိန်မှာပဲ ဖိုးသားလည်း ကျွန်တော်တို့ရှိရာသို့ ရောက်လာပါသည်။ ကိုဟန်ရွှေကို မကျေမနပ်သည့်ပုံစံနှင့် ဘုကြည့်ကြည့်ပြီး ကျွန်တော့်ဘေးနားတွင် ထိုင်ချလိုက်ပါသည်။ ဒါကို ကိုဟန်ရွှေက လုံးဝမသိ။

"ဘယ်လိုပီယဆေးလိပ်အငွေ့လွှတ်နည်းလဲကွာ ... မြန်မြန်လေးပေးကွာ ... ငါလေ သူလေးနဲ့ နီးစပ်ချင်လို့ပါကွာ၊ သူလေးက ငါ့ရဲ့ အိုအေစစ်၊ ငါ့ရဲ့ အလင်းရောင်၊ ငါ့ရဲ့ မီးအိမ်ငယ်လေးပါကွာ"

ဘိုထွန်းကို အတုံးလိုက် အတစ်လိုက် မေတ္တာပို့နေမိပါသည်။ ကိုယ့်ရှေ့လာပြီး ရုပ်ကြမ်းကြီးနှင့် နွဲ့နေသော ကိုဟန်ရွှေကိစ္စကို မြန်မြန်ဖြတ်မှဖြစ်မည်။

"စိတ်ချပါဗျာ ... ကဲ ... အစ်ကိုရာ အစ်ကို့ရုပ်ကြီးနဲ့ နွဲ့မနေပါနဲ့၊ စာရွက်တစ်ရွက် လက်ဖက်ရည်ဆိုင်က တောင်းပေးမယ် ... သေသေချာချာလိုက်မှတ် ... "

"နေနေ မင်းသိန်း ... အစ်ကို သွားတောင်းလိုက်မယ်"

ကိုဟန်ရွှေက လက်ဖက်ရည်ဆိုင် ပိုင်ရှင်ဆီက စာရွက်တစ်ရွက်တောင်းပြီး ယူလာပါသည်။

"ကဲ ... ပီယဆေးလိပ်အငွေ့လွှတ်နည်း လိုက်မှတ်တော့ ... ဆန်ကောတစ်ချပ်ရဲ့ အလယ်မှာ ဆေးလိပ်လိပ်တဲ့ ဖက်တစ်ချပ်ကို ကန့်တော့ပုံစံလုပ်ပြီး နည်းနည်းနေလှန်း ... ပြီးရင် အသုဘအိမ်က သတင်းလာမေးတဲ့ လူတွေကို ဧည့်ခံပြီး တိုက်တဲ့ဆေးပေါလိပ်တစ်လိပ်ကိုယူ ... ပြီးရင် စောစောက ကန့်တော့လုပ်ထားတဲ့ ဖက်ကိုယူပြီး အသုဘအိမ်က ယူလာတဲ့ ဆေးပေါလိပ်မှာ ပတ်လိုက် ... ပြီးရင် သစ်ပင်ကြီးတစ်ပင်အောက် ထားခဲ့ ... ပါးစပ်ကနေ ဥုံ နိမိတ္တယ တုဋ္ဌာ နံ ပီယံချက်ချာ နချာလ် သိဖဟိဖဟိ မန္တန်ကို သုံးဆယ့်ခုနစ်ခါ ရွတ်ပေတော့ ... အဲဒီလိုလုပ်ပြီးရင် ကိုဟန်ရွှေရဲ့ သူကလေးရှေ့မှာ အဲဒီ ဆေးလိပ်ကိုသောက်ပြီး အငွေ့လွှတ်၊ စိတ်ချ ... အဲဒီသူကလေး အဲဒီ ပီယဆေးလိပ်ငွေ့ကြောင့် သိမ်းလာပြီး ကိုဟန်ရွှေရဲ့ ရင်ခွင်ထဲကို ရောက်လာလိမ့်မယ် ... "

www.burmeseclassic.com



ကျွန်တော့်စကား ကိုဟန်ရွှေက လက်ဖျောက်တစ်ချက် တီးလိုက်ရင်း ...

"ရတယ် မင်းသိန်း ... ရပ်ကွက်ထဲမှာ အသုဘအိမ်လည်း ရှိတယ်၊ မင်းရဲ့ လမ်းညွှန်မှုအတိုင်း ငါ လုပ်မယ် ... အဲဒီဆေးလိပ်ရတဲ့အခါ မင်းကိုလာပြမယ် ... အဆင်ပြေရင်တော့ မင်းတို့ကို ငါ ပွဲတစ်ပွဲ လုပ်ပေးမယ်ဟေ့"

အားရဝမ်းသာ ကောက်ကာငင်ကာနဲ့ ပြောဆိုပြီး လက်ဖက်ရည်ဆိုင်ထဲကနေ ကိုဟန်ရွှေ ထွက်သွားပါသည်။

"ကိုမင်းသိန်းရာ ... ဘာဖြစ်လို့ ဒီလူကြီးကို ပီယဆေးနည်း လုပ်ပေးရတာလဲ ... ဒီလူကြီးက ဈေးသည် မိန်းကလေးကို ဘယ်သူမှ အလုပ်ပေးတာ မဟုတ်ဘူး ... အကုန်ငမ်းတာ ... "

ဖိုးသားက ကိုဟန်ရွှေ ထွက်သွားချင်းမှာပဲ ကျွန်တော့်ကို ပြောလိုက်ပါသည်။

"ဟုတ်တယ် မင်းသိန်း ... တော်ကြာ ... ဒီလူ ပေါက်ကရ လျှောက်လုပ်လို့ ပြဿနာတွေ ဘာတွေ ဖြစ်နေမယ်နော် ... "

ကျော်ကြီးကလည်း သတိပေးစကား ဆိုလိုက်ပါသည်။

"ဘာမှ မဖြစ်ပါဘူးကွာ၊ စိတ်ချ ... ငါ့ကို ဘိုထွန်းက အရောင်ပို့ပေးလိုက်တာဆိုတော့ တစ္ဆေဆရာဆိုတဲ့ ငါ့ရဲ့ ပီယဆေး ဘယ်လိုစွမ်းတယ်ဆိုတာ ငါကိုယ်တိုင် သိချင်လို့ပါကွာ ... "

www.burmeseclassic.com



"အေးပေါ့ကွာ ... ကြည့်ကြသေးတာပေါ့ ... "

ကျွန်တော်ကတော့ ကျော်ကြီးစကားကို နားထောင်ရင်း ကျွန်တော့် ပီယဆေးအစွမ်း ဘယ်လိုရှိလေမလဲ သိချင်နေမိပါသည်။



ကျွန်တော်တို့တစ်တွေ လက်ဖက်ရည်ဆိုင်မှာ သည်နေ့ထိုင်တာ နည်းနည်းခါတိုင်းထက် နောက်ကျပါသည် ...။ ဟိုအကြောင်း ဒီအကြောင်း ရောက်တတ်ရာရာတွေ ပြောနေရင်း ညနေ ငါးနာရီတောင် ထိုးပါတော့မည်။

"မင်းသိန်းရေ ... ဒီမှာ မင်း ပီယဆေးလုပ်နိုင်းတဲ့ ဆေးပေါ့လိပ် မင်းပြောတဲ့အတိုင်း ငါ လုပ်လာခဲ့ပြီ ... "

လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်ရောက်ချင်း ကိုဟန်ရွှေက အင်္ကျီအိတ်ကပ်ထဲမှ ဆေးပေါ့လိပ်ကိုထုတ်ပြီး ပြပါသည်။ ကျွန်တော်လည်း ဆေးပေါ့လိပ်ကိုယူပြီး သေသေချာချာ ကြည့်လိုက်သည်။

"ကိုဟန်ရွှေ ... ကျွန်တော်ပြောတဲ့အတိုင်း လုပ်ထားတာ သေချာပါတယ်နော် ... "

"ဟာ ... ဘာသေချာလည်း မမေးနဲ့ ကွက်တိပဲ ... "

"ဒါဆို ခင်ဗျား စမ်းသပ်တော့လေ ... "

"အဲ့ဒါကြောင့် ဒီကိုလာတာပေါ့ ... မင်းတို့ပါ ငါနဲ့လိုက်ခဲ့ ... ငါ့ရဲ့သူလေး တော်ကြာနေရင် ကုမ္ပဏီက ဖယ်ရီကား ဆိုက်လာတော့မယ် ... ခင်းတို့ ငါ့ကို အကဲခပ်ပေးပေါ့ကွာ ... လာကွာ ... ထ ... လက်ဖက်ရည်ဖိုး ငါ ရှင်းလိုက်မယ် ... "

www.burmeseclassic.com



ကျွန်တော်က ကျော်ကြီးနှင့် ဖိုးသားကို ကြည့်လိုက်သည်။ သူတို့ကလည်း လိုက်ကြည့်မယ်ဆိုသည့် ပုံစံမျိုး အချက်ပြလိုက်သည်။

"ဟော့ ... ပိုက်ဆံလာယူဟော့ ..."

ကိုဟာန်ရှေက စားပွဲထိုးကို တက်ကြွသောလေသံဖြင့် အော်ခေါ်လိုက်သည်။ သူ့ပုံစံကြည့်ရသည်မှာ သူ့လက်ထဲတွင်ရှိနေသော ပီယဆေးလိပ်က သူ့ဘဝတစ်ခုလုံးကို အောင်မြင်အောင် ဖော်ဆောင်ပေးမည့် အထင်မျိုးရှိနေပါသည်။



ကိုဟာန်ရှေက လမ်းတစ်လျှောက်လုံး ကျွန်တော်တို့ သုံးယောက်စလုံးအား သူ့ကောင်မလေးအကြောင်းကို ရေပက်မဝင်အောင် ပြောနေတာ 'သူ'တွေက ထပ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟိုမှာ ဖယ်ရီကားပေါ်က ဆင်းလာပြီတွေ့လား"

ကိုဟန်ရွှေက ဖယ်ရီ Lite Ace ကားပေါ်မှ ဆင်းလာသည့် ကောင်မလေးတစ်ယောက်ကို သစ်ပင်အကွယ်နားကနေ လက်ညှိုးထိုးပြပါသည်။

ကုမ္ပဏီဝတ်စုံနှင့် အမျိုးသမီးသည် ပြင်ထားဆင်ထားသဖြင့် ... အတော့်ကိုလှပါသည်။ ဆံပင်လေးကရှည်ရှည် အသားကဖြူဖြူနှင့်ဆိုတော့ တကယ့်ကိုရိုးယားမင်းသမီးလေးလိုပင်။ ကိုဟန်ရွှေတစ်ယောက် ဒါ့ကြောင့်လည်း ယခုလို ကြွေတာဖြစ်မည်။

"ကဲ ... မင်းတို့ ဒီက အကဲခတ်နေ ..."

"ကိုဟန်ရွှေ ... ကျွန်တော်ပြောတဲ့အတိုင်းနော် ... မမှားစေနဲ့ ..."

"စိတ်ချပါကွာ ..."

ကိုဟန်ရွှေက သူနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာ လာနေသော ကောင်မလေးရှိရာသို့ ခပ်သုတ်သုတ် သွားလိုက်သည်။

ကောင်မလေးက ကိုဟန်ရွှေမျက်နှာကို မြင်လိုက်ရတာ ဘီလူးသဘက် မြင်ရသည့်အလား မျက်နှာကို တင်းလိုက်သည်။

"ဟေ့ကောင် ... မင်းသိန်း ... မလွယ်ဖူးထင်တယ်နော် ... ဟိုမှာ မျက်နှာကြောက တင်းနေတာ ..."



"နေစမ်းပါ ကျော်ကြီးရာ ... ငါ့ပီယဆေးအကြောင်း ငါယုံတယ်၊ မင်းကြည့်နေ ... ဘာဆက်ဖြစ်မလဲလို့ ..."

ဖိုးသားကတော့ ဘာဝေဖန်ချက်မှ မပေးပါ ... ။ ကျွန်တော်တို့သုံးယောက်သား သစ်ပင်အကွယ်ကနေ အခြေအနေကို အသေးစိတ် အကဲခတ်ကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၆

"သူလေးပြန်လာပြီလား ..."

ကိုဟန်ရွှေက အင်္ကျီအိတ်ကပ်ထဲမှ ဆေးပေါ့လိပ်နှင့် မီးခြစ်ကိုထုတ်ပြီး မီးညှိလိုက်ရင်းမှ ကောင်မလေးကို မေးလိုက်ပါသည်။ ပြီးတော့ ဆေးလိပ်မီးခိုးတွေကို ကောင်မလေးမျက်နှာတည့်တည့်သို့ မှုတ်ထုတ်လိုက်သည်။ ဆေးလိပ်မီးခိုးငွေ့ကြောင့် ကောင်မလေးခမျာ မျက်နှာစပ်သွားလားမသိ။ ဒေါသထွက်သည့်အမူအရာမျိုး ဖြစ်သွားပါသည်။

"ကျွန်မဘာသာ ဘယ်ကပြန်ပြန် ရှင့်အပူမပါဘူး ... ဖယ်ပါ"

ကောင်မလေးက ကိုဟန်ရွှေကို ပမ်းဖယ်ခိုင်းသည်။ ကိုဟန်ရွှေက ဘာမှမပြောဘဲ ဆေးလိပ်ကို ဆက်ဖွာရင်း ကောင်မလေးမျက်နှာတည့်တည့် မှုတ်ထုတ်ပြန်သည်။

ကောင်မလေးခမျာ ဂီယဆေးနည်းအတိုင်းဆို သမ်းပြီး ကိုဟန်ရွှေနောက်ပါရမှာ ဖြစ်ပေမယ့် ယခုတော့ စောစောကထက်ပိုပြီး ဒေါသကြီးလာသလား ထင်ရပါသည်။

"ပုတ်သင်ညိုဝမ်းချုပ်တဲ့မျက်နှာနဲ့လူ ... ရှင် မိုက်ရိုင်းလှချည်လား၊ မိန်းကလေးတစ်ယောက်မျက်နှာရှေ့တည့်တည့်မှာ ဆေးလိပ်ဖွာပြီး မီးခိုးငွေ့နဲ့မှုတ်တာ ရှင့်မှာ နှမ,မရှိဘူးလား ..."



ဟိုက ဒေါသတကြီး ပြောဆိုနေပေမယ့် ကိုဟန်ရွှေက ဂရုမစိုက်ဘဲ ဆေးလိပ်ကိုဖွာပြီး ဆေးလိပ်မီးခိုးတွေ မှုတ်ထုတ်ပြန်သည်။

"ဒီလောက်ပြောတာတောင် ရှင်က လူစိတ်မရှိတဲ့သူ ... ကဲဟာ"

"အား ..."

ကောင်မလေးက ကိုဟန်ရွှေကို ရိုက်လိုက်ပါသည်။ ကိုဟန်ရွှေ ပါးစပ်မှာခဲထားသော ဆေးပေါ့လိပ် ပါးရိုက်ချက် ဘယ်လောက် ပြင်းသလဲ မသိ။ ပါးစပ်ထဲကနေ ပြုတ်ကိုကျသွားသည်။ ပါးကိုပွတ်ရင်း ကိုဟန်ရွှေ မြေကြီးပေါ်မှ ဆေးလိပ်ကို ပြန်ကောက်လိုက်သည်။

ထိုအချိန်မှာပဲ အနီးအနားကို လူတွေ ဝိုင်းလာပါသည်။

"ဘာဖြစ်တာလဲ ..."

"ကျွန်မကို ဒီလူ လိုက်နှောင့်ယှက်တာ ကျွန်မရဲ့မျက်နှာကို ဆေးလိပ်မီးခိုးတွေနဲ့ မှုတ်ထုတ်ပြီး အနှောင့်အယှက်ပေးတာ ... ကျွန်မ ဘယ်ဂမှ မလုပ်နဲ့လို့ပြောတာ မရဘူး ..."

"မာ ... ဒါ မိုက်ရိုင်းတာပဲ၊ ဟေ့ ... ဒီကောင့်ကို ဝိုင်းချုပ်၊ ရပ်ကွက်ရယကရုံးကိုခေါ်သွား ..."

"နေပါဦး ... ကျွန်တော် ရှင်းပြပါရစေ ..."

"မလိုချင်ဘူး ... မင်းကွာ ... ဒါလုပ်စရာလား ..."

တဖြည်းဖြည်းနှင့် လူတွေက ပိုဝိုင်းလာပါသည်။ ကိုဟန်ရွှေကို သူ သုံးယောက်က ချုပ်ပြီး ရပ်ကွက်ရုံးသို့ ခေါ်သွားကာ ကိုဟန်ရွှေက ရှန်းရင်းကန်ရင်းမှ ငြင်းနေပါသည်။

ကိုဟန်ရွှေဖွာသော ဂီယဆေးလိပ်ကတော့ ကိုဟန်ရွှေလက်ထဲက ပြုတ်ကျပြီး မြေကြီးပေါ်မှာ ခြေထောက်တွေနဲ့ နင်းမိပြီး စိစိညက်ညက် ကျေနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို အသေးစိတ်မြင်နေရသော ကျွန်တော် စဉ်းစားနေပါသည်။ တစ်ခုခုတော့ ကိုဟန်ရွှေ လွဲနေပြီလို့။

"ဟော့ကောင် မင်းသိန်း ... မင်းတော့ ကွိုင်ပြီ ... ဟိုက ရုံးမှာ စစ်လား၊ ဆေးလားလုပ်လို့ မင်းက ပီယဆေးလုပ်ပေးလိုက်တာပါဆိုပြီး ပြောရင် မင်းပါ ပြဿနာတက်မှာနော် ... "

ကျော်ကြီးက စိုးရိမ်သည့်လေသံဖြင့် ပြောပါသည်။

"မဟုတ်သေးပါဘူးကွာ ... ကိုဟန်ရွှေ တစ်ခုခု ဘာလိုသွားလဲမသိဘူး ... "

ကျွန်တော့်စကားအဆုံး ကျော်ကြီးက ဒေါသထွက်သည့်ပုံစံဖြင့် ...

"မင်းသိန်းရာ ... ဒါနည်းတောင်နည်းသေးတယ် ... အပျို ကောင်မလေးတစ်ယောက်ရဲ့မျက်နှာတည့်တည့်ကို ဆေးလိပ်မီးခိုးငွေ့နဲ့ မှုတ်တာ သူ့နှမ ကိုယ့်နှမ စဉ်းစားကြည့် ... ဆေးပိပ်နဲ့မွှန်ပြီး ... ဟိုက ပါးရိုက်တာ နည်းတောင်နည်းသေးတယ် ... တစ်ခါတည်း အသေမသတ်သွားတာ ကံကောင်း ... အမျိုးသမီးရေးရာသာတိုင်ရင် ကိုဟန်ရွှေ ထောင်ကျပြီ"

"ဟော့ကောင် ... ငါ့ညာ ငါယုံတယ်ကွာ ... ထူးလာလိမ့်မယ် ... ကြည့်နေ ... "

ကျော်ကြီးက ကျွန်တော့်ကို ဘုကြည့်ကြည့်ရင်းမှ ...

"မင်းဘာသာမင်းကြည့် ... ဟော့ကောင် ဖိုးသားလာ ... ပြေးမယ်ဟေ့ ... "

ဖိုးသားကို ကျော်ကြီးက လက်တို့ပြီး သစ်ပင်အကွယ်ကနေ လစ်ထွက်သွားပါသည်။

ကျွန်တော်ကကော ဘာရမလဲ။ သူတို့နှစ်ယောက်နောက်ကို ပြေးလိုက်ပါသည်။



ကျေးဇူးတင်ရမည်ဆိုလျှင် ကိုဟန်ရွှေပါပဲ။ ဖြစ်ကြောင်းကုန်စင်ကို အမှန်အတိုင်း မပြောသည့်အတွက် ကျွန်တော် ကံကောင်းသွားပါသည်၊

ကိုဟန်ရွှေက ရယ.ကရုံးမှာ ဝန်ခံကတိလက်မှတ်တွေ ဘာတွေ ထိုးပြီး ကိုဟန်ရွှေမိဘက ကောင်မလေးမိဘတွေကို တောင်းပန်လိုက်ရသည်ဟု သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုတော့ ပီယဆေးအလွဲဆရာဆိုပြီး သူငယ်ချင်းတွေက နာမည်ထပ်ပေးပြန်ပါသည်။

ကျွန်တော့်ပညာကို ကျွန်တော် ယုံပါသည်။ တစ္ဆေဆရာ ကျွန်တော် ပေးသည့် ပီယဆေးမမှားပါ။ ဟိုက အသုံးမကျလို့ သည်လိုဖြစ်ရတာ။

၀၀၀



လူဟာ
အကြောက်တရားရှိရင်
ဘာတိုးတက်မှာလဲ။
အဲ့ဒီအကြောက်တရားကို
ပျော်စရာဖန်တီးပစ်ဖို့ပဲလိုတယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

သည်နေ့အိမ်မှာ အေးအေးဆေးဆေးနေမည်လုပ်ကာမှ သူငယ်ချင် တွေကလာခေါ်သည်။ သီတာမြင့်တို့အိမ်မှာ ရွှေရင်အေးလုပ်စားမှာ ပြောသည်။ ကျွန်တော်ချစ်ရပါသော ... ခင်မေဦးလည်း လာမည်ဆို၍ ကျွန်တော်မလိုက်ဘဲ မနေနိုင်တော့ပါ။

အချစ်၏ဆွဲအားက တော်တော့်ကိုကြီးပါသည်။

"ခင်မေဦး ... ဟိုမှာ ပီယဆေးဆရာကြီးလာနေပြီ ... ဆေးတော င်း ဦးလေ ... "

ရောက်ရောက်ချင်းဆိုသလို သီတာမြင့်က ခင်မေဦးကို ပြောရင်း ကျွန်တော့်ကို နောက်လိုက်ပါသည်။

"ပီယဆေးဆိုတာ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်သ တွေလုပ်တာ ... မေတ္တာကို အဲဒီလိုရယူလို့ မကောင်းဘူး ... မေတ္တာ တောင်းခံတာ ဖြူစင်ဖို့က အရေးကြီးဆုံးပဲ ... "

"ဟဲ့ ... မင်းသိန်း ... ဒီစကားကို နင်က ခင်မေဦးကို စောင်းပြော နေတာလား ... "

ချိုချိုလွင်က ခင်မေဦးဘက် မေးငေါ့ပြရင်းမှ ပြောလိုက်သည်။

www.burmeseclassic.com



"ငါက စောင်းမပြောပါဘူး ... ဘေးတိုက် သူ့ကိုအတူတွဲပြီး စကားလိုက်ပြောတာပါ ..."

ကျွန်တော်က ထိုသို့ပြောသောအခါ ခင်မေဦးက ...

"မင်းသိန်း ... နင်နော် ..."

"နေနော်လား ... အခု လုံးချင်းစာအုပ်တွေ ပြန်ရေးနေတယ်"

"ကဲပါဟယ် ... တော်ကြ ... လာ ... ငါ့ရဲ့လက်ရာ ရွှေရင်အေးစားကြရအောင် ... ရင်မအေးသူတွေ ရင်အေးစေဖို့ပေါ့ ..."

သီတာမြင့်က ပြောပြောဆိုဆိုပါပဲ ချိုချိုလွင်နှင့်အတူ ရွှေရင်အေးထည့်ဖို့ ပန်းကန်တွေ ပြင်ဆင်နေပါတော့သည်။

"ကဲ ... ခင်မေဦး ... ဒီကောင့်ကို မပြောတော့ဘူးလား ... ဒီကောင် ရူးကြောင်မူးကြောင်နဲ့ ပေါက်ကရတွေ လျှောက်လုပ်နေတာ၊ တစ္ဆေနှိမ်နင်းသူလိုလို၊ ပီယဆေးဆရာလိုလိုနဲ့ ကြာရင် ဒုက္ခရောက်သွားမယ် ..."

ဘိုထွန်းက ရွှေရင်အေးကိုသောက်ရင်း ကျွန်တော့်ကို ဝေဖန်လိုက်ပါသည်။

"ဟုတ်တယ် မင်းသိန်း ... နင့်လုပ်ပုံတွေက လွဲနေသေးလို့နော်၊ တော်ကြာ တကယ့်သရဲတစ္ဆေနဲ့တွေ့ရင် နင် ဒုက္ခရောက်မှာ၊ နင် မကြောက်ဘူးလား ..."

ချိုချိုလွင်ကလည်း ပြောပြန်ပါသည်။

"နင်တို့ကို ငါ တစ်ခါပြောပြတာ မမှတ်ထားဘူးလား ... ကိုယ့်ဗိုက်ထဲက သရဲကိုသာကြောက်ဆိုတာလေ ... လူမှာ အကြောက်တရားရှိရင် ဘာတိုးတက်မှာလဲ ... အကြောက်တရားဆိုတဲ့ ကြောက်စိတ် ကင်းအောင်နေရတယ် ... ဒါပေမဲ့ သူများပစ္စည်းခိုးတာတို့ ... သူများ သားမယားစော်ကားတာတို့ နှိပ်စက်တာတို့ကို ကြောက်စိတ်ထားတာကတော့ သီးခြားပေါ့ဟာ ... နင်တို့ကို ငါ အကြောင်းအရာတစ်ခုပြောပြမယ် ..."

"မင်းသိန်း ... နင်တို့ဆိုတော့ ငါတို့မပါတဲ့ သဘောပေါ့ ဟုတ်လား"



ကျော်ကြီးက ဝင်နောက်သည်။ ဒါကို ဘိုထွန်းက ...

"မင်းက ဘာပြောမှာမို့လို့လဲ ... ဒီလောက်စကားပျိုးနေတာ"

ကျွန်တော်က ရွှေရင်အေးတစ်ဇွန်းကို ခပ်သောက်လိုက်သည်။ ချိုလိုက်တာ။ ခင်မေဦးမျက်နှာကလည်း အေးမြလိုက်တာ။ မျက်နှာချင်းဆိုင်ထိုင်ပြီး ရွှေရင်အေးသောက်တာဆိုတော့ အရင်လို ငါးရိုးစူးစရာ ခင်မေဦးမလိုတော့ပါ။ ဒါကို သူငယ်ချင်းတွေက ရိပ်မိသည်ထင်ပါရဲ့။

"ဟဲ့ ... နောက်မှကြည့်ပါ ... နင်ပြောမှာ ဘာလဲ ငါတို့သိချင်လှပြီ ..."

မိန်းမများခမျာ သူတို့သိချင်စပ်စုချင်မှုဖြင့် မနေနိုင်တာက အမှန်ပါ။

"တစ်ခါက ... မုဆိုးလင်မသားနှစ်ယောက်က ညစာစားကြတယ်၊ ညစာစားဖို့လုပ်တုန်း နောက်ဖေးမှာ ကလေးတွေကို ပန်းကန်တွေ သွားယူခိုင်းတော့ ကလေးတွေက သရဲကြောက်လို့ မယူရဲဘူး ... ဒီအခါ မုဆိုးကြီးရဲ့ဇနီးက သွားယူပေးရတယ် ... ဒီလိုနဲ့ ထမင်းစားနေရင်းနဲ့ ကလေးတွေက မနေ့က အိမ်ပြန်မရောက်ဘဲ ဒီမနက်မှ အိမ်ပြန်ရောက်တဲ့ မုဆိုးလင်မယားတောထဲသွားပြီး သားကောင်ရှာတဲ့အကြောင်းကို ပြောခိုင်းတယ် ..."

ကျွန်တော့်စကားကို အားလုံးက စိတ်ဝင်တစား နားထောင်နေကြပါသည်။ ဘိုထွန်းလိုကောင်မျိုးတောင် ရွှေရင်အေးမသောက်ဘာကြည့်၏။

"တောထဲကို သားကောင်ရှာဖို့ ကောက်ညှင်းထုပ်၊ ထမင်းထုပ်တွေရိက္ခာအဖြစ် ယူသွားတဲ့ မုဆိုးလင်မယားနှစ်ယောက်ဟာ ချောင်းကိုဖြတ်ပြီးသွားရတာဆိုတော့ အဲ့ဒီနေ့က ချောင်းရေက သူတို့ တောထဲရောက်တဲ့အခါ ဒီရေတက်လာတယ်၊ တောထဲမှာ သားကောင်ရှာတာကလည်း တစ်နေ့လုံးမတွေ့ ... ဒီလိုနဲ့ ညနေလောက်ရောက်တော့ ယုန်တစ်ကောင်နဲ့ တောကြက်တစ်ကောင်ပဲ အမဲကရတယ် ... အပြန်လမ်းခရီးမှာလာရင်းနဲ့ ချောင်းကိုကြည့်တော့ ဒီရေတက်နေလို့ ပြန်လို့မရဘူး ... ဒီတစ်ညတော့ တောထဲမှာ အိပ်ရတော့မယ်ဆိုပြီး မိုးလည်းနည်းနည်းချုပ်တော့ အိပ်ဖို့နေရာရှာရော၊ အိပ်ဖို့နေရာရှာပြီးတဲ့အချိန် သစ်ပင်ကြီးတစ်ပင်အောက်မှာ မျက်လုံးက

www.burmeseclassic.com



သပိတ်လောက်ရှိပြီး ... အမွှေးတွေနဲ့ ကြောက်စရာကောင်းတဲ့ သရဲတစ်ကောင်ကို တွေ့ရတယ် ... အဲဒီသရဲက အမဲပစ်ရလာတဲ့ ယုန်ကိုတောင်းတယ် ... မုဆိုးကြီးက ပေးလိုက်တယ် ... ယုန်ကို သရဲက စားပြီးတော့ ေ ာကြက်ကို တောင်းပြန်ရော၊ ဒီအခါ မုဆိုးကြီးက ထပ်ပေးပြန်တယ်၊ သရဲက အားမရဘဲ နောက်တစ်ခါ မုဆိုးကြီးရဲ့ဆီက စားဖို့ ထပ်တောင်းပြန်တယ် ... မုဆိုးကြီးက သူ့မှာ မရှိတော့ဘူးပေါ့ ... ဒီအခါ သရဲကြီးက မိန်းမကိုစားဖို့ပေးဆိုတော့ မုဆိုးကြီးက တော်တော်ဒေါသထွက်သွားတယ်၊ ရာရာစစ ... ငါ့မိန်းမကို ကျွေးစရာလားဆိုပြီး ညမှောင်မှောင်မှာ ဒေါသကဖြစ်ဖြစ်နဲ့ ပါလာတဲ့လေးမြားနဲ့ သရဲကို သုံးချက်လောက်ဆင့်ပစ်လိုက်တယ်၊ သရဲလည်း အော်ရင်း လဲကျသွားတယ်၊ မှောင်တော့ မုဆိုးကြီးက သွားမကြည့်ဘူးပေါ့ ... မနက်လည်းကျမှ ပြန်ခါနီးကြည့်တော့ ညက မြားသုံးစင်းထိပြီး သရဲလဲကျတဲ့နေရာမှာ ဆတ်တစ်ကောင်က မြားတံသုံးစင်းမှန်ပြီးသေနေတယ် ... ”

ကျွန်တော် တော်တော်မောသွားပါသည်။ ရွှေရင်အေးတစ်ဇွန်းကို ခပ်ပြီး ထပ်သောက်လိုက်ပါသည်။

“မုဆိုးကြီးက သူပြောပြတာကို စကားခေတ္တရပ်ရင်းက ... ကလေးတွေကို ပြောလိုက်တယ် ... ကလေးတို့ ... အခုစားနေတဲ့ ဆတ်သားဟင်းဆိုတာ အဖေ ညကပစ်ခဲ့တဲ့သရဲပဲလို့ပြောတော့ ကလေးတွေက ဒါဆိုသရဲသားက တော်တော်ချိုတာပဲနော် ... နောက်လည်း ပစ်ခဲ့ဦး ... ဒီလိုချိုလို့ကတော့ တွေ့တဲ့နေရာမှာ သရဲကို တွေ့ရာနဲ့ပစ်မယ် ... မကြောက်တော့ဘူးတဲ့ ... သရဲသားက သိပ်ချိုတာပဲဆိုပြီး ကျန်ရှိနေတဲ့ ဆတ်သားဟင်းကို မိသားစုတွေ မြိန်မြိန်ရှက်ရှက်ကြီး စားကြတာ ကလေးတွေက သရဲမကြောက်တော့ဘူး ... ဒါပဲပေါ့ကွာ၊ ကြောက်ခြင်းကို ရယ်မောခြင်းအဖြစ် အသွင်ပြောင်းရဲရမယ် ... ”

ကျွန်တော့်စကားအဆုံး ခင်မေဦးက စားပွဲခုံးပေါ်မှ ရွှေရင်အေးပန်းကန်ကို ငုံ့ကြည့်လိုက်သည်။



“ခင်မေဦးရယ် ... အဲ့ဒါ ရွှေရင်အေးပန်းကန်ပါ ... ဆတ်သားဟ င်းမဟုတ်ပါဘူး ... ”

“မင်းသိန်းနော် ... ဘာဆိုင်လဲ ... ငါက ရွှေရင်အေးထပ်ထည့်မလို့ကြည့်တာ ... ”

ဒေါသဖြစ်လေဟန်နှင့် ခင်မေဦးက ကျွန်တော့်ကို ပြန်ပြောပါသည်။

ကိုယ်ပြောသမျှကို နားထောင်ပေးသော ချစ်သူကိုပဲ ကိုယ်က ကျေးဇူးတင်ရပါဦးမည်။

“မင်းသိန်းရာ ... မင်းကတော့ မင်းအပြောနဲ့ဟင်း ဟုတ်နေတာပေါ့ကွာ ... ငါတို့ကလည်း ရွှေရင်အေးသောက်ကောင်းအောင် နားထောင်တယ်လို့ပဲဆိုပါတော့ကွာ ... နောက်လည်း ပြောနိုင်ဖို့ ကြိုးစားပေါ့ကွာ ...

ဘိုထွန်းက ရယ်ပြီး ကျွန်တော့်ကို နောက်ပါသည်။

“ဘိုထွန်း ... မင်းရယ်ထား ... တစ်နေ့ ... ဟာ ... ဟွင် ... ဖြစ်လာမှ ငါ့ကို တစ္ဆေဆရာရယ် ဘာညာဆိုပြီး လာမလုပ်နဲ့ ... ”

ကျွန်တော်က ဘိုထွန်းကိုပြောပြီး သီတာမြင့်အား ...

“သီတာမြင့် ... လိုက်ပွဲ ... ဒါပဲ ... ”

မည်သူနှင့်မှ စကားမပြောတော့ဘဲ ရွှေရင်အေး နောက်တစ်ပွဲ ထပ်စားလိုက်ပါသည်။ ခင်မေဦးကလည်း အားကျမခံ နောက်တစ်ပွဲမှာပါသည်။

ကဲ ... သူနှင့် ကျွန်တော် ဘယ်လောက် စိတ်တွေထပ်တူညီသလဲကွာ။

www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်တာတွေ

ကြုံခဲ့ရတာ

ဆောင်းအိပ်မက်လည်းမဟုတ်

နွေလယ်အိပ်မက်လည်းမဟုတ်

ဒါ…

အဲဒီမှာ

တကယ်ဖြစ်ခဲ့တာ။

(ပြောရင်မယုံဖို့ရှားပါတယ်)

www.burmeseclassic.com

www.burmeseclassic.com

# (၇)

ကျွန်တော်တို့ ရေချိုးနေသော စမ်းချောင်းကလေးမှ လှမ်းကြည့် လိုက်လျှင် ဟိုးအဝေးမှာရှိနေသော တောင်ခြေကို မြင်နေရသည် … 1 ကျွန်တော်တို့သည် ရန်ကုန်မြို့နှင့် မိုင်ရာချီဝေးကွာသော ကျော်ကြီးငဲ့ အဘိုး၏ ရွာကလေးသို့ အလည်ရောက်နေခြင်း ဖြစ်ပါသည်။

ရွာမှာ ကျော်ကြီးတို့အဘိုးက အလှူလုပ်မှာရှိသဖြင့် ကျော်ကြီးက ကျွန်တော်တို့သူငယ်ချင်းတွေကိုပါ အလည်ခေါ်သဖြင့် ကျွန်တော်၊ ဘိုထွန်း၊ ပိုးသားနှင့် ကျွန်တော်တို့ရုပ်ရေးရွာရေးလုပ်တိုင်း စကားများရသည့် ကိုအုန်း ကျော်ကြီးပါ အလည်ပါလာခဲ့သည်။

“ရေများကွာ … ငါတို့မြို့မှာချိုးရတာထက် အစစသာတယ်ပေ့၊ မြို့ကရေက ချိုးသာချိုးရတာ … သဘာဝရေလောက် မအေးမြဘူးဟ၊ ဟိုးတောင်ခြေက စီးဆင်းလာတဲ့ ဒီစမ်းရေဟာ ငါ့အတွက်တော့ မြို့ပြက စိတ်ဖိစီးမှုတွေမျိုး မခံစားရတော့ဘူးပေါ့ကွာ … ”

ကိုအုန်းကျော်က သူ့ဝသီအတိုင်း စီကာပတ်ကာမြန် စမ်းချောင်းထဲ ရေစိမ်နေရင်းမှ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ ... ကိုအုန်းကျော် ... ကြည့်လည်းလုပ်ဦးနော် ... ရန်ကုန်ရောက်မှ ငှက်ဖျားလက်ဆောင်ပါသွားဦးမယ် ..."

ကျော်ကြီးက စမ်းချောင်းထဲ ရေကူးနေရင်းမှ လှမ်းနောက်လိုက်သည်။

"ငါ့ဘဝမှာ ကြို့တင်ပြင်ဆင်ပြီးသားကွ ... ဒီမှာ ဒီကိုလာမယ်ဆိုကတည်းက ငါက ပရဆေးဆိုင်ကနေ ရှိန်းခိုဝယ်လာပြီးသား ... တစ်နေ့ကို ရှိန်းခိုနှစ်လုံးမျိုတာ ... မင်းမှမသိတာ ... ငှက်ဖျားမဖြစ်ဘူးကွ ..."

ကျော်ကြီး ဘာမှမပြောတော့ဘဲ ငြိမ်သွားပါသည်။ သည်လိုမျိုးကြတော့ ကိုအုန်းကျော်ကြီးကို တော်တယ်လို့ပဲ ပြောရပါလိမ့်မည်။

ကျော်ကြီးတို့အဘိုး ရွာကလေးက သာယာတာကတော့ အမှန်ပင်။ တောင်ခြေ၊ တောအုပ်၊ လယ်ကွင်းပြင်တွေနှင့် သာယာပြီး နေချင်စရာကောင်းလို့နေပါသည်။

ကျော်ကြီးတို့အဘိုး၊ အဘွားတွေ၊ ဦးလေးတွေက ရွာမှာ ငွေကြေးချောင်လည်သူတွေလည်း ဖြစ်ပါသည်။

"ကဲ ... ရေမြန်မြန်ချိုးဟေ့ ... ဒီည ငါတို့အဘိုးရဲ့ လယ်ကွင်းက ကောက်ရိုးပုံနားက တဲမှာအိပ်မယ် ... ငါတို့ဦးလေးအငယ်က ငါတို့ကို ထန်းရည်နဲ့ ကြက်ကြော်နဲ့ တခြားဖွယ်ဖွယ်ရာရာလေးတွေ စီစဉ်ထားတယ်၊ ထန်းရည်က ဟိုဘက်သုံးရွာကျော်လောက်က သွားရှာထားရတာ ... ထန်းရည်အစစ် ... မင်းတို့သောက်ကြည့် ... ဥာလည်သွားမယ် ..."

ကျော်ကြီး၏ အားတက်သရော စကားသံကြောင့် ကျွန်တော်တို့အားလုံး စိတ်ဝင်တစားဖြစ်သွားသည်။ သည်အထဲမှာ အားအတက်ဆုံးက ကိုအုန်းကျော်ပင်ဖြစ်ပါသည်။

"အစီစဉ်ထဲမှာတော့ ဒီအစီစဉ်က တကယ်ကောင်းဟေ့"

ကိုအုန်းကျော်က ဝမ်းသာအားရ ပြောရိုက်ပါသည်။ သူ့အမူအရာကြည့်ရသည်မှာ ထန်းရည်အိုးထဲ ခေါင်းစိုက်အောင် သောက်မည့်ပုံစံမျိုးဖြစ်နေပါသည်။



"ကျော်ကြီး ... ဘာဖြစ်လို့ မင်းတို့အဘိုးခြံဝိုင်းထဲမှာ မသောက်တာလဲ ..."

ကျွန်တော်က မေးလိုက်သည့်အခါ ကျော်ကြီးက ...

"ငါ့ဦးလေးအငယ်က ပျော်တတ်တယ်ကွ ... ပြီးတော့ အိမ်မှာဆို အလှူအတွက် တခြားဧည့်သည်တွေပါရှိနေတော့ အားနာလို့ကွ၊ ကွင်းထဲမှာက စပါးတွေရိတ်ပြီး စပါးလှေ့ပြီးပြီဆိုတော့ ဘာမှမရှိဘူး၊ ခြောက်သွေ့နေတာ ... ခြင်လည်းမကိုက်ဘူး ... မင်းတို့ ညကျမှ ကောင်းမှန်းသိမယ် ..."

"ကဲ ... ကျော်ကြီးရေ ... ညွှန်းတာလည်း ညွှန်းပေါ့ကွာ ... နေပင်တော့မယ် ... သွားရအောင် ..."

ဘိုထွန်းက လှမ်းသတိပေးပြီးနောက် ကျွန်တော်တို့ ရွာထဲသို့ ပြန်လာခဲ့ကြသည်။

စမ်းရေစီးသံတွေကိုတော့ ကြားနေရတုန်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ ကြယ်တွေက စုံလင်လှသ ...။ ကြယ်ကလေးတွေက ဟိုမှာဒီမှာအပြည့်။ ထို့အပြင် လကလည်း လပြည့်ခါနီးမို့ အစွမ်းကုန်ထွန်းလင်းတောက်ပနေသည်။ လယ်ကွင်းထဲမှာကတော့ ကွင်းပြင်ဖြစ်သဖြင့် လေက တဟူးဟူးတိုက်ခတ်နေသည်။ ကျွန်တော်တို့အုပ်စု ထန်းရည်သောက်နေသောနေရာမှာ ဘက်ထွက်ရှိမီးချောင်းထွန်းထ... ကျန်သည့်နေရာမှာကတော့ မှောင်အတိကျလို့နေသည်။

လယ်ကွင်းထဲက လယ်စောင့်တဲက နည်းနည်းကျယ်ပါသည်။ ထိုလယ်စောင့်တဲဘေးနားမှာက ကောက်ရိုးပုံတွေက ငါးပုံလောက်ရှိသည်။ ကျော်ကြီးတို့အဘိုးပိုင်သော လယ်တွေက ဧကငါးဆယ်လောက် ရှိသည်။ ထို့ကြောင့်လည်း ကျော်ကြီးတို့ အဘိုး၊ အဘွားတွေက ချမ်းသာကြွယ်ဝတာပဲ ဖြစ်ပါလိမ့်မည်။

"ကောင်းလိုက်တဲ့ ထန်းရည်ကွာ ... ရန်ကုန်မှာ ဒါမျိုး ဘယ်ရပ့ါမလဲ၊ ကျေးဇူး ... ကျေးဇူးပဲဗျို့ ..."

ကိုအုန်းကျော်က ထန်းရည်တစ်ခွက်ကို မော့သောက်ပြီး ကျော်ကြီးဦးလေးအား ကျေးဇူးတင်စကား ဆိုလိုက်သည်။



"ဒါမျိုးက ရန်ကုန်မှာ ဘယ်ရပ့ါမလဲဗျ ... ဒါ့ကြောင့် တိုက်ချင်လွန်းလို့ ဒီလိုစီစဉ်ပေးတာ ... အိမ်ဝိုင်းထဲမှာကြတော့ ဘယ်လွတ်လပ်မလဲ ..."

ကျော်ကြီးဦးလေးက ထန်းရည်များ ခွက်ထဲသို့ လိုက်ထည့်ပေးလို့နေသည်။

လေကလေးကလည်း တိုက်လာ။ ကြက်ကြော်ကလည်း စားလိုက်၊ ပဲကြီးလှော်လေးဝါးလိုက်၊ ထန်းရည်လေးသောက်လိုက်နှင့် ကျွန်တော်တို့တစ်တွေမှာ ရီဝေဝေဖြစ်လို့လာပါသည်။ နှုတ်တွေကလည်း အရင်ကထက်ပိုသွက်လာသလိုပင်။

"ဘဝဆိုတာ ... ဒါပဲပေါ့ကွာ ... လွတ်လပ်တဲ့ ကောင်းကင်ကြီးအောက်မှာ လွတ်လပ်စွာ နေထိုင်ရမှာပေါ့ ... ရန်ကုန်ကို ဘွန်ကရစ်တွေ၊ ဘွန်ဒိုမီနီယမ်တိုက်တွမှာ ဒါမျိုးဘယ်ရပ့ါမလဲ ..."

ကိုအုန်းကျော်ကတော့ သူ့ဝသီအတိုင်း စကားတွေ တရစပ် ပြောနေပါသည်။

"ကိုအုန်းကျော် ... သောက်လည်းသောက် ... စကားလည်း ပြောတာတော့ ပြောပေ့ါဗျာ ... တော်ကြာ မောနေဦးမယ် ..."

"ဒီမှာ ဘိုထွန်း ... မြို့ပြမှာခံစားလို့မရတာ ဟောဒီကျေးလက်မှာခံစားလို့ရလို့ ငါ ရင်ဖွင့်တာမှားလားကွာ ... ဟောဒီမြေကမ္ဘာပေါ်မှာရှိတဲ့လူသားတစ်ယောက်က သဘာဝတရားနဲ့ ရုပ်ဝတ္ထုပစ္စည်း ကွဲပြားခြားနားတာကို ဖွင့်ဆိုမရှင်းပြရတော့ဖူးလားကွာ ... ငါ ... ငါ"

ဟုတ်ပါသည်။ ကိုအုန်းကျော်တစ်ယောက် ဤကဲ့သို့ ဖွင့်ဆိုရှင်းပြကောင်းတုန်းရှိသေး။ သောက်တာများသွားသဖြင့် စကားတောင် မဆုံးဘဲမှောက်သွားပါတော့သည်။

ကိုအုန်းကျော်ကို တဲထဲသို့ မ,ချီပိုးရပါသည်။

"ဒီလူက အရမ်းစွတ်သောက်တာကိုး ... ထန်းရည်ကို ဒီလိုသောက်လို့ ဘယ်ရမလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးဦးလေးက ... မူးပြီးအိပ်ပျော်နေသော ကိုအုန်းကျော်ကို ကြည့်ပြီး ရယ်ရင်းမှ ပြောလိုက်သည်။

ဆက်လက်ပြီး ကျွန်တော်တို့အုပ်စု ထန်းရည်ဆက်သောက်ကြရင်း ညဉ့်ဆယ့်နှစ်နာရီထိုးမှ ထန်းရည်ဝိုင်းကို သိမ်းလိုက်ပါတော့သည်။



ကျွန်တော် ဟိုဟိုဒီဒီ လူးလွန့်ရင်းမှ အိပ်ရာကနိုးလာသဖြင့် ဂက်(စ်) မီးခြစ်ခြစ်ပြီး လက်မှာပတ်ထားသော နာရီကိုကြည့်လိုက်သောအခါ မန က် တစ်နာရီခွဲရှိပြီဖြစ်သည်။ တဲထဲမှာကတော့ အားလုံးအိပ်မောကျနေ ကြ သည်။ ထန်းရည်တန်ခိုးကြောင့် တဲထဲမှာအိပ်သူတွေ တစ်ယောက်မှမလှု ပ်။

တဲအပြင်ဘက်သို့ ကျွန်တော် ထွက်လိုက်ပြီး ပတ်ဝန်းကျင်ကို အ ကဲ ခတ်ကြည့်လိုက်သည်။

ကောင်းကင်မှာ လမင်းကြီးထွန်းလင်းနေသည်မှလွဲပြီး လယ်ကွ င်း ပြင်ကြီးတစ်ခုလုံး မှောင်မည်းနေသည်။

ထိုစဉ် တစ်စုံတစ်ရာကို မြင်လိုက်ရသဖြင့် ကျွန်တော့်စိတ်ထဲ ထူး ဆန်းသလို ဖြစ်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မထူးဆန်းဘဲနေပါ့မလား။ ကြည့်လေ။ နွားလှည်းအစီးနှစ်ဆယ်ခန့် ပစ္စည်းဝန်စည်စလယ်တွေသယ်ဆောင်ပြီး လယ်ကွင်းပြင်တွေကို ဖြတ်ကာ လှည်းတန်းကြီးက တရွေ့ရွေ့သွားလို့နေသည်။ လှည်းတွေပေါ်မှာ မီးအိမ်အချို့ ထွန်းထားပြီး လူတွေလည်း လိုက်ပါလို့လာသည်။

လှည်းတန်းကြီးက ကျွန်တော်ရပ်နေသော တဲရှေ့နှင့်ဆိုလျှင် ကိုက်သုံးရာခန့်လောက်တော့ ဝေးလိမ့်မည်။

ကျွန်တော်သည် ထိုလှည်းတန်းကြီးကို အံ့အားတသင့်ဖြင့်ကြည့်ရင်း စဉ်းစားနေမိသည်။ သည်လောက်အချိန်မျိုးမှာ လယ်ကွင်းပြင်တွေကို ဖြတ်သန်းပြီး သွားလာနေတာ ဤအနီးအနားရွာတွင် ဘုရားပွဲကျင်းပမှာမို့ ဆယ့်နှစ်ပွဲဈေးသည်များ ပစ္စည်းများရောင်းချဖို့ သွားနေကြတာပဲ ဖြစ်လိမ့်မည်ဟု။

လှည်းတန်းကြီးက လရောင်အောက်တွင် ကျွန်တော့်မျက်စိရှေ့ကနေ တရွေ့ရွေ့ ပျောက်ကွယ်သွားသည့်အချိန်ထိ ကျွန်တော် မတ်တတ်ရပ်နေရင်းက ကြည့်နေမိတော့သည်။



မနက်မိုးလင်းသောအခါ ကျွန်တော့်အဖို့ ကြုံရတာကတော့။

"ဦးလေး ... ဒီရွာနားမှာ ဒါမှမဟုတ် ဒီရွာမှာ ဒီနေ့ဘုရားပွဲရှိလား၊ ညက ကျွန်တော်တို့ ထန်းရည်သောက်ပြီးအိပ်တာ တစ်ရေးနိုး မနက် တစ်နာရီခွဲလောက် ကျွန်တော် အိပ်ရာကနိုးလာပြီး တဲအပြင်ထွက်တော့ လှည်းတန်းကြီးက အစီးနှစ်ဆယ်လောက်ရှိမယ် ... လူတွေကော၊ ပစ္စည်းဝန်စည်စလယ်တွေကောတင်ပြီး ဟောဟိုလယ်ကွင်းတွေကနေ ဖြတ်သွားကြတာတွေ့ရလို့ ... ရွာဘုရားပွဲရှိရင်တော့ ဒီည သွားကြမယ်ဗျာ ..."

မနက်မိုးလင်းလင်းချင်းမှာ ... ကျွန်တော်က ကျော်ကြီးဦးလေးကို မေးလိုက်သည်။

ကျော်ကြီးဦးလေးက ကျွန်တော့်မျက်နှာကို ထူးဆန်းသလို ကြည့်ရင်းမှ ...

"ဟာကွာ ... ဘယ်ဘုရားပွဲလဲ ... တို့ ဒီနားကရွာတွေမှာ ဘာဘုရားပွဲမှမရှိတာ ... မင်းဟာက လှည်းတန်းကြီးဖြတ်သွားတယ်ဆိုတာ မဖြစ်နိုင်တာ၊ မင်းက ထန်းရည်မူးရင်း စိတ်ထင်ရာလျှောက်မြင်လို့နေမှာ"

ကျော်ကြီးဦးလေးစကား ကြားလိုက်ရသည့်အခါ ... ကျွန်တော် ကြက်သီးထသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ... ကျွန်တော် ထန်းရည်မမူးဘူး ... အဲဒီ လှည်းတန်းကြီးကို ဖြတ်သွားတာ မြင်ကိုမြင်လိုက်ရတာ ... "

ကျန်သည့် သူငယ်ချင်းတွေကော၊ ကိုအုန်းကျော်ပါ ကျွန်တော့်စကားကြောင့် ဇဝေဇဝါဖြစ်သွားသည့်အမူအရာမျိုး တွေ့ရသည်။

"ဒီလိုမှန်းသိရင် ငါ့ကိုနိုးပါလား မင်းသိန်းရာ ... "

"ဘာ ... ခင်ဗျားကို နိုးရမယ်ဟုတ်လား၊ ညက ထန်းရည် မတရားသောက်ပြီး မူးလဲသွားလို့ တဲထဲထမ်းထည့်ရသူက နိုးဦးတဲ့၊ နေဦး ... ရန်ကုန်ပြန်ရောက်မှ ခင်ဗျားရည်းစား အပျိုကြီးမတင်မိကို ပြန်ပြောရမယ် ... "

ဘိုထွန်းစကားကြောင့် ကိုအုန်းကျော်က ရယ်လိုက်ရင်း ...

"ဟဲ ... ဟဲ ... ဒါကတော့ မလုပ်နဲ့ကွာ ... ဒါမျိုးက အခုပဲ လွတ်လွတ်လပ်လပ်နေလို့ရမှာ ... မတင်မိနဲ့ယူပြီးရင် နေလို့ရမှာ မဟုတ်ဘူးကွ၊ ဒါမျိုး မပြောကြေးနော် ... "

ကျွန်တော် ... ယခုမှ တစ်စုံတစ်ခုကို သဘောပေါက်လိုက်သည်။ ကျွန်တော့်အိမ်တွင်ရှိနေသော 'တစ္ဆေဆရာလုပ်နည်းကျမ်း' စာအုပ်တွင်လည်း ထိုအကြောင်းကို တစ်ပိုင်းတစ်စ အတိုချုပ်ရေးပြထားတာရှိသည်။

"သေချာပြီ ... ဒီလှည်းတန်းကြီးဖြတ်သွားတာက တကယ်တော့ သိကြမှာပေါ့ ... ကြပ်တွေဆိုတာ ကြားဖူးလား ... တချို့ဆို မသိသူတွေက ညဘက်ကြီး ရွာတစ်ရွာကိုရောက်သွား ... အဲ့ဒီရွာက အိမ်တစ်အိမ်မှာတည်း၊ အဲ့ဒီအိမ်ကလူတွေကဧည့်ခံ ... ညဘက် မွေ့ရာပေါ်မှာအိပ်ခိုင်း ... မနက်မိုးလင်းတော့ အဲ့ဒီလူက မြက်ပေါ်အိပ်နေတာဖြစ်နေ ... ပတ်ဝန်းကျင်မှာက ဘာမှမရှိ ... တကယ်တော့ အဲ့ဒီလူက ကြပ်တွေလှည့်စားခံရတာမျိုး ဖြစ်သွားတာ ... အခုလည်း ကြပ်တွေ နေရာပြောင်းရွှေ့တာဖြစ်မယ် ... ကြပ်ပြောင်းတာ"

ကျွန်တော့်စကားအဆုံး အားလုံး ဘာမှမှတ်ချက်မပေးတော့။

"ဒါမျိုးက ... ငါတို့ရွာမှာတော့ ဒီလိုမျိုး အခုမှကြားဖူးတာဟေ့၊ မောင်မင်းသိန်းလိုမျိုး ဘယ်သူမှ မတွေ့ဖူးဘူး ... အံ့သြစရာပဲကွာ"



ကျော်ကြီးဦးလေးက ကျွန်တော့်ကို ပြောရင်းမှ ဟိုးဝေးဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်သည်။

လယ်ကွင်းတွေအဆုံး တောစပ်မှာတော့ သစ်ပင်တွေက လေတိုက်ခ သဖြင့် ယိမ်းထိုးနေကြသည်။

ကျွန်တော့်ဘဝမှာလည်း ဤကဲ့သို့ ထူးဆန်းဖွယ်ရာကို ကြုံခဲ့ရတာ တတော့ ဘယ်တော့မှ မ မှနိုင်စရာပင်ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရိုးရာခလေ့ကို
မပစ်ကောင်းပေမဲ့
မျက်စိမှိတ် စွတ်ယုံမလား
ဒါမှမဟုတ်
ခွဲခြမ်းစိတ်ဖြာမလား။
အမှန်တရားဆိုတာ
စက်နဲ့ ရှာစရာမလိုဘဲ
တွေ့ကိုတွေ့မှာ။

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ကျော်ကြီးတို့အဘိုးအလှူက တော်တော်စည်ပါသည်။ အငြေး အမွေးက ရန်ကုန်နှင့် ဘာမှုမဆိုင်။ အနီးအနားရွာတွေကပါ လာပြီးစား ကြသည်။ အလှူက မီးခိုးတိတ် အလှူလို့ဆိုရမည်ဖြစ်သည်။

အလှူရှင့်ကျော်ကြီးအဘိုး၊ အဘွားတွေကတော့ ပီတိဖြစ်လို့ မဆုံ ။ ရွာမှာရှိသော ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ ကျောင်းဆောင် ဆောင်ပဲ လုပ်လှူဒါန်းရေစက်ချအလှူဖြစ်သဖြင့် ပိုပြီးကျေနပ်ဘာလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော့်လိုပင် ရွာအလှူကို ခုမှကြုံတွေ့ဖူးသော ဘိုထွန်း၊ ဖိုးသား တို့သာမက လူမှုရေးကိစ္စတွေမှာ အာပေါင်အာရင်းသန်သန်နှင့် ကူညီငြိး ဆရာလုပ်လေ့ရှိသော ကိုအုန်းကျော်ပင် ဤခရီးစဉ်ကို ခေါ်လာပေးသော ကျော်ကြီးကို ကျေးဇူးတင်မဆုံး ဖြစ်နေသည်။

သို့သော် အလှူကိစ္စတွေပြီးလို့ ကျွန်တော်တို့တစ်တွေ ရန်ကုန် ပြန် ညဲလုပ်ကာမှ ကိစ္စတစ်ခုက ပေါ်လာရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရောက်ရှိနေသောရွာမှ ကျောင်းကြီးတို့အဘွားလေး ရင်ကျပ်ရောဂါနှင့် ကွယ်လွန်သွားသောကြောင့် ဖြစ်ပါသည်။

ပြန်မည်လုပ်ကာမှ ကျောင်းကြီးတို့ရွာမှာ သာရေးကိစ္စအပြီး နာရေးအတွက် တစ်ပတ်ထပ်ကြာသွားရပါသည်။



ဤမှာလည်း ကြိုတောင့်ကြိုခဲ ကြုံခဲရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာမှာက နာရေးဖြစ်လျှင် ချက်ချင်းဆိုသလို ရွာထဲက ဆွေမျိုးသားချင်းတွေကော အသိမိတ်ဆွေတွေကော ဝိုင်းဝန်းရောက်ချလာပြီး မဏ္ဍပ်ထိုးတာ၊ ဘုန်းကြီးကို သက်ပျောက်ဆွမ်းကပ်ဖို့ပြင်တာ။ ရွာထဲကော အခြားရွာများကော အသိပေးဖို့ ဆော်ဩမည့်သူပါမကျန် အားလုံး သူ့တာဝန်နှင့်သူ ကွက်တိ။

"တို့ဆီမှာက မင်းတို့ရန်ကုန်လို မဟုတ်ဘူး ... အချိန်ရရင် နေ့ချင်းပြီးသင်္ဂြိုဟ်တာ ..."

ကျော်ကြီးဦးလေးက ကျွန်တော်တို့ကို ရှင်းပြပါသည်။

နေ့လယ်ခင်းအသုဘပို့ချိန်သို့ ရောက်သောအခါ ခေါင်းတလားကို တင်ဆောင်မည့်လှည်း ရောက်လာပါသည်။ ခေါင်းတလားကို တင်ဆောင်မည့်လှည်းမှာ စက္ကူဖဲကြိုးတွေ စက္ကူပန်းကုံးတွေ ဆင်ယင်ထားပါသည်။ ခေါင်းတလား တင်ဆောင်ထားသော လှည်းကို အသုဘပို့သူများထဲမှ လူငယ်တွေက တွန်းရပါသည်။ ထိုလှည်းနောက်ကမှ လူတစ်ယောက် ရေအိုးအသေးကိုကိုင်ပြီး လိုက်ရပါသည်။ သင်္ချိုင်းရောက်သောအခါ ခေါင်းတလားမြေမြှုပ်ပြီး ကိစ္စအဝဝပြီးလျှင် သင်္ဂြိုဟ်ခြင်းတာဝန်ပြီးပြီဖြစ်ပါသည်။



ကျွန်တော် သတိထားမိတာတစ်ခုရှိပါသည်။ သုသာန်မှအပြန်တွင် ဆွေမျိုးသားချင်းများက ကွယ်လွန်သူ၏ မြေပုံမှ မြေစိုင်ခဲကို ယူလာပြီး အိမ်ခေါင်းရင်းမှာ တရိုတသေထားတာ၊ ရက်လည်ပြီးမှ စွန့်ပစ်တာ ရန်ကုန်မှာရှိသည်။ အခု သည်မှာကြတော့ ဒါမျိုးမရှိ။

"ဦးလေး ... မြေပုံက မြေခဲလေး ဘာလေး မယူဘူးလား"

"မင်းတို့ဒေသကဓလေ့နဲ့ ဒီကဓလေ့ မတူဘူး ... ညကျမှ မင်း သိလိမ့်မယ် ..."

အသုဘပို့မှ ပြန်လာလာချင်း ကျွန်တော်က ကျော်ကြီးဦးလေးကို မေးလိုက်သဖြင့် ထိုကဲ့သို့ ပြန်ဖြေပါသည်။

ညနေရောက်တော့မှပဲ အဖြစ်မှန်ကို သိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်စအချိန် ကျော်ကြီးအဘွားလေးအိမ်၏ နှာရေးမဏ္ဍပ်ထဲမှာက လူစည်ကားနေပါသည်။ တောက်ခုံတောက်သူတောက်၊ ဒိုးဇော်ကစားသူကစားနှင့် ထိုအချိန်မှာပဲ ကျော်ကြီးဦးလေးက စက်ဘီးတစ်စီးနှင့်ရောက်ချလာပါသည်။

“မောင်မင်းသိန်း … ငါနဲ့ သုသာန်လိုက်မလား … ”

ရုတ်တရက်ဆိုသလို ကျော်ကြီးဦးလေးကမေးသဖြင့် ကျွန်တော်ကခေါင်းစားသွားပါသည်။

“ဘာကိစ္စလဲ ဦးလေးရ … ”

“နေ့လယ်က မင်းမေးတယ်လေ … မြေပုံက မြေခဲမယူဘူးလားဆိုတာ … တို့ဆီမှာက ဒါမျိုးဓလေ့မဟုတ်ဘူး၊ အခုလိုညရောက်မှ အဲ့ဒီမြေပုံကို သွားရတာ … မြေပုံနားက သစ်ကိုင်းရှိရင် သစ်ကိုင်းကို ချိုးယူလာရတယ် … သစ်ကိုင်းမရှိရင် မြေမြှုပ်ထားတဲ့ မြေပုံက မြေခဲပေါ့ကွာယူလာတဲ့အခါ အဲ့ဒီယူလာသူက တစ်လမ်းလုံး အိမ်ရောက်တဲ့အထိ စကားမပြောရဘူး … အိမ်ခေါင်းရင်းမှာ ထားထားရတယ်၊ ရက်လည်ဆွမ်းသွပ်တရားနာပြီးမှ အဲ့ဒါကိုယူပြီး သွားချင်ရာ လွှတ်ရာကျွတ်ရာသွားဆိုပြီးစွန့်ရတယ် … ကဲ … အခု သုသာန်သွားမလို့ လိုက်မလား … ”



ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ … အတွေ့အကြုံအသစ်တစ်ခုတော့ ရကောင်းပါသည်ဟုပြီး ဆုံးဖြတ်မိသောကြောင့်ဖြစ်ပါသည်။

ပြီးတော့ ‘တစ္ဆေဆရာ’ ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အမည်ခံထားတာဆိုတော့ ပရလောကနှင့် စပ်ဆက်ပြီး ဘာတွေတွေ့နိုင်လေမလဲ သိချင်တာလည်းပါသည်။

“သုသာန်က အသွားကို ငါ စက်ဘီးနင်းမယ် … ပြန်ရင် မင်းကနင်း … အပြန်မှာ စကားတော့ မပြောမိစေနဲ့ … ”

“ဟုတ်ကဲ့ ဦးလေး … ”

ကျော်ကြီးဦးလေး စက်ဘီးကယ်ရီယာခုံနောက်ကနေ လိုက်ပါသွားသော ကျွန်တော့်ကို ဘိုထွန်း၊ ဖိုးသား၊ ကိုအုန်းကျော်နှင့် ကျော်ကြီးတို့ကတော့ တအံ့တသြနှင့်ကြည့်ရင်း မဏ္ဍပ်ထဲမှာ ကျန်နေခဲ့ပါသည်။

သုသာန်သို့သွားရာလမ်းတစ်လျှောက်မှာက တိတ်ဆိတ်လွန်းလှသည်။ ရွာဆိုတော့ တစ်နေ့တာလုပ်ငန်းခွင်ဝင်ရသဖြင့် မောပန်းလို့ထင်ပါသည်။ တချို့အိမ်လေးများဆိုလျှင် မီးတောင်ထွန်းတာမျိုး မတွေ့ရ။ အစောကြီးအိပ်သည့်အိမ်တွေတောင်ရှိသည်။

ရွာသုသာန်သွားရာ လမ်းဘေးဝဲယာမှာ သစ်ပင်ကြီးတွေက အစီအရီပေါက်ရောက်လို့နေသည်။ အုတ်ဖုတ်သောတဲလေး နှစ်လုံး သုံးလုံးကိုလည်း လရောင်အောက်မှာ မြင်နေရသည်။

ကျွန်တော်သည် စက်ဘီးကယ်ရီယာခုံနောက်မှ လိုက်လာရင်း ပတ်ဝန်းကျင်ကို စူးစမ်းကြည့်မိသည်။ ထူးခြားချက် ဘာမှမတွေ့ရ။

သုသာန်မြေထဲရှိ ဇရပ်ပျက်ကြီးသည်ကား လရောင်အောက်တွင်အထီးကျန်စွာ တည်ရှိလို့နေသည်။ ကျော်ကြီးဦးလေး နင်းလာသောစက်ဘီးက သုသာန်ထဲသို့ ဝင်လာသောအခါ အုတ်ဂူနှစ်ဂူအနားရှိ ခွေးတွေကအူလိုက်သဖြင့် ဇရပ်ဘေးနားရှိ ကုက္ကိုလ်ပင်တွင် နားနေသော

www.burmeseclassic.com



ဓိးကွက်တစ်ကောင် ထပျံသန်းသွားသည်ကိုလည်း ကျွန်တော် တွေ့နေရသည်။

လူတွေက ပြောကြဖူးတာရှိသည်။ သုသာန်သို့ ညဘက်လာလျှင် သရဲတစ္ဆေနာနာဘာဝများကို မြင်ရသည်ဟု။ ယခုတော့ ဘာမှ ထူးခြားမှုမတွေ့ရ။ ထို့အပြင် ဤကဲ့သို့ မလေ့ကို ကျင့်သုံးသည့် ရွာက လူတွေကိုပင် သတ္တိကောင်းသူများဟု ချီးကျူးရမည် ဖြစ်သည်။

"မောင်မင်းသိန်း ... စက်ဘီးကိုတွန်းလာခဲ့ ..."

ကျော်ကြီးဦးလေးက ... ကျွန်တော့်ကို စက်ဘီးပေးလိုက်သည်။ ကျွန်တော်က စက်ဘီးကိုတွန်းရင်း ကျော်ကြီးဦးလေးနောက်မှ လိုက်လာခဲ့သည်။ ကျော်ကြီးဦးလေးက ရှေ့ကနေ လက်နှိပ်ဓာတ်မီးထိုးပြီး သွားနေသည်။

မြေပုံများကို ရှောင်ရှာရင်း နောက်ဆုံးမှာ နေ့လယ်က မြေမြှုပ်ခဲ့သော ကျော်ကြီးအဘွားလေးမြေပုံရှေ့သို့ ကျွန်တော်တို့ ရောက်လာခဲ့သည်။

ကျော်ကြီးဦးလေးက လက်နှိပ်ဓာတ်မီးဖြင့် မြေပုံအနီးနားသို့ ထိုးကြည့်နေသည်။ မြေပုံနားမှာ သစ်ပင်ငယ်လေးအချို့ ပေါက်နေပြီး အရွက်တော့ ထွက်နေခြင်းမျိုး မတွေ့ရ။ သစ်ကိုင်းခြောက်တွေချည်း ဖြစ်နေသည်။

ကျော်ကြီးဦးလေးက သစ်ကိုင်းခြောက်တစ်ခုကို ချိုးလိုက်သည်။

ထို့နောက် သွားမည်ဟု ကျွန်တော့်ကို လက်နှိပ်ဓာတ်မီး ဖွေ့ ပြပြီး အချက်ပေးလိုက်သည်။ နှစ်ယောက်သား ဘာစကားမှမဆိုဘဲ သုသာန်ထဲမှ ပြန်ထွက်လာကြသည်။ သုသာန်ထဲတွင်ရှိနေသော သုသာန်စောင့်ကိုတော့ သုသာန်ထဲမှ ကျွန်တော်တို့ ပြန်ထွက်လာသည့် အချိန်ထိ မတွေ့ရ။ သူ့အဖို့တော့ ဤဓလေ့ထုံးစံတွေကို သိနေသဖြင့် မလာတာလည်း ဖြစ်နိုင်ပါသည်။

သုသာန်ဝသို့ ရောက်သောအခါ ကျွန်တော်က စက်ဘီးပေါ်ခွ



တက်ပြီး နင်းလိုက်သည်။ ကျော်ကြီးဦးလေးက ကယ်ရီယာခုံပေါ် ခုန်တက်လိုက်သည်။

လာရာလမ်းအတိုင်း နင်းလာခဲ့သည်။ လေက နည်းနည်းငြိမ်နေသည်။ အုတ်ဖုတ်သော တဲနှစ်လုံးကို စက်ဘီးနင်းလာရင်းက ဖြတ်ကျော်လာသည့်အခါ ကျွန်တော့်စိတ်ထဲ ထူးဆန်းသလိုဖြစ်လာမိသည်။

ဘာဖြစ်လို့လဲဆို လမ်းက သည်လောက်ဖြူးနေတာ ဘာဖြစ်လို့ စက်ဘီးနင်းရတာ လေးနေသလဲလို့။ စက်ဘီးကို နေရာ်နင်းလာမိသည်။ နင်းတာမှ ခပ်သွက်သွက်ကို ကျွန်တော် နင်းမိအောင်ဘီးဖိုကဲ့သို့ နင်းသော စက်ဘီးက ပိုလေးလာသည်။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေပေါ ဖုံလာသည်။

ကျွန်တော် သိလိုက်ပြီ ...။ ကျွန်တော် နင်းနေသော စက်ဘီးမှာ ကျွန်တော်နှင့် ကျော်ကြီးဦးလေးသာမက သုသာန်မြေရှိ မြေပုံနားမှ ယူလာခဲ့သော သစ်ကိုင်းခြောက်နှင့် ကျော်ကြီးအဘွားလေးဝိညာဉ်ပါ ပါလာသဖြင့် လူသုံးယောက်စာ နင်းရသဖြင့် ဤမျှစက်ဘီးစီးရတာ လေးခြင်းဖြစ်သည်လို့။ အရေးထဲ အပုပ်နံ့မျိုး ရှူမိသဖြင့် ကျွန်တော် စက်ဘီးနင်းနေရင်း ကြက်သီးထမိသွားပြန်သည်။ ကျွန်တော် ရှူမိသလိုမျိုး ကျော်ကြီးဦးလေးလည်း ရှူမိမှာအမှန်ပင်။ စကားမပြောရဘူး ဆိုလို့သာ သူလည်း မပြောခြင်းဖြစ်လိမ့်မည်။

စက်ဘီးက လေးပြီး မောတာပန်းတာ ဂရုမထားအားဘဲ သုတ်ခြေတင် ကျော်ကြီးအဘွားလေး နာရေးမဏ္ဍပ်ရှိသည့် အိမ်ရောက်အောင် နင်းလာခဲ့ပါသည်။

မဏ္ဍပ်ရှေ့ရောက်မှ စက်ဘီးကို ဒေါက်ထောက်ပြီး ကုလားထိုင်တစ်လုံးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး မျက်နှာပေါ်မှ ချွေးတွေကို ပုဆိုးခါးပုံစဖြင့်သုတ်ကာ ရေတစ်ခွက် လှမ်းတောင်းလိုက်ပါသည် ကျော်ကြီးဦးလေးကတော့ သစ်ကိုင်းခြောက်ကို အိမ်ပေါ်သို့ ယူသွားသည်

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းသိန်း ... ဘာထူးလဲ ... "

ကျွန်တော် ရေသောက်ပြီးသည့်အခါ အနီးအနားမှာ ထိုင်နေသော ဖိုးသားက မေးလိုက်ပါသည်။

"ထူးတာတော့ ဘာထူးလဲ မမေးနဲ့ ... ဖိုးသားရေ ... "

ထိုအခါ ဘိုထွန်းက ...

"ဘယ်လိုထူးတာလဲ မင်းသိန်းရ ... "

"ဟာ ... ဘိုထွန်းကလည်း ... တစ္ဆေဆရာ ငါပါကွာ ... သိတာပေါ့ ... အပြန်လည်းကျရောကွာ ... စက်ဘီးကို ငါ နင်းတာ စက်ဘီးက ဘာလေးသလဲမမေးနဲ့ ... အသွားတုန်းက ကျော်ကြီးဦးလေး နင်းတာ ဘာမှမဖြစ်ဘူး ... အပြန်ကြမှ နင်းရတာလေးတာ ... လူကို ခြေကုန်လက်ပန်းကျမတတ်ဘဲ ... "

"ဟာ ... ဟုတ်လား ... သုသာန်မှာကော သရဲတွေဘာတွေ မတွေ့ဘူးလား ... "

ကိုအုန်းကျော်ကလည်း သိချင်သဖြင့် မေးပြန်သည်။

"သုသာန်ထဲမှာတော့ ဘာသရဲမှမတွေ့ဘူး ... ပြန်လာမှ ကျော်



ကြီးဦးလေး ယူလာတဲ့ သစ်ကိုင်းခြောက်မှာ ကျော်ကြီးအဘွားလေး ဖိသွာ
ပါလာတော့မှ စက်ဘီးကလေးတာ ... "

ထိုသို့ ပြောနေစဉ်မှာပဲ ကျော်ကြီးအဘွားလေး၏ မြေးတစ်ယော
ကျွန်တော်တို့ရှိရာသို့ ... စက်ဘီးဖြင့် ရောက်လာပြီး ကျော်ကြီးကို ခေ
တော့ ...

"ကိုကျော်ကြီး ... ဦးလေးကော ... အိမ်ကနေ စက်ဘီးယူသွားတ
ကျွန်တော်မသိလို့ အဲ့ဒီစက်ဘီးက အမဲဆီနည်းနေပြီ ... စက်ဘီးဝင်ရိုး
ထည့်ထားတဲ့ ဘောတွေကကွဲနေလို့ နင်းရင် စက်ဘီးက မပြေးဘဲ လေးတ
အရမ်းပင်ပန်းတာ ... ကျွန်တော် စက်ဘီးလဲပေးဖို့လာတာ မမီလိုက်ဘူ
အဲ့ဒါနဲ့ ရွာတောင်ပိုင်းကိစ္စရှိလို့ သွားတာ ဒီည ဝိုင်းလုပ်မဲ့အကြောင်း သွ
ပြောတာလေ ... "

ကျော်ကြီးအဘွားလေး၏မြေးစကားအဆုံး ကျွန်တော့်သူငယ်ချ
တွေအားလုံးက ကျွန်တော့်ကိုကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်ပါတော့သည်

"ဘယ်လိုလဲ တစ္ဆေဆရာရဲ့ ... စက်ဘီးဘောကွဲမှန်း အဲဆီ
မှန်းမသိ၊ မရှိမှန်းမသိနဲ့ မင်းဟာက အလွဲတွေချည်းပါပဲလား ... "

ကျွန်တော် နည်းနည်းတော့ 'ဘု'သွားပါသည်။

"မဟုတ်သေးပါဘူး ... ဒါဆို အပုပ်နံ့ရတာကကော ... မယုံ
ကျော်ကြီးဦးလေးကို မေးကြည့် ... "

ကျွန်တော့်စကားအဆုံးမှာ ကျော်ကြီးဦးလေးက အိမ်ပေါ်က
ဆင်းလာပါသည်။

"ဦးလေး ... အခုအပြန်လမ်းမှာ ဦးလေး သစ်ကိုင်းခြောက်ကို က
လာတုန်း အပုပ်နံ့ရလား ... ရှူမိတယ် မဟုတ်လား ... "

ကျွန်တော်က ကျွန်တော်မမှားကြောင်း သက်သေပြလိုသဖြင့် မေ
လိုက်ပါသည်။

"အပုပ်နံ့လား ... မောင်မင်းသိန်းကလည်း ... အသွားတုန်းက မ
သတိမထားမိလို့ ... အဲ့ဒီသွားတဲ့လမ်းမှာက ငံပြာရည်ချက်တဲ့တဲ ရှိတာပ

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာချက်ရင် လူတွေနံမှာစိုးလို့ ရွာစွန်မှာ ထွက်ချက်တာ၊ အဲ့ဒီငံပြာရည်ချက်တဲ့တဲက နံတာပါကွာ ... မင်းစိတ်ထင်လို့ဖြစ်မှာ မောင်မင်းသိန်းရ ... ”

“ကောင်းကွာ ... တစ္ဆေဆရာနဲ့ ငံပြာရည်နံ့မှန်းမသိ ... အပုပ်နံ့မှန်းမသိနဲ့ ... ”

တိုက်ပဲတိုက်ဆိုင်လှပါသည်။ ကျွန်တော်သိထားသမျှနှင့်က တစ်ခုပြီးတစ်ခု လွဲနေလို့ဖြစ်ပါသည်။



ဘာပြောကောင်းမလဲဗျာ ကျော်ကြီးတို့ရွာမှာ ဖြစ်သည့်အကြောင်းကို ရန်ကုန်လည်းပြန်ရောက်ရော ကိုထွန်းတို့ ကျော်ကြီးတို့က အကောင်းတတ်ကာ ကျွန်တော့်သူငယ်ချင်းမတွေကော ကျွန်တော့်ချစ်သူ ခင်မြင့်ကပါ ရယ်လိုက်တာဆိုတာ၊ 'တစ္ဆေဆရာ' ကျွန်တော် နည်းနည်းတော့ ကိုယ့်ပညာရှုပ်အတွက် ရှက်မိပါသည်။

သင်းတို့တစ်တွေ နောက်တစ်ခါကြုံမှ ယုံအောင်သက်သေပြပေါ့ မည်ဟု ကျွန်တော် စိတ်ထဲကနေ အကြိမ်ကြိမ်အခါခါ ကြုံးဝါးနေမိပါသည်

တကယ်ပါဗျာ။ တစ္ဆေဆရာလုပ်ရတာ ပင်ပန်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူတွေဖြစ်လို့
လူသိတာ
ဘာဆန်းသလဲ။
(တချို့ ဆို ကြော်ငြာတောင်ထိုးကြသေးတာ)
ဒါကိုများ
နောက်ဆုံးတော့
လူမသိမှာကျနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ဘယ်လိုလဲ တခွေဆရာကြီးရဲ့ ... မဟုတ်က ဟုပ်ကကိစ္စတွေ လျှောက်လုပ်မနေနဲ့တော့ ... အဲ့ဒီကောက်ရထားပါတယ်ဆိုတဲ့ တခွေဆရာ လုပ်နည်းကျမ်းစာအုပ်ကိုလည်း သွားလွှင့်ပစ်လိုက်စမ်းပါ၊ အလကား ... ဟုတ်တာလည်း မဟုတ်ဘဲနဲ့ ..."

ခင်မေဦးက အအေးကို ပိုက်နှင့် တစ်ငုံစုပ်လိုက်ပြီး ကျွန်တော့်ကို ပြောလိုက်ပါသည်။

"ဘာလို့ မဟုတ်ရမှာလဲ ... ဟုတ်နေတာပဲဟာ ... နည်းနည်းလေး သွားတိုက်ဆိုင်နေလို့ ဖြစ်လိမ့်မယ် ..."

ထိုအခါ ခင်မေဦးက မျက်စောင်းထိုးလိုက်ရင်း ...

"ဘယ်လိုတိုက်ဆိုင်မှာလဲ ... တကယ်တည်း အလွဲတွေချည်းပဲဟာ မင်းသိန်းရှယ် ... အဲ့ဒါတွေ နင့်ခေါင်းထဲက ဖျောက်လိုက်စမ်းပါ ..."

ခင်မေဦးပြောသော စကားသံတွေထဲမှာ စေတနာတွေ ပါဝင်နေ တယ်ဆိုတာ ကျွန်တော် သိပါသည်။

"ဒါနဲ့ ... ငါမေးရဦးမယ် ... ကျော်ကြီးတို့ ရွာကို ငါ အလည်သွားတုန်း နင် ငါ့ကို သတိမရဘူးလား ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်မေဦးက သောက်လက်စအအေးပုလင်းကို စားပွဲပေါ်ပြန်ချထားလိုက်သည်။

"အမှန်အတိုင်းပြောရရင် သတိတော့ရတယ် ... တစ်ခါတလေပေါ့ဟာ ... ဥပမာ အခု နင်နဲ့ ငါထိုင်နေတဲ့ အအေးဆိုင်ရှေ့က ဖြတ်သွားတဲ့ အခါမျိုးတွေပေါ့ ... "

"ဒါဆိုရင်တော့ သေချာပြီ ... နင်က ငါ့ကို အဲ့ဒီလို သတိရတာ ကိုက နင် ငါ့ကို ချစ်နေပြီဆိုတာ သေချာပြီ ... နင် ဘာမှ ရှက်မနေနဲ့"

ခင်မေဦးက တကယ်ရှက်သွားပါသည်။ ကျွန်တော့်စကားအဆုံး ရှက်သလိုအမူအရာနှင့် ဟိုကြည့်ဒီကြည့် ကြည့်ရင်းက ...

"သွား ... ဘာဆိုင်လို့လဲ ... "

ခင်မေဦးက အအေးပုလင်းကိုပင် ကုန်အောင်မသောက်တော့ဘဲ အအေးဆိုင်ထဲကနေ ထထွက်သွားပါသည်။

ဩော် ... မိန်းကလေးများနဲ့ ရှက်ပြီးထထွက်သွားပုံကလည်း ချစ်စို့တော်တော်ကောင်းလှပါသည်။

သေချာပါ၏။ ခင်မေဦးတစ်ယောက် ကျွန်တော်ကို ချစ်မိသွားတာ ဗေဒင်မေးဖို့တောင် လိုမည်မထင်တော့ပါ။

ချစ်သူဆီက အဖြေများရချင်တော့လည်း တောရွာကို အလည်သွားမှပါလားလို့။



ကိုအုန်းကျော် နည်းနည်းတော့ စိတ်ညစ်သွားသည်။ စိတ်မညစ်ဘဲ နေပါ့မလား။ ကြည့်လေ ...

တစ်နေ့လုံး ရပ်ရေးရွာရေးကိစ္စ၊ ဆွမ်းဆန်စိမ်းလောင်းလှူဖို့ ကိစ္စတွေနှင့် မအားမလပ်ဖြစ်ကာ ညမိုးချုပ် ရှစ်နာရီလောက်မှ ပြီးသည်။ တစ်နေ့တာ အမောအပန်းများ ချစ်သူမျက်နှာကိုမြင်လျှင် အမောပြေပျောက်သည်ဆိုသည့် စကားအတိုင်း ချစ်သူအပျိုကြီးမတင်မိတို့အိမ်သို့ ရောက်လာခဲ့သည်။

ချစ်သူအပျိုကြီးမတင်မိတို့အိမ်ခေါင်မိုးမှာက လ,မထွက်သေးပါ။ သနပ်ခါးပါးကွက်ကျားနှင့် မတင်မိမျက်နှာကလည်း သူ့အတွက် အမောပြေစေရာပါ။ မတင်မိက ရပ်ရွာအကျိုး သယ်ပိုးသော ကိုအုန်းကျော်ကို အမောအပန်းပြေစေဖို့ ရေတစ်ခွက်တိုက်ပါသည်။ ယပ်တောင်ကလေး ခပ်ပေးပါသည်။ မတင်မိ ယပ်ခပ်ပေးနေသော ယပ်တောင်မှ လေပြေအေးအေးလေးတွေက ကိုအုန်းကျော်အဖို့ ကမ်းခြေတစ်ခုကို ရောက်နေသလိုပင်။ သောင်နားမှာရှိနေပြီး ယပ်တောင်ခပ်ပေးနေသည့် မတင်မိကိုလည်း ... ခေါ်ဒယ်မလေးတစ်ဦးလို မျက်စိမှိတ်ထားရင်းမှ စိတ်ကူးယဉ်လို့ ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်မှ လှိုင်းရိုက်ပုတ်သံ၊ လှိုင်းတွေက ကမ်းခြေကို ဆော့ကစားနေပုံ၊ မတင်မိနှင့် သူ ရုပ်ရှင်ဗီဒီယိုတွေထဲကလို ကမ်းခြေမှာ ပြေးလွှားနေ၊ တစ်ယောက်နှင့်တစ်ယောက် ပင်လယ်ထဲရေကူးနေ၊ အုန်းရည်တွေ အတူတူ ပိုက်နှင့် စုပ်သောက်၊ ခရုကလေးတွေကောက်နှင့် ပိုက်ဆံမပေးရသည့် စိတ်ကူးကို အပီအပြင် အားပေးနေတုန်းမှာပဲ ...

"မောင်အုန်းကျော် ... ဒီအချိန်ဆို လမ်းဆုံထိပ်မှာ ဒံပေါက်ဆိုင် မပိတ်သေးဘူးထင်တယ် ... အခုမှကွယ် အဒေါ် ဒံပေါက်စားချင်လာလို့"

အိမ်ခန်းထဲကနေ မတော်ရသေးသည့် ယောက္ခမဖြစ်သူ မတင်မိ၏ အမေက ပြောချလိုက်ပါသည်။

စိတ်ကူးတွေ ပျက်သုန်းရပါသည်။ အခုမှ အမောပြေရန်ရှိသေး။ အလိုက်မသိပါလားလို့။ သို့သော် ယောက်ျားတို့ထုံး နှလုံးမူပြီး ...

"ရတယ် ဒေါ်ဒေါ် ... အခုပဲသွားဝယ်လိုက်မယ် ... "

ဆတ်ခနဲ ထိုင်ရာမှအထ မတင်မိ၏အပြုံးက သူ့အတွက် 'အား' ဖြစ်သွားပါသည်။

တော်ပါသေးသည်။ ဒံပေါက်ဆိုင်မှာ ကြက်သားက ရင်အုံသား ရှိသေးလို့။ ပါဆယ်လိုက်ပွဲဆွဲပြီး မတင်မိတို့အိမ် ပြန်လာခဲ့သည်။

ကိုအုန်းကျော်ဘဝမှာ မထင်မှတ်တာတွေ ဖြစ်ခဲ့ရပါတော့သည်။



ဒံပေါက်ထည့်ထားသော ဖော့ဘူးကို ကျွတ်ကျွတ်အိတ်ထဲထည့်ပြီး ကိုယ့်ချစ်သူ မတင်မိလက်ကဲ့သို့ ဆွဲလာသော ကိုအုန်းကျော် မတင်မိတို့အိမ်သို့ ဖြတ်လမ်းမှပြန်လာမိခဲ့သည်။

ကိုအုန်းကျော် ... ဖြတ်လာသော ဖြတ်လမ်းဘေးမှာက ရပ်ကွက်မူလတန်းကျောင်းရှိသည်။ သို့သော် မူလတန်းကျောင်းက ခြံစည်းရိုးမရှိပါ။ ပါးပင်တွေ ကျိုးတိုးကျဲတဲပေါက်နေတာကိုက ခြံစည်းရိုးသဖွယ် ဖြစ်နေပါသည်။ လူသွားဖြတ်လမ်းနှင့် ကပ်လျက်တွင် နှစ်ထပ်ကျောင်းဆောင်ဆောင်းကြီးတစ်ဆောင် ရှိသည် ... ။ ထို နှစ်ထပ်ကျောင်းဆောင်က ကျောင်းစတည်ကတည်းကဖြစ်သဖြင့် အတော့်ကို ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သည်။ စာသင်ကြားခြင်းလည်းမရှိတော့။ မကြာခင် ဖြိုပြီး အသစ်ပြန်ဆောက်ဖို့ ပညာရေးက ချပေးမည့် ပြင်ဆင်စရိတ်ကို စောင့်နေခြင်းဖြစ်သည်။

ကိုအုန်းကျော်က ... လမ်းလျှောက်နေရင်းမှ မသိမသာ နှစ်ထပ်ကျောင်းဆောင်ဟောင်းကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။ အောက်ထပ် ပြတင်းပေါက်တစ်ခုက ပွင့်သွားတာ မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေမတိုက်ဘဲ တံခါးဖွင့်သံက ကျယ်သဖြင့် ကိုအုန်းကျော် နည်းနည်း စိတ်ဝင်စားသွားသည်။ ဟိုဟိုဒီဒီကြည့်တော့လည်း ဖြတ်သွားဖြတ်လာဆိုလို့ သူတစ်ယောက်တည်း။

ကြည့်နေတုန်းမှာပဲ တံခါးက လှုပ်လာပြန်သည်။ ကိုအုန်းကျော် နဖူးပြင်မှ ချွေးက နည်းနည်းပြန်လာသည်။ အရပ်ထဲမှာ ဤမူလတန်းကျောင်းနှင့် ပတ်သက်ပြီး ပြောကြဆိုကြသည့် ကောလဟာလတော့ရှိသည်။ ဤမူလတန်းကျောင်းက သရဲခြောက်သည်ဆိုသော သတင်းပင် ဖြစ်ပါသည်။ သို့သော် ထင်ထင်ရှားရှား အခြောက်ခံရဖူးသူတော့ မကြားရ။

ကံများနိမ့်လို့ သူ့ကိုများ သရဲက ခြောက်လေသလား ... ။ သို့မဟုတ် သူ့လက်ကဆွဲလာသော ဒံပေါက်ဘူးထဲမှ ကြက်သားကြောင့်လေလားလို့ သူ စဉ်းစားရင်းက သူ့ကို ဒံပေါက်အချိန်အခါမဟုတ် ဝယ်နိုင်းသော မတင်မိအမေကို စိတ်ထဲက အပြစ်တင်နေမိသည်။

လှုပ်နေသော တံခါးက လူတစ်ယောက် ဖွင့်လိုက်ပိတ်လိုက် လုပ်သလိုမျိုး ဖြစ်လာပြန်သည်။ တစ်ဆက်တည်းဆိုသလို အရိပ်သဏ္ဍာန်တစ်ခုကို ပြတင်းပေါက်ဝမှာ မြင်လိုက်ရသည်။ ထဘီလို ပုဆိုးလိုလို ခြုံထားပြီး ပြတင်းပေါက်ဝကနေ သူ့ကို လက်ယပ်ခေါ်နေသလိုမျိုး လုပ်ပြရင်း ထဘီလိုလို ပုဆိုးလိုလို ခြုံထားသောအရာကို လှစ်ပြသောအခါ ကိုအုန်းကျော်မြင်လိုက်ရတာက ဖြူဖွေးနေသော မျက်နှာကြီးဖြစ်သည်။

**"အား ... သရဲ ... သရဲ ..."**

ကိုအုန်းကျော် အော်သံက လူသွားဖြတ်လမ်းထဲမှ ကျယ်လောင်သွားပြီး အသကုန်သုတ်ခြေတင် ထွက်ပြေးပါတော့သည်။



မတင်မိတို့အိမ်ရောက်သောအခါ အကြောက်လွန်နေသဖြင့် စကားတောင် မပြောနိုင်အားဘဲ တုန်လှုပ်နေသောကြောင့် မတင်မိက ဘုရားစင်မှာကပ်ထားသော ပရိတ်ရေကို တိုက်ရသည်။

ကိုအုန်းကျော်က ယောက္ခမအတွက် သစ္စာတော့ရှိပါသည်။

ဤလောက် သရဲခြောက်ခံရတာတောင် လက်ထဲမှာ ကိုင်ထားသော ဒံပေါက်ထည့်ထားသည့် ကျွတ်ကျွတ်အိတ်က ပြုတ်ကျမကျန်ရစ်ဘဲ မတင်မိတို့အိမ်အထိ ပါလာလို့ဖြစ်ပါသည်။

www.burmeseclassic.com



ဘဝမှာ သရဲခြောက်ခံရတော့လည်း ကိုအုန်းကျော်အဖို့ ယောက္ခမအတွက် ဒံပေါက်ဝယ်ပေးမှပဲ ခြောက်ခံရတာက တော်တော်လေး သူ့အဖို့ အမှတ်တရဆိုရပါမည်။

❋❋❋



"ကိုအုန်းကျော် ခင်ဗျားဟာက သေချာရဲ့လားဗျာ … အဲ့ဒီကျောင်းဘေးနားကနေ လူတွေ ဖြတ်သွားဖြတ်လာလုပ်နေကြတာပဲ၊ ခင်ဗျားကျမှ သရဲခြောက်တယ်ဆိုတာက ဟုတ်မှဟုတ်ရဲ့လားဗျာ"

ဘိုထွန်းက ကိုအုန်းကျော်ကို မယုံသင်္ကာပုံစံမျိုးနှင့် မေးလိုက်သည်။

"မဟုတ်ဘဲနေမလားကွ … ငါက ဒါတွေ ဘယ်မှာ သိပ်ယုံလို့ပဲ၊ အခုဟာက မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာ … မျက်နှာကြီးက ဖြူဖွေးနေ ဦး ငါ့ဆီက ဒံပေါက်ထုပ်ကို တောင်းတာဗျ … "

ယခုထက်ထိ ကိုအုန်းကျော်က သရဲခြောက်ခံရတာ ကြောက်စိတ် မပြေသေးသည့်ပုံစံမျိုး ဖြစ်နေသည်။

ရပ်ကွက်ထဲမှာလည်း ကိုအုန်းကျော် ရပ်ကွက်ဖြတ်လမ်းက မူလတန်းကျောင်းမှာ သရဲခြောက်ခံရသည်ဆိုသည့်သတင်းကလည်း ပျံ့လွင့်နေသည်။

"ကိုမင်းသိန်း … နည်းနည်းတော့ထူးတယ်နော် … "

ဖိုးသားက ကျွန်တော့်ကိုပြောလို့မဆုံးခင် ကိုအုန်းကျော်က …

"မင်းသိန်းရာ … ငါ့လောက် လူမှုရေးအလှူဒါနလုပ်တာရှိဦးမလား၊ ဒီဒံပေါက်ထုပ်ကြောင့် ဖြစ်ရတာကွာ … ငါ့ကံတွေ နိမ့်လို့လား … "

www.burmeseclassic.com

www.burmeseclassic.com



"နိမ့်တာပေါ့ဗျ ... ခင်ဗျားက ဘာဖြစ်လို့ မတင်မိတို့အိမ်သွားပြီး ရေတိုက်ခိုင်း၊ ယပ်ခပ်ခိုင်းလဲ ..."

ကျော်ကြီးက ကိုအုန်းကျော်ကို နောက်ပြောင်လိုက်သည်။

"မဆိုင်ပါဘူးကွာ ... ငါ့ချစ်သူအိမ် ငါသွားတာနဲ့ သရဲခြောက်ခံရတာ ဘာဆိုင်တယ်မှတ်လို့ ..."

ကိုအုန်းကျော်က ဘုပြန်တော့ပါသည်။

"ကဲ ... တစ္ဆေဆရာမင်းသိန်း ... မင်းကော ဘယ်လိုယူဆသလဲ"

ကျော်ကြီးက ကျွန်တော့်ဘက်လှည့်ပြီး ထင်မြင်ချက် တောင်းပါသည်။

"အခုလိုမေးတာ တစ္ဆေဆရာဆိုတဲ့ ငါ့ပညာရပ်ကို တန်ဖိုးထားလို့ မေးတာလား ... ဒါမှမဟုတ် ပညာစမ်းချင်လို့မေးတာလား"

"ဘာကွ၊ မင်းကို ပညာစမ်းရအောင် မင်းဟာက ဘယ်လောက်မှန်နေလို့လဲ ..."

ကျော်ကြီးစကားကြောင့် ကျွန်တော် ဒေါသထွက်သွားပါသည်။

"ဒီလိုဟာမျိုးက ယုံတယ်ဆိုတဲ့သူပဲသိမှာ ... ဒါတောင် ကိုယ်တိုင်ကြုံဖူးသူက အခု ကိုအုန်းကျော်ဖြစ်လို့ ..."

ကျော်ကြီးက စိတ်မရှည်သည့်အမူအရာဖြင့် ...

"ကဲကွာ ... ရှင်းပြစရာရှိလည်း မြန်မြန်ရှင်း ..."

"ဒီကျောင်းမှာ သရဲခြောက်တယ်ဆိုတာ တချို့က ကောလဟလလို့ ထင်တာလည်းရှိတယ် ... တချို့က တကယ်လို့လည်း ထင်တယ် ... ငါတို့လည်း ငယ်ငယ်လေးကတည်းက ဒီမှာနေတာပဲ ... ဘယ်မှာ သရဲခြောက်ခံရတဲ့သူရှိလို့လဲ ... အခု ကိုအုန်းကျော် တွေ့ပါတယ်ဆိုတဲ့ အဲ့ဒီပြိုတော့မဲ့ နှစ်ထပ်ကျောင်းဆောင်ကြီးကို စောင့်ရတဲ့ သရဲဖြစ်လိမ့်မယ် ... ဒီအဆောင်ကြီးက စွန့်ခွာရတော့မှာဆိုတော့ သူ့အတွက် အာဟာရကလိုမှာပေါ့ ... အဲ့ဒီအချိန်မှာ ကိုအုန်းကျော်က ဒံပေါက်ထုပ် ယူလာတာဆိုတော့ သူက ထွက်တောင်းတာဖြစ်မယ် ... သူ အစာမစားရသေးတော့ ဒီအဆောင်က စွန့်သွားဦးမှာ မဟုတ်ဘူး"



"ဒါဆိုရင် ကံနိမ့်နေတဲ့ ငါ ဘာလုပ်ရမလဲ မင်းသိန်း ..."

ကိုအုန်းကျော်က သိချင်ဇောဖြင့် မေးလိုက်ပြန်ပါသည်။

"ခင်ဗျားကို နောက်ထပ်သရဲမခြောက်ရအောင် သရဲချည်မန်းကွင်းဂါထာနဲ့ ချည်မန်းကွင်းဆောင်ရမယ် ..."

"မင်းသိန်း ... လာပြန်ပြီလားကွာ ... ဒီတစ်ခါ မင်း ဘာလွှဲဦးမလဲ ..."

ဘိုထွန်းက စိတ်ပျက်လက်ပျက် အမူအရာနှင့် ကျွန်တော့်ကို ပြောလိုက်သည်။

သည်ကောင် အခုထက်ထိ ကျွန်တော့ပညာကို မယုံသေးပါ။ သည်တစ်ခါတော့ ကျွန်တော့်ပညာစွမ်းကို ပြသရပေတော့မည်။

"ကျွန်တော်က ကိုအုန်းကျော်ကို သရဲချည်မန်းကွင်းဂါထာနဲ့ သရဲချည်မန်းကွင်းလုပ်ပေးမယ် ... ကိုအုန်းကျော်က အဲ့ဒါကိုရွတ်၊ ချည်မန်းကွင်းကို ဆောင်ထားရင် သူ့ရဲပြေးတယ် ... ပြီးတော့ ကိုအုန်းကျော်ကို ခြောက်တဲ့သရဲ အဲ့ဒီကျောင်းဆောင်က လွတ်မြောက်အောင်လည်း လုပ်ပေးရမယ်၊ အစာလည်းကျွေး ... ကံကောင်းရင် ကျွတ်လည်း ကျွတ်ပေါ့ဗျာ ..."

"ဒါဆိုရင်တော့ ကောင်းတာပေါ့ကွာ ... ငါက ကံနိမ့်တော့ ဒါ ဆောင်ထားရင် ဘာကြောက်စရာလိုတော့မလဲ ... ကဲ ... မင်းက ဘယ်လိုလုပ်မှာလဲ ..."

သရဲနှင့် ဆုံတွေ့ခဲ့ရသော ကိုအုန်းကျော် ... သည်တစ်ခါတော့ ကျွန်တော့်ကို အထူးပင်အားကိုးလို့နေပါသည်။

"သရဲချည်မန်းကွင်းဂါထာ

..................................

..................................

..................................

..................................

.................................. ရွတ်ရမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းကျော်ခမျာ ကျွန်တော်ရွတ်ပြသောဂါထာကို နားထောင်နေရင်း စိတ်ပျက်လက်ပျက်ပုံ ဖြစ်နေပါသည်။ ဒါကို တစ္ဆေဆရာ ကျွန်တော် အကဲခတ်မိပါသည်။

"ကိုအုန်းကျော် ... ဘာမှမပူနဲ့ ... ကျွန်တော် စာရွက်နဲ့ ရေးပေးမယ် ..."

"ငါကွာ ... စာမကျက်ချင်လို့ ဆယ်တန်းနဲ့ ကျောင်းထွက်တာ အခု တော့ မင်းသိန်းရာ ... ဒီဂါထာ ကျက်ရဦးမယ် ..."

ကိုအုန်းကျော်က ဘိုထွန်းဘက်လှည့်ကြည့်ရင်း ...

"ကြည့်လုပ်ပါဦး ဘိုထွန်းရာ ..."

"မင်းသိန်း ... မင်းဉာဏ်တော့ တော်တော်ကောင်းတယ် ... ဒါကို အလွတ်ရွတ်နိုင်တာ ..."

"ဒါပေါ့ ဘိုထွန်း ... ငါရဲ့တစ္ဆေဆရာလုပ်နည်းကျမ်းမှာပါတဲ့ အဲ့ဒီ အစီအရင်ကို ကျက်ထားရတာပေါ့ကွ ... မင်းက ငါ့ပညာရပ်ကို ချီးကျူးတော့ ဆက်ပြီး ပြောရမှာပေါ့ကွာ ..."

"အဲ့ဒီအန္တာန်ဂါထာ အသုံးပြုပုံက ချည်ပင်(၃၇)မျှင်ကို (၃၇)ထုံး ထုံးထားတဲ့အပိုင်းအတိုင်း ထုံးနှန်းသုတ်ရတယ် ... သုတ်လို့တန်ပြီးရင် စောစောက မန္တာန်ဂါထာကို (၃၇)ခါ ရွတ်ဆိုရတယ် ... သရဲပူးပူး မှင်စာ ပူးပူး အဲ့ဒီချည်မန်းကို လက်ျာရစ်သုံးပတ်လှည့်စွပ်ပြီးမှချွတ် ... သရဲ၊ တစ္ဆေ ပြိတ္တာ ဘာမှမလိုဘူး ... ပြေးပေတော့ပဲ ..."

ကျွန်တော့်စကားဆုံးတော့ ကိုအုန်းကျော်က ဘိုထွန်းဘက်သို့ ကြည့် လိုက်သည်။ သူ့အကြည့်က ... ကျွန်တော် ဘယ်လောက်တော်ကြောင်း အားကိုးရကြောင်း ကြည့်သည့်အကြည့်မျိုးဖြစ်သည်။

"စာတွေ့ကတော့ ဟုတ်ပေါ့ကွာ ... လက်တွေ့ကြည့်ရသေးတာ ပေါ့ဟေ့ ..."

ကျော်ကြီးက ... မခိုးမခန့်လေသံနှင့် ကျွန်တော့်ပညာရပ်ကို အထင် သေးသလိုမျိုး ပြောဆိုလိုက်သည်။



"စိတ်ချ ... ဒီတစ်ရက် နှစ်ရက်အတွင်း လကွယ်ညမှာ ဒီအစီအဝဉ် ကိုစမယ် ... မယုံရင် မင်းတို့လိုက်ကြည့် ..."

မပြောလည်း သိပါသည်။ သည်သူငယ်ချင်းတွေလား လိုက်မကြည့် ဘဲနေမှာ။

၃၉၃

www.burmeseclassic.com



လရောင်မရှိသောညမှာ ကျွန်တော်တို့တစ်တွေ ရပ်ကွက်ဖြတ်လမ်းဘေးရှိ ဝါးပင်ငယ်များ ကျိုးတိုးကျဲတဲပေါက်နေသည့် အနီးနားရှိ မှုလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်ဟောင်းကြီးနားသို့ ချဉ်းကပ်လာပါသည်။

ကိုအုန်းကျော်က လက်ထဲမှာ ဒံပေါက်ထုပ်ကိုင်ထားပြီး ... လက်တစ်ဘက်က ချည်မန်းကွင်းကို ကိုင်ထားပါသည်။ သူ့ပုံစံက တိုက်ပွဲတစ်ပွဲကိုဝင်မည့် စစ်သူကြီးတစ်ယောက်လို 'အား'ပါနေပါသည်။ ကျော်ကြီးက လက်ထဲမှာ လက်နှိပ်ဓာတ်မီးကိုင်ထားသည်။ ဖိုးသားနှင့် ဘိုထွန်းကတော့ ဘာလက်နက်ကိရိယာမှမပါ။

"တကယ်လို့ ကျွန်တော်တို့ မမြင်ရဘဲ ကိုအုန်းကျော် သရဲမြင်ရင်လည်း မြင်ရတဲ့နေရာကိုသာပြော ... ကျော်ကြီးက လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိမ့်မယ် ..."

ကျွန်တော်က ကိုအုန်းကျော်ကို ရှင်းပြလိုက်သည်။

"မင်းသိန်းရာ ... အခုထိတော့ ဘာမှ မထူးခြားသေးဘူးကွ"

"ဒါကလည်း ဒီည ခြောက်ချင်မှ ခြောက်မှာထင်တယ် ..."



ကျော်ကြီးနှင့် ဘိုထွန်း အပြန်အလှန် စကားကို တိုးတိုးပြောနေကြသည်။

"ဒီဖြတ်လမ်းက မီးမရှိဘာမရှိဆိုတော့ လူသိပ်မဖြတ်တော့ ခြောက်ချင်လည်းခြောက်နိုင်တယ် ကိုမင်းသိန်းရဲ့ ..."

ဖိုးသားက ကျွန်တော့်ကိုပြောရင်းမှ ခြင်ကိုက်သဖြင့် ခြင်ကို ရိုက်လိုက်ပါသည်။

ထိုအချိန်မှာပင် နှစ်ထပ်ကျောင်းဆောင်ကြီး အပေါ်ထပ် မျက်နှာကြက်ထဲကနေ ငှက်တစ်ကောင် ထပျံသွားသလားမသိ။ ငှက်တောင်ပံခတ်သံ ကြားလိုက်ရသည်။

"မကြောက်ပါနဲ့ကွာ ... လင်းနို့တို့ ဘာတို့ဖြစ်မှာပါ ... "

ကျွန်တော့်အထင်ကို ကျွန်တော်က ပြောလိုက်သည်။ ကျန်သည့်သူတွေက ဟိုကြည့် ဒီကြည့်နှင့် အမှောင်ထဲမှာ စူးစမ်းလိုက် ခြင်ရိုက်လိုက်နှင့်။

"ကျွိ ... "

ရုတ်တရက်ဆိုသလို နှစ်ထပ်ကျောင်းဆောင်အောက်ထပ် ပြတင်းပေါက်တံခါး ပွင့်သံကြားလိုက်ရသည်။ လေမတိုက်ဘဲ ပွင့်သွားသဖြင့် ... အားလုံးအံ့အားသင့်ရင်းမှ ကြည့်လိုက်သည်။ ဘာမှထူးခြားမှု မတွေ့ရ။

"ငါ့ကို အဲ့ဒီပြတင်းပေါက်ကနေ ခြောက်တာကွ ..."

ကိုအုန်းကျော်က ပြတင်းပေါက်ကို လက်ညှိုးထိုးပြရင်းမှ ... ဒံပေါက်ထုပ်ကို မြှောက်ပြီး ...

"ကဲ ... မကျွတ်သေးတဲ့သရဲ ... ဟောဒီမှာ နင်စားချင်တဲ့ ဒံပေါက်လာယူ ... ပြီးမှ နင့်ကို ချုတ်ရမယ် ... ဒီမှာ ချည်မန်းကွင်းတွေ့လား ..."

ဒံပေါက်ထုပ်ကို မြှောက်ရင်း ကိုအုန်းကျော်က ထို ပွင့်နေသော ပြတင်းပေါက်နားသို့ သွားလိုက်သည်။

ကိုအုန်းကျော်တစ်ယောက် အတော့်ကို သတ္တိရှိနေပါသည်။ မရှိဘဲခံနိုင်ရိုးလား။ သူ့နောက်မှာ အဖော်တွေလည်းပါ၊ ချည်မန်းကွင်းကလည်းရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ဂါထာကို ရွတ်ပေးမည့် ကျွန်တော်ကလည်းရှိဆိုတော့ သူက သရဲကို ဘယ်မှု လိမ့်မလဲ။

"ဟော့ ... အသံမပေးနဲ့ ... ကိုယ်ရောင်ပြ ... "

"ဝုန်း ... "

"သရဲ ... သရဲဟော့ ... "

ဒံပေါက်ထုပ်ကိုင်ရင်း ပြတင်းပေါက်နား ကိုအုန်းကျော်က အရှေ့ဘက် ကျောင်းဆောင်အောက်ထပ်အတွင်းထဲကနေ ယဘီလိုလို ပုဆိုးလိုလို ခြုံထားသောအရာတစ်ခုက ပြတင်းပေါက်ကနေ ခုန်ထွက်လာပါသည်။

ကိုအုန်းကျော်က အော်ဟစ်သံအဆုံး ကျော်ကြီးက လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်သည်။

"သရဲမဟုတ်ဘူး ... လူ ... လူ ... မျက်နှာမှာ ပေါင်ဒါမှုန့်တွေ လူးထားတာ ... "

ကျော်ကြီးစကားအဆုံး စာသင်ခန်းပြတင်းပေါက်ကနေထွက်ပြီး ပြေးလာသော ပေါင်ဒါမှုန့်တွေ မျက်နှာမှာလူးထားသည့် လူကို ဖိုးသားနှင့် ဘိုထွန်းက ဝင်လုံးပြီး ဖမ်းလိုက်သည်။

"လွှတ် ... လွှတ် ... ကျွန်တော် သရဲမဟုတ်ဘူး ... "

ဘိုထွန်းနှင့် ဖိုးသား ချုပ်ထားသော မျက်နှာမှာ ပေါင်ဒါမှုန့်တွေ လူးထားသူက အတင်းရုန်းရင်း ပြောလို့နေသည်။

"ကိုအုန်းကျော် ... ဒီကောင် ခုန်ထွက်လာတဲ့ ပြတင်းပေါက်ကို ခင်ဗျားနဲ့ ကျွန်တော် လက်နှိပ်ဓာတ်မီး ထိုးကြည့်မယ် ... "

ကျော်ကြီးက ကိုအုန်းကျော်နှင့် ပြတင်းပေါက်နားကပ်ပြီး လက်နှိပ်ဓာတ်မီးနှင့် ထိုးလိုက်ပြီး ဟိုကြည့်ဒီကြည့် ကြည့်လိုက်သည်။

"ဟာကွာ ... "

ကိုအုန်းကျော် အံ့အားတသင့်အသံနှင့်အတူ လက်နှိပ်ဓာတ်မီး ထိုးထားသော ကျော်ကြီးပါ ဘာမှမပြောနိုင်ဖြစ်သွားသည်။



အဖြစ်က ပြောမပြောချင်တော့ပါ။

ဖြိုဖျက်ပြီး အသစ်ဆောက်တော့မည့် ဤနှစ်ထပ်စာသင်ဆောင် ဟောင်းကြီးထဲမှာ မှောင်ကလည်းမှောင်ဆိုတော့ ဟိုဘက်ရပ်ကွက်ထဲက ဓိမ်မယ်တစ်ဦးကို လာပျော်ပါးသူက နေရာမရှာဘဲ ဤနေရာကို အခွင့်ကောင်းယူပြီး အသုံးချခြင်းဖြစ်သည်။ ဓိမ်မယ်နှင့် ပါလာသူအဖော်က လူလာလို့မရအောင် သရဲခြောက်သည့် ပုံစံမျိုး ဖန်တီးထားခြင်း ဖြစ်သည်။ ညစဉ် ဤကဲ့သို့ ပြုမူလုပ်စားနေတာ တစ်လတောင်ကျော်ပြီဟု သိရသည်။ မှုလတန်းကျောင်းဆောင်ကလည်း အဆောင်အဟောင်းဆိုတော့ ဘာပစ္စည်းမှမရှိလို့ သတိမထားမိတာလည်းပါလိမ့်မည်။

အခုတော့ ကိုအုန်းကျော်ကြောင့် အဖြစ်မှန်အားလုံးပေါ်ပြီး ဓိမ်မယ်လည်း စီးပွားပျက်ပြီး ရယကရုံးကနေ နောက်ဆုံး ရဲစခန်းသို့ ရောက်သွားသည်။ သရဲယောင်ဆောင်သူကော ပျော်ပါးသူလည်း အပါအဝင်ဖြစ်သည်။

www.burmeseclassic.com



ကျွန်တော်ကကော ထပ်ပြောစရာဖြစ်လာပါသည်။

ကျွန်တော်၏ သရဲချည်မန်းကွင်းဂါထာနှင့် သရဲချည်မန်းကွင်းက လျှို့ဝှက်နက်နဲ ဂမ္ဘီရဆန်သော ကိစ္စကြီးတစ်ခုကို အောင်မြင်အောင် ဖော်ထုတ်နိုင်သည်ဆိုပြီး သူငယ်ချင်းတွေက ကလိကြပါသည်။

တစ္ဆေဆရာ ... ကျွန်တော် နည်းနည်းတော့ မျက်စိစပ်တာပေါ့ဗျာ။

လုပ်ချင်တာတွေ
ဘယ်လောက်လုပ်နေပါစေ
ဘယ်တော့မှ မနေနိုင်တာက
မင်းကိုပဲပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

ကျွန်တော့်အတွက် တင်ရွှေဆရာလုပ်ရတာ မည်ရွေ့မည်မျှ လုံ အချ ပါစေ ကျွန်တော် ကျေနပ်တာတစ်ခုတော့ ရှိပါသည်။

ထိုကျေနပ်မှုကတော့ ခင်မေဦးနှင့် ကျွန်တော် ချစ်သူတွေဖြစ် သွား ကြခြင်းပင် ဖြစ်သည်။ ကျွန်တော်နှင့် ခင်မေဦးတို့ ချစ်ခရီးလမ်းမှာ အ ညောင့်ခလုတ်ဆိုတာ ဘာမှမရှိပါ။

ခင်မေဦးနှင့် ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြတာ နှစ်ဖက် မိဘ ဖွင့်ပြောတော့ ... အားလုံးက လက်ခံကြည်ဖြူကြပါသည်။ ကျွန်ုပ် တ တို့နှစ်ယောက်အကြောင်းကို နှစ်ဖက်မိဘက အတွင်းသိ အစင်းသိဆို တာ ငြင်းပယ်ကြတာလည်း မရှိပါ။

အားလုံး ဘွဲ့ကလည်း ရပြီးဆိုတော့ ဘာလိုပါသလဲ။ ပြော စရာ တစ်ခုသာရှိပါသည်။ ထိုအချက်က ခင်မေဦးက အလုပ်ရှိပြီး ကျွန်တော်က ဘာအလုပ်မှ မရှိသေးဘဲ တစ်ဦးတည်းသောသားပီပီ မိဘလုပ်စာ သို စား နေခြင်းဖြစ်သည်။

ထိုအချက်ကို ကျွန်တော့်ချစ်သူ ခင်မေဦးက သဘောမကျပါ

www.burmeseclassic.com



အခုလည်းကြည့်။ ချစ်သူသက်တမ်း တစ်လပြည့် ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာပြီး ... အရိပ်ကောင်းသော ရင်ပြင်တော်ပေါ်ရှိ တန်ဆောင်း တစ်ခုမှာ ထိုင်ကြရင်း ကျွန်တော်နှင့် ခင်မေဦး စကားတွေ ပြောဖြစ်နေ ကြပါသည်။

"မင်းသိန်း ... ငါမှာလည်း နင့်ကို ထပ်ပြောရတာ အပ်ကြောင်းက တော်တော်ထပ်နေပြီ ... နင့်ရဲ့ တချွေဆရာဆိုတဲ့ဟာကြီးကို စွန့်လိုက်ပါ တော့ဟာ ... အဲ့ဒီစာအုပ်ကို မီးရှို့လိုက် ... ဒါမှမဟုတ် သွားလွှင့်ပစ်လိုက် တော့ဟာ ... တို့နှစ်ယောက် အနာဂတ်အတွက် အလုပ်ကလေးဘာလေး လုပ်ပေတော့လေ ..."

ခင်မေဦးက ဘုရားဇာ ဆောင်းထဲကနေ ရင်ပြင်တော်ရှိ ဘုရားဖူး များကိုကြည့်လိုက်ရင်းမှ ကျွန်တော့်ကို ပြောလိုက်ပါသည်။ ဘုရားရင်ပြင် တော် ကျောက်ပြားတွေပေါ်မှာတော့ အပူငွေ့တံလျှပ်တွေက ထနေလို့။

"အလုပ်ဆိုတာ လုပ်ရမှာပေါ့ဟာ ... ခဏလေးစောင့်ပါ ... ဒီတချွေ ဆရာလုပ်နည်းစာအုပ်ထဲကအတိုင်း ... ငါ စမ်းသပ်တာက အခုထိ မမှန်



သေးဘဲ လွဲနေလို့ ... တစ်ခါလောက် မှန်ဖူးတယ်ရှိအောင် မှန်သွားရင် ဒါ ကျေနပ်ပြီ ..."

"ဒီတော့ နင်ဆိုလိုချင်တာက ဘာလဲ"

ခင်မေဦးက ကျွန်တော့်မျက်နှာကိုကြည့်လိုက်ပါသည်။ ချစ်သူ၏ မျက်နှာမှာ သိချင်ဇောတွေက အထင်းသားပေါ်လွင်နေသည်။

"ငါ့သူငယ်ချင်းတွေက ငါ့ရဲ့အလွဲတွေကို ဟားတိုက်နေကြတာ သူငို့ တစ်တွေ ဟာခနဲ ဟင်ခနဲ ဖြစ်သွားပြီးရင် ဒီတချွေဆရာဆိုတဲ့ ငါ့ဘွဲ့ထူးကော တချွေဆရာလုပ်နည်းကျမ်းစာအုပ်ကိုကော ... ငါ စွန့်လွှတ်ပြီး အလုပ်လုပ် မယ် ... နင့်ကို လက်ထပ်မယ် ... အခုတော့ ခဏလေးပါဟာ ..."

ခင်မေဦးက ကျွန်တော့်စကားကြောင့် ... နည်းနည်းတော့ ကျေနပ် သွားပါသည်။

"နင် အဲ့ဒီ ဟာခနဲ ဟင်ခနဲနဲ့ ဘယ်လောက်တောင် စောင့်ရဦးမှာ လဲဟာ ..."

"ဒါတော့ ငါလည်း မပြောတတ်တော့ဘူး ..."

မိန်းမတွေများ အပြောင်းအလဲ တော်တော်မြန်ပါသည်။ အခုတော့ ကျွန်တော့်စကားအဆုံး နှုတ်ခမ်းကြီးကို ခင်မေဦးက ဆူထားလို့ ဖြစ်ပါ သည်။ သူမအကြည့်က ဘုရားရင်ပြင်တော်ဆီရောက်သွားပြန်သည်။

"စိတ်ချပါဟာ ... ဘယ်သူမဆို ကိုယ့်ချစ်သူ ဇနီးမယား ဂုဏ်မရှိတဲ့ အလုပ်ကို ဘယ်သူမှ လုပ်ချင်မှာမဟုတ်ဘူး ... ငါလည်း ငါ ဝါသနာပါတာ လေးအတွက် ခဏလောက်စောင့်ဆိုင်းပေးပါ၊ စိတ်ချ အကြံပြုတဲ့ကိစ္စရပ်၊ နင့်ကို ချစ်တဲ့အချစ်ရယ်တော့ ငါဘယ်တော့မှ မမေ့ဘူး ..."

"သွားပါ ... စကားလုံးတွေ အခွန်မပေးရတိုင်း လျှောက်ပြောမနေ နဲ့ ..."

ကျွန်တော့်စကားကြောင့် ခင်မေဦးမျက်နှာ ပြုံးသွားပြီး ကျွန်တော့် ခုံးကို တွန်းရင်း ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မပြောလည်းသိပါသည်။ ခင်မေဦးတစ်ယောက် ကျွန်တော့်စကားတွေကိုနားထောင်ပြီး ကျေနပ်သွားတာက အမှန်ပင်ဖြစ်သည်ဆိုတာ မေးဖို့တောင် လိုမည်မထင်။

မေးကြည့်လျှင်လည်း ကျွန်တော့်ချစ်သူ ခင်မေဦး ခေါင်းညိတ်ပြမှာ အမှန်ပင်ဖြစ်ပါသည်။

မယုံသူတွေအတွက်လည်း
ကမ္ဘာကြီးက ဘာမှမဖြစ်ပါ။
နေဝင်တယ်၊ နေထွက်တယ်
ယုံသူတွေအတွက်လည်း
ကမ္ဘာကြီးက ဘာဖြစ်လို့လဲ
နေဝင်လိုက်၊ နေထွက်လိုက်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"မင်းသိန်း … ဘယ်တော့လောက် ခင်မေဦးနဲ့ မင်္ဂလာဆောင်မှာလဲ … အခုမဆောင်လည်း နောက်ဆောင်ရမယ်အတူတူ ကုန်ဈေးနှုန်းတက်ခင် ဆောင်တော့လေ … တော်ကြာ ကိုအုန်းကျော်တို့က မတင်မိနဲ့ မင်္ဂလာဆောင်တာ မင်းထက်ဦးသွားဦးမယ် … "

ဘိုထွန်းက ကျွန်တော့်အိမ်ခြံဝင်းထဲရှိ ကွပ်ပျစ်မှာလဲအိပ်နေရင်းမှ ဆောင်းကင်မှာ ထိန်ထိန်သာနေသည့် လမင်းကြီးကိုကြည့်ပြီး မေးလိုက်သည်။

လကလည်း သည်ညမှ အရင်ညတွေထက်ပိုသာလေသလားပါပဲ။ သည်အချိန်ဆို ကျွန်တော်တို့က ညဆယ်နာရီကျော်တာတောင် စကားကောင်းနေတုန်းမှာ … ကျွန်တော့်ချစ်သူ ခင်မေဦးကတော့ ကောင်းကောင်းကြီး အိပ်မောကျနေလောက်ပါပြီ။

"ငါ့အဖေနဲ့အမေကလည်း ဆောင်ခိုင်းနေပြီကွ … ဒါပေမဲ့ ငါ့မှာ ညှိရှယ်ချက်တစ်ခုရှိလို့ … ဒီရည်ရွယ်ချက်ကြောင့် ခင်မေဦးကတောင် စိတ်ကောက်သေးတယ် … "

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးက ဖွာနေသော ဆေးပေါ့လိပ်ကို ဘေးနားချလိုက်ပြီး သိချင်သည့်အမူအရာနှင့်

"မင်းမှာ ဘယ်လိုရည်ရွယ်ချက်ရှိလို့လဲ ... ဘာဖြစ်လို့ စိတ်ကောက် ရတာလဲ ..."

"တစ္ဆေဆရာဆိုတဲ့ ... ငါ့ဘာသာငါပေးတဲ့ ဘွဲ့ထူးကြောင့်ပေါ့ကွာ ငါကောက်ရထားတဲ့ တစ္ဆေဆရာလုပ်နည်းကျမ်းစာအုပ်ထဲကအတိုင်း ငါ လုပ်တာက အလွဲတွေချည်းဖြစ်နေတယ် ... တစ်ခါလောက်တောင် မမှန် သေးဘူးလေ ... ဒီတော့ မင်းတို့တွေ ဟာခနဲ ဟင်ခနဲဖြစ်အောင် တစ်ခါ လောက်မှန်ရင် ငါ ဒါကို စွန့်လွှတ်မယ် ... အလုပ်လုပ်မယ် ... ပြီးမှ လက် ထပ်မယ်လို့ပြောတော့ ခင်မေဦးက စိတ်ကောက်ပါလေရောကွာ ..."

ကျွန်တော့်စကားအဆုံး ဘိုထွန်းက ကွပ်ပျစ်ပေါ် လှဲနေရာမှ ထ,လာ သည်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ကာ ...

"မင်းသိန်း ... မင်းတော့ ရူးပြီ ... မင်း တော်တော်ကြောင်တဲ့ ကောင်ပဲ ... ဘာဆိုင်လဲ ... မင်းဟာလေ မင်းဆီကို အဲဒီတစ္ဆေဆရာ လုပ်နည်းကျမ်းစာအုပ်ဆိုတဲ့ဟာကြီး ရောက်လာကတည်းက မင်းမှာ အဲ့ဒါ ကြီးမှ အဲ့ဒါကြီးဖြစ်နေတာ ... ခင်မေဦး စိတ်ကောက်တာတောင် နည်း သေးတယ် ... ငါ မပြောဘူးလား ... ရေးချင်တဲ့သူက ပေါက်ကရ ရေးထား တာတွေပါဆိုတာ ..."

ဘိုထွန်းက ပြောပြောဆိုဆို လက်မှာပတ်ထားသောနာရီကို ကြည့် လိုက်သည်။

"ကျော်ကြီး ... ပြန်မယ် ... ဆယ့်တစ်နာရီတောင် ထိုးတော့မယ် ဒီညလမ်းထဲမှာ ငါတို့အိမ် ကင်းကြတာ စောင့်ရမှာ ပထမဦးဆုံး ငါနဲ့ တွဲ စောင့်သူကို အရင်စောင့်ခိုင်းလို့ ငါ ဒီလိုလေရှည်နေလို့ရတာ၊ တော်ကြာ ကင်းစစ်လာလို့မရှိရင် ဒဏ်ရိုက်နေဦးမယ် ..."

ကျော်ကြီးကို အတင်းဆွဲခေါ်ပြီး ဘိုထွန်းက ခြံဝင်းထဲကနေ ထွက် သွားသည်။



ကွပ်ပျစ်ပေါ်မှာတော့ ကျွန်တော်တစ်ယောက်တည်း ဟိုတွေးဒီတွေး ကျန်နေခဲ့သည်။

ခြံထောင့်ရှိ စံပယ်ပင်တွေဆီမှ စံပယ်ပန်းရနံ့တွေက မွှေးပျံ့လို့ လာ ပါသည်။

မနက်စောစောထပြီး စံပယ်ပွင့်လွှေးတွေကောက်ပြီး တစ်ဝက်ကို ဘုရားတင်၊ တစ်ဝက်ကို ကျွန်တော့်ချစ်သူ ခင်မေဦးအတွက် ပန်ဆင်ဖို့ ပေး သည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပြီး အိမ်ပေါ်သို့တက်ကာ အိပ်ရာဝင်မိ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှာ လမ်းကင်းကျ၍ ကင်းစောင့်နေရသော ဘိုထွန်းကတော့ သည်လိုအရသာမျိုး ခံစားတတ်မှာမဟုတ်။



ကင်းတဲမှ အချက်ပေးသံချောင်း ဆယ့်နှစ်ချက်အား ဘိုထွန်း ခေါက်လိုက်သည်။ တိတ်ဆိတ်နေသောညမှာ ကင်းတဲသံချောင်းခေါက်သံမှလွဲ၍ ဘာမှမကြား၍။ ကင်းအတူတွဲစောင့်သော လမ်းထဲမှတစ်ယောက်ကတော့ တစ်နေ့တာနွမ်းနယ်သမျှပင်ပန်း၍ ယခုမှ တစ်ဝကြီး အတိုးချ အိပ်စက်တော်မူနေပြီဖြစ်ပါသည်။

ကင်းတဲမှကြည့်လိုက်လျှင် တစ်လမ်းလုံးရှင်းနေသည်။ ဘိုထွန်းတို့ လမ်းက ကိုယ့်ဝင်းကိုယ့်ခြံနှင့်မို့ နည်းနည်းတော့ ဆိတ်ငြိမ်သည်။ သစ်ပင် ဝါးပင်အရိပ်ရအပင်တွေကလည်း လမ်းထဲရှိ အိမ်တိုင်းမှာ စိုက်ထားသည်။

အရေးထဲကျမှ အရာပေါ်ဆိုသလို အခုမှ ဘိုထွန်း အိမ်သာတက် ချင်လာသည်။ ကင်းတဲအနီးအနားမှာ အလေးသွားလို့ကလည်း ဘယ်လိုမှ မဖြစ်။ ပြောင်တလင်းဖြစ်နေသည်။ အကောင်းဆုံးက အိမ်မှာ အိမ်သာ ပြန်တက်တာပဲကောင်းတော့မည်ဟု ဆုံးဖြတ်ရင်း အတူတူကင်းစောင့်နေ သူကို နှိုးလိုက်ပြီး ကင်းခဏစောင့်ခိုင်းကာ အိမ်ဆီသို့ ခပ်သုတ်သုတ်ထွက် လာခဲ့သည်။

ဘိုထွန်းအိမ်က လမ်းအကွေ့ ပစောက်ခြမ်းလိုနေရာမျိုးမှာ ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့သို့ရောက်လာသောအခါ ခြံတံခါးချိတ်ကို လက်လျှိုပြီး ဖွင့်မည်ကြံတုန်း တစ်စုံတစ်ရာကိုမြင်လိုက်ရသဖြင့် အံ့အားသင့်ရင်းက ကြက်သီးထ,သွားသည်။

ဘိုထွန်းတို့အိမ်နားရှိ ဖြတ်လမ်းသွယ်လေးနားမှနေ၍ အမျိုးသမီးတစ်ဦးက သူ့ကို လက်ယပ်ခေါ်၍ဖြစ်သည်။ ညဥ့်နက်သန်းခေါင် အချိန်မတော် ဖြတ်လမ်းသွယ်လေးထိပ်မှာ ရှေးခေတ်အဝတ်အစားမျိုး ဝတ်ဆင်ထားသော အမျိုးသမီးကိုတွေ့၍ ပိုပြီး အံ့အားသင့်နေမိသည်။

ဘိုထွန်းက ထိုအမျိုးသမီးရှိရာသို့ရောက်သောအခါ နှာခေါင်းထဲတွင် နှင်းဆီပန်းရနံ့မျိုး ရှူရှိုက်လိုက်ရသည်။ ထိုအမျိုးသမီး သူ့ထက် တစ်နှစ်လောက်သာ အသက်ကြီးမည်ထင်ရသည်။ အသားအရေက ဖြူသည်။ လည်ပင်းမှာ စိန်ဘယက်တပ်ထားပြီး စိန်နားကပ်လည်း ပန်ထားသည်။ ပြီးတော့ ထူးခြားချက်က လက်ဆယ်ချောင်းလုံးမှာ စိန်လက်စွပ်တွေ ဝတ်ထားခြင်းဖြစ်သည်။ စီးထားသောဖိနပ်ကိုလည်း ဘော်ကြယ်တွေ ထိုးထားသည်။

ဘိုထွန်းက သူ့ကိုယ်သူ အိပ်မက်တော့ မဟုတ်တန်ကောင်းပါဟု ဆိုပြီး မျက်စိကိုပွတ်ကြည့်၊ ကိုယ့်လက်ကို ကိုယ်ပြန်ဆိတ်ကြည့်သည်။ အားလုံးက အိပ်မက်မဟုတ် တကယ်ဖြစ်နေသည်။ ဆံပင်ကို ဖားလျားချပြီး စိန်ရတနာတွေ စီခြယ်ထားသော ထိုအမျိုးသမီးကို ရပ်ကွက်ထဲမှာ တစ်ခါဖူးမှ မမြင်ဘူးခဲ့ပါ။

ထိုအမျိုးသမီးက သောက်ရေအိုးစင်ကို လက်ညှိုးညွှန်ပြသည်။ သေချာသည်က ရေငတ်လို့ ရေတောင်းတယ်ဟု ဘိုထွန်းက ဆုံးဖြတ်ရင်း သောက်ရေအိုးစင်မှ ရေခပ်ပေးပြီး ရေတိုက်လိုက်သည်။

သေချာပါသည်။ လူမှ လူအစစ်ဖြစ်သည်ဆိုတာ ဘိုထွန်း သိလိုက်သည်။

"နက်ဖြန်ည လာခဲ့မယ်မောင်တော် ... ကျေးဇူးပဲ ..."



ရေကိုသောက်ပြီး ခွက်ပြန်ပေးရင်းက ထိုအမျိုးသမီးက ပြောလိုက်ခြင်းဖြစ်သည်။ ဘိုထွန်းက သောက်ရေအိုးစင်မှာ ရေခွက်ပြန်ထားပြီး ထိုအမျိုးသမီးကို လှည့်ကြည့်တော့ မရှိတော့ပေ။ နှာခေါင်းထဲမှာ နှင်းဆီပန်းရနံ့ကတော့ ရနေသေးသည်။

ရေခွက်ပြန်ထားစဉ် ခဏလေးမှာ ထိုအမျိုးသမီး မရှိတော့ခြင်းက ဆန်းလို့နေသည်။ ဖြတ်လမ်းငယ်လေးသို့ လှမ်းကြည့်တော့လည်း ဘာမှမရှိ။ သူရပ်နေရာက လှမ်းကြည့်တော့လည်း ဘာမှမတွေ့။

ဘိုထွန်း ကြက်သီးမွေးညင်းထသွားရင်းက အိမ်ခြံဝင်းတံခါးကို အမြန်ဖွင့် အိမ်သူအိမ်သားတွေကိုနှိုးပြီး ဖြစ်ကြောင်းကုန်စင်ပြောပြပေတော့သည်။

ထိုသို့ ပြောပြသည့်အချိန်မှာ သူ့နှာခေါင်းထဲ နှင်းဆီပန်းရနံ့ ရှူရှိုက်မိနေဆဲပင်ဖြစ်သည်။

www.burmeseclassic.com



ထိုညမှာ ဘိုထွန်း ကင်းမစောင့်ဖြစ်တော့။ အတူစောင့်သော ကင်းသမားက ဘိုထွန်းကို ကောင်းကောင်းကြီး အတုံးလိုက်အတစ်လိုက် မေတ္တာပို့ပါတော့သည်။



ဘိုထွန်းက တကယ့်ကို အားကိုးသောအကြည့်နှင့် ကျွန်တော့်ကို ကြည့်လိုက်သည်။ ကျော်ကြီး၊ ဖိုးသားနှင့် ကိုအုန်းကျော်အဖို့ ဘိုထွန်း ပြောတာ နားသာထောင်နေရပေမယ့် သိပ်မယုံချင်သေး။

သို့သော် ... ဘိုထွန်း တကယ်ကို ကြုံတွေ့လာရလို့သာ သည်လို ပြောဆိုတာ၊ သူ့ အမြဲတမ်းအတိုက်အခံလုပ်လာခဲ့တာ သူကိုယ်တိုင် ကြုံလာရလို့ သိချင်နေတာမှန်း ပေါ်လွင်နေပါသည်။

ဒါကို ကျွန်တော်တလည်း သိသည်။ တမင်တကာ ဘာကိုမှ မယုံကြည်သော သည်ကောင့်ကို နည်းနည်းတော့ ပညာပေးဦးမှလို့။

"မင်းသိန်း အဲ့ဒါဘာလဲကွာ ... ငါ့ကို ပြောစမ်းပါဦး ... လုပ်ကွာ ငါ သိချင်လို့ ..."

ပညာရပ်တစ်ခုကို သိဖို့အတွက် ...

"အလကားဘယ်ရမလဲကွ၊ ဒီလက်ဖက်ရည်ဝိုင်းကို မင်း ရှင်းရင်တော့ ငါ ပြောပြမယ်"

ဘိုထွန်းက ကျွန်တော့်ကို မျက်စောင်းထိုးရင်းက ...

"ကဲပါကွာ ... တိုက်ပါ့မယ် ... ပြောမှာသာပြောပါ ..."

"ဒါက အကြောင်းကလည်း တိုက်ဆိုင်တယ် ... ပြီးတော့ ... လပြည့်

www.burmeseclassic.com



ရက်တွေဖြစ်တာရယ် ... ပြီးတော့ မင်းရုပ်ပွင့်တာရယ်ကြောင့် ဥစ္စာစောင့် ... နှင်းဆီရနံ့ပေးပြီး မင်းကို ကိုယ်ထင်လာပြတာ ...”

“ဘာကွ ... ငါ့ရုပ်ပွင့်လို့ မဟုတ်လား”

ကျွန်တော့်စကားကြောင့် ဘိုထွန်း အံ့အားသင့်သွားပါသည်။

“ဟုတ်တယ် ... ဥစ္စာစောင့်မက မင်းရုပ်ပွင့်လို့ လာပြတာ... ပြီးတော့ အတိတ်ကာလက မင်းနဲ့ ဆက်နွယ်ချက်တွေ ဘာတွေ ရှိမှာပေါ့ ပြီးတော့ မင်းကို ဒီညမှာပါတွေ့မယ် ... မောင်တော်ဆိုတော့ အတိတ်ဘဝက မင်းရဲ့ဇနီးမယားချစ်သူဖြစ်လို့ မင်းကို မစ,ချင်တာလားမှ မသိတာ”

“မင်းသိန်း ... ဧကောင့်ဝိညာဉ်နှုတ်ပြီး သိုက်ကို ပြန်ခေါ်ချင်တာတော့ မဖြစ်နိုင်ဘူးလား ...”

ကျော်ကြီးစကားကြောင့် ဘိုထွန်းမျက်နှာ အနည်းငယ်ပျက်သွားသည်။

“ကျော်ကြီး ဝင်မနှောက်နဲ့ကွာ ... မင်းသိန်းရဲ့ ထောင်တန်... တား ရယ်ရင်ပေါ့သွားမယ် ...”

အခုမှ ဘိုထွန်းတစ်ယောက် ကျွန်တော့်ကို အငေါ်တွေကြီး အမှ... တွေပေးနေပါသည်။

“ကေန္တ ငါထင်တာ ... အဲ့ဒီဥစ္စာစောင့်မက မင်းကို ရွှေမန်ကျည်း... တောင့်ပေးချင်လားမသိဘူး ... ငါ့ဘဝမှာ တစ္ဆေဆရာလုပ်တာလွဲသမျှ ဒီ... တော့သေချာပြီ ... ဒီတစ်ခါ မင်းတို့ ဟာခနဲ ဟင်ခဲ ဒီညဖြစ်ရင် ငါလည်း အဲဒါကို စွန့်လွှတ်ပြီး အလုပ်လုပ်ရင်း ခင်မေဦးကို လက်ထပ်ပြီဟေ့ ...

“မင်းသိန်းရာ ... မင်း ကြော်ငြာနောက်မှထိုးစမ်းပါဦး ... ဒီ... ငါတို့ဘာဆက်လုပ်ရမှာလဲ ...”

လူများ မယုံကြည်လို့သာ။ ယုံကြည်လာမိပြီဆိုလျှင် ဘာကိုမှ မ... တော့။ အခုလို သည်ကောင့်ကိုလိမ်စားမည်ဆို လိမ်လို့ရပြီ။

သို့သော် တစ္ဆေဆရာဆိုသည့် ကျွန်တော့်ဘွဲ့ထူးအတွက် ဒင်း... လိမ်ရက်ပါ။



“ဒီညမှာ မင်းမနေ့ညကတွေ့တဲ့ အချိန်လောက် ဝတ်ကောင်းစားလှတွေဝတ်ပြီးစောင့်နေ ... တကယ်လို့ ဥစ္စာစောင့်မလာရင် မင်း လိုချင်တာတွေ တောင်းတော့ ... ဘယ်သူမှလည်း လျှောက်မပြောနဲ့ ... ဒါက မင်းရုပ်ပွင့်လို့ရတာ ရုပ်ကွယ်ရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ငါတို့က ပုန်းရင်းနဲ့ အခြေအနေကို အကဲခတ်မယ် ... ရုပ်ပွင့်တဲ့မင်းဟာ ရုပ်ပွင့်အောင်ကို ဝတ်ရမယ်ဟေ့ ...”

“အေးကွာ ... တစ်ခုခုကော့ ထူးခြားမှာ ငါယုံတယ် မင်းသိန်းရေ”

ဘိုထွန်းမှ မဟုတ်ပါ။ ကျွန်တော်တို့တွေအားလုံးလည်း ယနေ့ည တစ်ခုခုထူးခြားလာမှာကို မျှော်လင့်နေတာက အမှန်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညမှာတော့ လရောင်က ပျပျကလေး လင်းလို့နေသည်။ ဘိုထွန်းတို့တစ်လမ်းလုံးလည်း တိတ်ဆိတ်နေသည်။ မတိတ်ဆိတ် လှုပ်ရှားနေတာက ရေမရှိသောမြောင်းထဲမှာ ခြောက်နေသဖြင့် ဝပ်နေကြသော ကျွန်တော်၊ ကျော်ကြီး၊ ဖိုးသားနှင့် ကိုအုန်းကျော်တို့ပင် ဖြစ်သည်။

ဘိုထွန်းကတော့ သူ့အိမ်ရှေ့အနီးအနားက လူသွားဖြတ်လမ်းခွဲလေးရှိရာသို့ လမ်းလျှောက်ရင်းမှ မသိမသာ ကြည့်လို့နေသည်။

"ဟုတ်တာမဟုတ်တာထားကွာ ... ဘိုထွန်း ဒီညဝတ်ထားတာ ကြည့်စမ်း ... ပန်းရောင်လည်ကတုံးနဲ့ ရခိုင်ပုဆိုးနဲ့ မျက်နှာမှာလည်း ရုပ်ပွင့်အောင်လို့ဆိုပြီး ပေါင်ဒါလူးထားသေးကွာ၊ တကယ်ပဲ မင်းသိန်းရာ တကယ့် ဥစ္စာစောင့်မလင်အတိုင်းပဲ ... "

ကိုအုန်းကျော်က မကြားတကြားပြောသည့်စကားအဆုံး ကျွန်တော်တို့ မြောင်းထဲမှာ ဝပ်နေသူအားလုံး အသံမထွက်အောင် ရယ်လိုက်ကြသည်။

"ဒီဥစ္စာစောင့်မက ... ဘယ်လောက်ကြာမှ လာမှာလဲ တစ္ဆေဆရာ ... မင်းဟာက ကြည့်လုပ်ပါဦး ... ဒီမှာ ခြင်ကိုက်လို့ ရိုက်ရတာ ပန်းတွေ ကောင်းမတက်ဘဲနဲ့ကို ကလို့ရပြီ ... "



အရေးထဲ ခြင်ရိုက်နေသော ကျော်ကြီးက တိုးတိုးစကားဆိုလိုက်သေးသည်။

ဖိုးသားကတော့ သူ့ဘဝမှာ ထူးခြားမှုတစ်ခု ယနေ့ညမှာ မျက်ဝါးထင်ထင် တွေ့ရတော့မှာမို့ တကယ့်ကို အားတက်သရော စိတ်ပါလို့နေသည်။

"ကိုမင်းသိန်း ... ဒီညတော့ တကယ် မလွဲပါဘူးနော် ... ကျွန်တော့်ဘဝမှာ တစ်ခါလောက်တော့ တကယ်ဟုတ်တာမျိုး မြင်ချင်လို့ပါ ... "

"ဖိုးသားရာ ... မင်းက တစ္ဆေဆရာဆိုတဲ့ ငါ့ပညာရပ်ကို အထင်သေးတာပဲ ... စိတ်ချ ... ဒီည အမှန်ကန်ဖြစ်ပြီး ငါလည်း ဒီပညာရပ်ကို နှန့်လွှတ်တော့မှာ"

ဖိုးသားကို ပြောရင်းက ကျွန်တော် နာရီကို ကြည့်လိုက်တော့ ည ဆယ့်နှစ်နာရီကျော်သွားပြီဖြစ်သည်။ ဘိုထွန်းတို့ လမ်းကင်းတဲက သံချောင်းခေါက်သံပင် မကြားရ။ ဘိုထွန်းတို့လမ်းအတွက် လုံခြုံရေး အတော့်ကို စိတ်ချရဖို့ ကျိန်းသေသည်။

ထိုစဉ် ... ဆံပင်ဖားလျားချပြီး အစိမ်းရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ဦး မှောင်မည်းနေသော ဖြတ်လမ်းငယ်ကြားထဲမှနေ၍ ထွက်လာသည်ကို ကျွန်တော်တို့အားလုံး မြင်လိုက်ရသည်။ တစ်ယောက်မှ ဘာစကားမှမဆို။ အနည်းနှင့်အများ ကြက်သီးတော့ ထသွားကြသည်။

"ဥစ္စာ ... ဥစ္စာစောင့်မက လှတော့လှသားကွ ... "

"ရှူး ... တိုးတိုး ... ကိုအုန်းကျော် ... "

ကျွန်တော်က ကိုအုန်းကျော်ကို အသံမထွက်ဖို့ အမူအရာနှင့်ပြလိုက်သည်။

ဘိုထွန်းကလည်း ဥစ္စာစောင့်မကိုမြင်သွားသည်။

ကျွန်တော်တို့အားလုံး အခြေအနေကို အကဲခတ် ကြည့်ရှုနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တော် စောင့်နေတာ ကြာပြီလား ..."

"မကြာသေးပါဘူး ... ဒါနဲ့ ရေသောက်ခဲ့ပြီးမလား ..."

"မသောက်တော့ဘူး မောင်တော် ... ကိုကာကိုလာ သောက်လာပြီးပြီ ..."

ဘိုထွန်း စိတ်ထဲကနေ ဥစ္စာစောင့်မတို့ သိုက်မှာ ဘယ်လိုလို့ ကိုကာကိုလာတွေ ဘာတွေ ရနေသလဲဟု သံသယဖြစ်နေမိသည်။

"နှမတော် ... မောင်တော်ရုပ်ပွင့်လို့ နှမတော်က ကြွမြန်းလာတာဆိုတော့ နှမတော်က ဘယ်သိုက်ကလဲ ..."

"ဟယ် ... ဘယ်ကသိုက်လဲဟုတ်လား ... နှမတော်က ဆီဒိုးနားက ကြွလာတာ ... အဲ့ဒီမှာ လပေးနဲ့နေတာ ..."

ဘိုထွန်းအဖို့ ... တစ်ခုခုတော့ လွဲနေသလိုပင်။ ဥစ္စာစောင့်မက ဆီဒိုးနားဟိုတယ်မှာနေတာ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်။

"မောင်တော့်ကို ရွှေမန်ကျည်းသီးတောင့်ပေးဖို့ ဒီညချိန်းတာပေါ့ဟုတ်လား ..."

"ဘာလို့ ... မန်ကျည်းသီးတောင့်ပေးရမှာလဲ ... ဂျေဒိုးနတ်မှာ မောင်တော့်ကို မုန့်ဝယ်ကျွေးခိုင်းမလို့ ..."



ဘိုထွန်း ခေါင်းစားသွားသည်။ ဥစ္စာစောင့်မက ဂျေဒိုးနတ်တွေ ဘာတွေ သိနေတာ ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်။ သို့သော် နှင်းဆီပန်းရုံကတော့ မနေ့ညကလိုပင် ရှုမြိုနေတာက ထူးခြားလှသည်။

ဘိုထွန်း ဘာလုပ်ရင်ကောင်းမလဲလို့ မြောင်းထဲမှာဝင်နေသူ့ဘက်ကို စိတ်ပျက်လက်ပျက်အမူအရာနှင့် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသွားဖြတ်လမ်းကြားထဲမှ လက်နှိပ်ဓာတ်မီးများနှင့် ဟိုထိုးဒီထိုး ထိုးပြီး လူခုနှစ်ဆယ်ခန့် ဘိုထွန်းတို့ ရှိသည့်ဘက်သို့ လာနေသည်ကို ကျွန်တော်တို့ မြင်လိုက်ရသည်။

"သမီးရေ ... သမီး"

လက်နှိပ်ဓာတ်မီးထိုးသူတစ်ဦးက ပါးစပ်မှ အော်ဟစ်ခေါ်နေရင်းမှ ဘိုထွန်းနှင့် ဥစ္စာစောင့်မကို မြင်တွေ့သွားသည်။

"သမီးလေး ... သမီးလေး"

ခေါ်သံကြားသဖြင့် ဥစ္စာစောင့်မက ဘိုထွန်းကိုကြည့်ရင်း ...

"မောင်တော် ... သူတို့နောက် ပြန်မလိုက်ချင်ဘူး ... "

"သမီးလေး ... အမယ်လေးသမီးလေးရယ် ... "

အခြေအနေတွေကတော့ ရှုပ်ကုန်ပြီ ဖြစ်သည်။ ဆူသံညံသံများကြောင့် လမ်းထဲမှလူတွေလည်း နိုးလာကြသည်။

ကျွန်တော်တို့တစ်တွေလည်း မြောင်းထဲဝပ်နေရာမှ ဘိုထွန်းတို့ ရှိနေရာသို့ ပြေးသွားလိုက်သည်။ ဥစ္စာစောင့်မကတော့ ဘိုထွန်းကို ဖက်ထားသည်။



"မင်းသိန်း ... ဘယ်လိုဖြစ်တာလဲကွာ ... "

ဘိုထွန်းက စိတ်ပျက်လက်ပျက်ပုံစံနှင့် ကျွန်တော့်ကို ပြောလိုက်သည်။

"ဟေ ... မင်းတို့တွေက အုပ်စုနဲ့ ငါ့သမီးကို ဘာလုပ်မလို့လဲ ... အောင်မာ ... မင်းတို့ ဘာလို့ပုန်းနေရာက ထွက်လာရတာလဲ ... "

အရေးထဲ ဥစ္စာစောင့်မအဖေက ကျွန်တော်တို့ကို ဒေါသတကြီးနှင့် ပြောဆိုလိုက်သည်။ လူတွေကလည်း ကျွန်တော်တို့နား ဝိုင်းလာသည်။

အခြေအနေမှန်ကို မရှင်းပြလျှင် ပြဿနာက ရဲစခန်းသို့ တစ်ပြုံကြီး ရောက်သွားနိုင်သဖြင့် ကျွန်တော်ကပင် အစအဆုံး ရှင်းပြရပေတော့သည်။ ထို့အပြင် ဘိုထွန်းမိဘ မောင်နှမတွေကလည်း မနေ့ညက အဖြစ်အပျက်ကို အသေးစိတ်ရှင်းပြတော့မှပဲ ဥစ္စာစောင့်မဆိုသူ၏ အဖေက ကျွန်တော်တို့ကို ပြန်တောင်းပန်ပါသည်။

"သမီးက ... ငယ်ငယ်လေးကတည်းက သူ့ကိုယ်သူ သိုက်ကဆိုတာဆိုပြီး အမြဲပြောတယ် ... ပြီးတော့ နှင်းဆီရနံ့ရေမွှေးကိုလည်း အမြဲသုံးတာ ... ဦးတို့ကလည်း ရှေးရိုးအစွဲအလမ်းတွေဘာတွေယုံတော့ အဲ့ဒါက သမီးလေးကို ပိုဆိုးစေတာပဲ ... ဆယ်တန်းအောင်တော့ သမီးရဲ့စွဲလမ်းမှုက ပိုဆိုးလာတယ် ... ပထမတော့ ဦးတို့ သတိမထားမိဘူး၊ နောက်တော့ သမီးက ... ညဘက်ဆို မအိပ်ဘဲ ဒီနှန်းဝတ်နန်းစားတွေနဲ့ သန်းခေါင်ကျော်ရင် အိမ်က ခိုးထွက်တော့တာပဲ ... မနက်မိုးလင်းမှ အိမ်ပြန်ရောက်လာတာ ... အဲ့ဒါ ဦးတို့က သတိမပြုတ်စောင့်အိပ်တာ မနေ့ညက ဦးတို့အလစ်မှာ ခိုးထွက်သွားလို့ ဒီလိုဖြစ်ရတာ ... ဦးတို့က ဒီရပ်ကွက် နှစ်ရပ်ကွက်ကျော်ကပါ ... ပြောင်းလာတာ သိပ်မကြာသေးဘူး ... နက်ဖြန်ဆို အသင်္ချေ ... "

ဦးလေးကြီးစကားအဆုံး ... ကျွန်တော့်သူငယ်ချင်း အားလုံးက ကျွန်တော့်ကို ဝိုင်းကြည့်ကြသည်။

www.burmeseclassic.com

"ဦးလေးရာ … ဒါမျိုးက စိတ်ကျန်းမာရေးဆေးရုံကို ပို့သင့်တယ်၊ နို့မို့ ညဘက်ဒီလိုထွက်နေရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ"

ကျွန်တော့်ခမျာ ထိုစကားသာ ပြောဆိုနိုင်ပါတော့သည်။



"မင်းသိန်း ကံကောင်းလို့ပေါ့ကွာ … ရုပ်ပွင့်လို့ ဥစ္စာစောင့်မ
လာပြတာဆို တော်သေးတာပေါ့ တစ္ဆေဆရာရယ် ထောင်နန်းစံရတေ
မလို့ …"

ဘိုထွန်းက တောက်တစ်ခေါက်ခေါက်နှင့် ပြောလို့မဆုံး။

"အိပ်ရေးပျက်တယ်၊ ခြင်ကိုက်တယ် … ဒီမှာ တစ္ဆေဆရာ မောင်
ရဲ့ နောက်ဆို မောင်ရင်ရဲ့ အကြံပေးချက်ကြောင့် လိုက်ကြည့်မိရင်
ဟောဒီကမ္ဘာကြီးမှာ ကိုအုန်းကျော်ဆိုတဲ့လူတစ်ယောက် မရှိတော့ဘူး
မှတ်၊ ဘာဖြစ်လို့လဲဆို မတင်မိန့်သွားနေလို့ပေါ့ …"

အရေးထဲ ကိုအုန်းကျော်က ကလိလိုက်သည်။

"ကိုမင်းသိန်း … သိပ္ပံခေတ်ကြီးမှာ ဒါတွေ ယုံမနေပါနဲ့ အစ်
ရာနော်"

ဖိုးသားကလည်း အားပေးစကားဆိုပါသည်။

"မင်းသိန်း … အခုချိန်မှာ မင်းဘာလုပ်ရမလဲ သိလား"

အရေးထဲ ကျော်ကြီးက မေးခွန်းတွေထုတ်နေပါသေးသည်။

"သိတယ် … သိတယ် … နက်ဖြန်ကစပြီး တစ္ဆေဆရာ

www.burmeseclassic.com



စွန့်လွှတ်ပြီး အဲဒီတစ္ဆေဆရာလုပ်နည်းကျမ်းစာအုပ်ကိုလည်း မီးရှို့ပစ်မယ်၊ ဘယ့်နှဲ့ကွာ … အရှုးမနဲ့ ဥစ္စာစောင့်မ မှားတတ်တယ်လို့ ငါ့အလွဲထဲမှာ ဒီအလွဲက အဆိုးဆုံးပဲ … ငါ့ဘဝမှာ ဟာခနဲ ဟင်ခနဲ အမှန်သက်သေမပြနိုင်တာကိုပဲ ငါ ရင်နာပါတယ်ကွာ … ”

ထိုစကားကို ကျွန်တော် ကြေကွဲစွာပြောဆိုလိုက်ခြင်းပင် ဖြစ်ပါသည်။

တစ္ဆေဆရာဆိုသောအမည်နာမသည် နက်ဖြန်မှစ၍ ကွယ်ပျောက်ပါတော့မည်။



အရဏ်တောင် တက်ပါတော့မည် … ။ ဘိုထွန်းတို့လမ်းကလေး ကျွန်တော်တို့ပြန်လာချိန်ထိ ပြဿနာဖြစ်တာလည်း ဘာမှမသိဘဲ နှစ်နှင့် ရှိုက်ကြီး ကင်းစောင့်သူနှစ်ယောက်ကတော့ အိပ်စက်နေဆဲ အိပ်မက်ကောင်းနေဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့
တစ္ဆေဆရာမများ
ကိုယ့်ဘာသာကိုယ် ခြောက်ခံလိုက်ရတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ဘဝမှာ ကျွန်တော်သည် မထင်မှတ်ပဲ ကောက်ရခဲ့သည့် 'တခွေ့ဆေးရာလုပ်နည်းကျမ်း' စာအုပ်ကြောင့် အလွဲအလွဲအချော်ချော်ဖြစ်ခဲ့ရသည်။ ယခုအခါမှာတော့ ထိုကျမ်းစာအုပ်သည်လည်း ကျွန်တော် မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ပြာအဖြစ် ဖြစ်ခဲ့ရပြီဖြစ်ပါသည်။

တခွေ့၊ သရဲ၊ ကြုပ်၊ ဥစ္စာစောင့်ကိစ္စတွေကိုလည်း စွန့်လွှတ်ခဲ့ပြီ ဖြစ်ပါသည်။

ဝမ်းအသာဆုံးကတော့ ကျွန်တော့်ချစ်သူ ခင်မေဦးပင်ဖြစ်ပါသည်။

ဘာကြောင့်လဲဆို ကျွန်တော့်မှာ လူလိုသူလိုပြောနိုင်သော အလုပ်တစ်ခုက ရရှိနေပြီဖြစ်ပါသည်။

အင်္ဂလိပ်စာနှင့် ဘွဲ့ရခဲ့သောကြောင့် နိုင်ငံခြား Tour ကုမ္ပဏီ တစ်ခုမှာ စီစဉ်သူအဖြစ် လစာကောင်းကောင်းရပါသည်။

ထို့အတွက်တော့ ခင်မေဦးနှင့်ကျွန်တော် အနာဂတ်ဘဝခရီးလမ်း ပြောင်ဖြူးခဲ့ပြီ ဖြစ်ပါသည်။

နှစ်ဖက်မိဘလူကြီးသူမများ၏စီစဉ်မှုကြောင့် အကူးပြောင်းမခံ့တော့ဘဲ ယနေ့မှာ ကျွန်တော်တို့နှစ်ယောက် တရားရုံးမှာ လက်ထပ်ခဲ့ကြသည်။

www.burmeseclassic.com



သူငယ်ချင်းအပေါင်းအသင်းများကို ယနေ့ လက်ထပ်သည့်ညမှာ စားသောက်ဆိုင်မှာ လိုက်ကျွေးပြီး … ညဆယ့်တစ်နာရီထိုးမှ ကျွန်တော့် အိမ်သို့ ခင်မေဦးနှင့်ကျွန်တော် ပြန်လာခဲ့ကြသည်။

မင်္ဂလာဦးညအဖြစ် ကျွန်တော်နှင့်ခင်မေဦးအတွက် မင်္ဂလာခန်းဝင် ခုတင်အိပ်ရာတို့ကို ကျွန်တော့်သူငယ်ချင်းများက နေ့လယ်ကတည်းက လက်ဖွဲ့ခဲ့ပြီး လင်စုံမယားစုံ သားနှင့်သမီးမွေးခဲ့သော ကျွန်တော့်ခေါင်းရင်း နှစ်အိမ်ကျော်မှ ကိုဆန်နီတို့လင်မယားကလည်း ပြင်ဆင်ပြီးသွားပြီဖြစ်သည်။

ကျွန်တော်နှင့် ခင်မေဦးတို့ ကျွန်တော့်အခန်းဘုံခါးကိုဖွင့်ပြီး အခန်း ထဲသို့ဝင်လိုက်ကြသည်။

အဖေနှင့် အမေကတော့ အိမ်ရှေ့ခန်းမှာ မြန်မာဗီဒီယိုဇာတ်ကား တစ်ကားကိုကြည့်နေဆဲဖြစ်သည်။

"တစ်နေ့လုံး ပင်ပန်းလိုက်တာဟာ … "

ခင်မေဦးက … မှန်တင်ခုံရှေ့မှာ တဘက်ဖြင့် နဖူးပြင်မှထွက်သော ချွေးများကို သုတ်လိုက်သည်။

"ငါလည်း ပင်ပန်းတာပါပဲ … "

ကျွန်တော်က အဆင်သင့်ထောင်ထားသော ခြင်ထောင်ကိုဖွင့်ပြီး တုံးလုံးပစ်လှဲချဖို့ ခြင်ထောင်ကို မ,တင်လိုက်သောအခါ မြင်လိုက်ရသော အရာကြောင့် ကျွန်တော်သာမက ခင်မေဦးပါ ပြိုင်တူလန့်ဖြန့်ပြီး အော် လိုက်ကြသည်။

"အား … "

ကျွန်တော်တို့အိပ်ရာခင်းအလယ်မှာ အရိုးခေါင်းတစ်ခုကို တွေ့ လိုက်ရသောကြောင့် ဖြစ်ပါသည်။

ခင်မေဦးနှင့် ကျွန်တော် … ကြောက်လန့်ပြီး တစ်ယောက်ကို တစ်ယောက် ဖက်မိလျက်သားဖြစ်သွားပါသည်။

"သိပ်လန့်သွားသလား မောင်မင်းသိန်း … မလန့်ပါနဲ့ကွာ … တမင် တကာ ဘ့ငွေ့ဆရာဘဝက ပင်ပင်ယူတဲ့ မင်းကို စ,လိုက်တာပါ"



ကျော်ကြီးက ရယ်မောရင်းမှ အခန်းထဲကိုဝင်လာသည်။ သူ့နောက် မှာ ဘိုထွန်း၊ ကိုအုန်းကျော်နှင့် ဖိုးသားတို့က လိုက်ပါလာသည်။

ကျော်ကြီးက မွေ့ရာခင်းထားသော အိပ်ရာခင်းအလယ်မှ အရိုး ခေါင်းကိုကောက်ယူလိုက်သည်။

"ဟဲ့ … နင်တို့လင်မယားနှစ်ယောက် သိပ်လန့်မနေနဲ့ … တစ္ဆေ ဆရာလုပ်ခဲ့ဖူးတဲ့ … မင်းသိန်းကို စ,ချင်လို့ နိုင်ငံခြားကလာတဲ့ ဟော် အရိုးခေါင်း ကစားစရာပလတ်စတစ်အရုပ်နဲ့ စ,လိုက်တာ … ကဲ … ဘယ်လ် လဲ မင်းသိန်း … သိပ်ကြောက်သွားသလား"

ကျွန်တော်က ဘာစကားမှမဆိုရသေးခင်မှာပင် ဘိုထွန်းက …

"တစ္ဆေဆရာ … မင်း ဘာတတ်နိုင်သေးလဲ … နည်းနည်းတော့ ကြောက်သွားတယ်မဟုတ်လား … "

ဟုတ်တော့ ဟုတ်ပါသည်။ တစ်ခါက တစ္ဆေဆရာဖြစ်ခဲ့ဖူးသော ကျွန်တော် နည်းနည်းလန့်သွားပါသည်။ သို့သော် သူတို့ကို ကျွန်တော် စကားတစ်ခွန်းပြောလိုက်ပါသည်။

"ဟေ့ကောင်တွေ … မင်းတို့မှတ်ထားပါ အကြောက်ဆုံးက တစ္ဆေ သရဲမဟုတ်ဘူးကွ … အခုမှ တရားဝင်ဇနီးမယားဖြစ်ခဲ့တဲ့ ငါ့ချစ်သူ ငါ့ဇနီး ခင်မေဦးမုန်းမှာ အကြောက်ဆုံးကွ … "

သူငယ်ချင်းတွေအားလုံး ဝိုင်းရယ်ကြပါသည်။ အိမ်ရှေ့မှာ ဗီဒီယို ကြည့်နေသော ကျွန်တော့်မိဘနှစ်ပါးလည်း ရယ်နေကြပါသည်။

ကျွန်တော့်ချစ်ဇနီးမယား ခင်မေဦးကလည်း ရယ်ပါသည်။

ကျွန်တော်ကတော့ ရယ်တာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ရယ်မောမှုတွေအောက်မှာ ကျွန်တော် အလွဲတွေဖြစ်ခဲ့သော တစ္ဆေဆရာဘဝကို မေ့နေတာကအမှန်ပင် ဖြစ်ပါတော့သည်။

အခုကျမှ တကယ် တည့်သွားတာပါ။

ပြီး။

BURMESE CLASSIC

www.burmeseclassic.com